EITI Extractive Industries Transparency Initiative



# အီးအိုင်တီအိုင် စံနှုန်း ၂၀၁၆

## သဘာဝသယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး

**EITI International Secretariat** 24 May 2017

# အပိုင်း ၁

## ၁။ အီးအိုင်တီအိုင်စံနှုန်း အကောင်အထည်ဖော်ခြင်း

ယူကေအစိုးရက ၂၀၀၃ ခုနှစ်တွင် လန်ဒန်မြို့၌ ဦးစီးကျင်းပခဲ့သော လန်ကက်စ်တာဟောက်စ်ကွန်ဖရင့် (ညီလာခံ)သို့ အစိုးရများ၊ ကုမ္ပဏီများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပါသည်။ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေး ကဏ္ဍတွင် ငွေပေးချေမှုများနှင့် အခွန်အကောက် ကောက်ခံမှု ကိစ္စများ ပွင့်လင်းမြင်သာမှု ပိုမိုတိုးတက်စေရန် အခြေခံမူများ ဖော်ပြချက်တစ်ရပ်ကို ၄င်းတို့က သဘောတူညီခဲ့ကြပါသည်။ ယင်းတို့အား အီးအိုင်တီအိုင် အခြေခံမူများ အဖြစ် သိရှိလာကြပြီး ယင်းတို့သည် အီးအိုင်တီအိုင်၏ အခြေခံအုတ်မြစ်ပင်ဖြစ်ပါသည်။

### ပုံ (၁) အီးအိုင်တီအိုင် အခြေခံမူများ

၁။ ကျွန်ုပ်တို့၏ ယုံကြည်ချက်တစ်ရပ်ကို ဝေမျှရမည်ဆိုလျှင် သဘာဝသယံဇာတမှ ရရှိသည့် ဓနအင်အားကို ဆင်ဆင်ခြင်ခြင်ထုတ်ယူ အသုံးပြု ခြင်းသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုကူညီပေးနိုင် သော စဉ်ဆက်မပြတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အင်ဂျင်တစ်ခုဖြစ်ပါသည်။ ထိုသို့မဟုတ်ပဲ ကောင်းမွန်စွာစီမံခန့်ခွဲမှု မပြုလုပ်နိုင်ပါက စီးပွားရေးနှင့် လူမှုရေးတွင် အနှုတ်သဘောဆောင်သော (အနှုတ်လက္ခဏာ) ထိခိုက်မှုများကို ဖန်တီးပေးနိုင်ပါသည်။

၂။ တိုင်းပြည်တစ်ပြည်ရှိ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သဘာဝ သယံဇာတအင်အားကို စီမံခန့်ခွဲခြင်းသည် အချုပ်အခြာ အာဏာပိုင် အစိုးရများက ပြည်သူလူထု အမျိုးသား အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်မှု နယ်ပယ်တွင်း ရှိနေသည်ဟု ကျွန်ုပ်တို့အနိုင်အမာ အတည်ပြုပါသည်။

၃။ သဘာဝသယံဇာတဖော်ထုတ်လုပ်ရေးမှ ရရှိသောအကျိုးအမြတ်များသည် အခွန်အကောက် ကောက်ခံမှု လမ်းကြောင်းတွင်နှစ်များစွာ စီးဝင်နေပြီး ဈေးနှုန်းပေါ်တွင် များစွာ မှီခိုနေကြောင်းကို ကျွန်ုပ်တို့အသိအမှတ် ပြုပါသည်။

၄။ အချိန်ကာလအလျောက် အစိုးရ၏ အခွန်အကောက်ရငွေများနှင့် အသုံးစရိတ်များအပေါ် ပြည်သူလူထု၏ နားလည်သဘောပေါက်မှုက ပြည်သူလူထုအခြေအတင် ဆွေးနွေးမှုကို အထောက်အကူပြုနိုင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် လျော်ကန်သင့်မြတ်ပြီး အမှန် တကယ် ဖြစ်နိုင်မည့် ရွေးချယ်ပိုင်ခွင့် များကို ရွေးချယ်နိုင်သည့် သတင်း အချက်အလက်များကို ပေးနိုင်ကြောင်း ကျွန်ုပ် တို့အသိအမှတ်ပြုပါသည်။

၅။ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အစိုးရနှင့် ကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှု၊ အရေးပါမှုနှင့် ပြည်သူလူထု ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် တာဝန်ခံမှုတို့ကို မြှင့်တင်ရန် လိုအပ်ချက်တို့ကို ကျွန်ုပ်တို့ အထင်အရှား ထောက်ပြပါသည်။

၆။ ပွင့်လင်းမြင်သာမှု ပိုမိုရရှိစေရန် ကန်ထရိုက်များနှင့် ဥပဒေများ အား ဆက်စပ်လေးစားမှု ပေါ်တွင် အခြေတည်ရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။

၇။ ပြည်တွင်း နှင့် ပြည်ပတို့တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ယူဆောင်လာမည့် ဘဏ္ဍာရေး ပွင့်လင်းမြင်သာမှုကို အသိအမှတ်ပြု မြှင့်တင်ထားသော ပတ်ဝန်း ကျင်က ယူဆောင်ပေးနိုင်မည်ဟု ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။

၈။ အခွန်အကောက်ရငွေလမ်းကြောင်းများနှင့် ပြည်သူလူထုအသုံးစရိတ်များ ထိန်းသိမ်းစောင့်ရှောက်မှုအတွက် နိုင်ငံသားအားလုံး အပေါ် အစိုးရတာဝန်ခံ တာဝန်ယူမှု အခြေခံမူနှင့် လက်တွေ့ကျင့်သုံးမှုအပေါ်တွင် ကျွန်ုပ်တို့ယုံကြည်ပါသည်။

၉။ ပြည်သူလူထု၏ ဘဝ၊ အစိုးရ၏ လုပ်ငန်းလုပ်ဆောင်မှုများနှင့် စီးပွားရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု ဆိုင်ရာ စံနှုန်းများ မြင့်မားလာစေရေးကို အားပေးရန် ကျွန်ုပ်တို့ကတိကဝတ်ပြုကြပါသည်။

၁၀။ ငွေပေးချေမှုများနှင့် အခွန်အကောက်ရငွေများကို ထုတ်ဖော်ပြသရန် ကျယ်ကျယ်ပြန့်ပြန့် ရှေ့နောက်ညီညွတ်၍ လုပ်ကိုင်လွယ်သော ချဉ်းကပ်မှုတစ်ရပ် လိုအပ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ယင်းတို့သည် ဆောင်ရွက်ရန်နှင့် အသုံးပြုရန် လွယ်ကူပါသည်။

၁၁။ နိုင်ငံတစ်နိုင်ငံ၏ ငွေပေးချေမှုများ ထုတ်ဖော်ပြသမှုတွင်း ယင်းနိုင်ငံတွင်း တွင်းထွက်သယံဇာတများ တူးဖော်ထုတ်လုပ်နေကြသည့် ကုမ္ပဏီအားလုံး ပါဝင်သင့်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

၁၂။ အဖြေများကို ရှာရာတွင် ပါဝင်ပတ်သက်ဆက်စပ်သူအားလုံး၌ အရေးပါပြီး သက်ဆိုင်သော ကူညီထည့်ဝင်ဖြေရှင်းမှုများ ရှိသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ယင်းတွင် အစိုးရများနှင့် ၎င်းတို့ အေဂျင်စီများ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့်ကုမ္ပဏီများ၊ ဘက်စုံအဖွဲ့အစည်းများ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ

## ၂။ အီးအိုင်တီအိုင်အဖွဲ့ဝင်လောင်းဖြစ်ရန် လျှောက်ထားခြင်း

အီးအိုင်တီအိုင်လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသည့် နိုင်ငံသည် အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်း နိုင်ငံ ဖြစ်ရန် မလျှောက်ထားမီ ဆောင်ရွက်ရန် လိုအပ်သည့် အဆင့်အချို့ရှိပါသည်။ ဤအဆင့်များသည် အစိုးရ၏ ကတိ ကဝတ်ပြုမှု နှင့် ဆက်နွှယ်နေပါသည်။ (၁.၁)။ကုမ္ပဏီများနှင့် ချိတ်ဆက်မှု (၁.၂)။ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှု (၁.၃)။ သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့ တည်ဆောက် ဖွဲ့စည်းမှု (၁.၄) နှင့် အီးအိုင်တီအိုင်ရှေ့လုပ်ငန်းစဉ်တစ်ရပ်ပေါ်တွင် သဘောတူ ညီချက် (၁.၅) တို့နှင့် ဆက်နွှယ်နေပါသည်။ စာမျက်နှာ ၁၆ – ၂၀ ပေါ်တွင် ဖော်ပြထားသည့်အသေးစိတ်သတ်မှတ်ချက်များနှင့် ဆက်နွှယ်နေပါသည်။ ဤအဆင့်များကို ဖြည့်ဆည်းပြည့်မြောက် ပြီး အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်းနိုင်ငံတစ်နိုင်ငံ အဖြစ် အသိ အမှတ်ပြုခံလိုသည့် ဆန္ဒရှိသည့်အခါ အစိုးရသည် အီးအိုင်တီအိုင်ဘုတ်အဖွဲ့သို့ အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်းလျှောက်လွှာကို တင်သွင်းရမည်ဖြစ်ပါသည်။(ပုံ (၂) ကိုကြည့်ပါ)

### ပုံ ၂ အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်းဖြစ်ရန် လျှောက်ထားခြင်း

နိုင်ငံတစ်နိုင်ငံသည် အဖွဲ့ဝင်လောင်း မလျှောက်ထားမီ ကြိုတင်ဆောင်ရွက်ရမည့် အဆင့်များကို ပြည့်စုံစွာ ဖြည့်ဆည်းပြီးနောက် အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်း နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခံလိုသည့်ဆန္ဒရှိပါက သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ပံ့ပိုးမှုဖြင့် သတ်မှတ်ထားသော အဖွဲ့ဝင်လောင်းလျှောက်လွှာပုံစံကို တင်သွင်းရပါမည်။ ယင်းလျှောက်လွှာတွင် လျှောက်လွှာတင်သည့်နေ့အထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းရပ်များနှင့် လုပ်ငန်းအဆင့် တစ်ဆင့်ချင်း ပြည့်စုံပြီးမြောက်အောင် ဆောင်ရွက်ခဲ့သည့် သက်သေအထောက်အထားများကို ဖော်ပြရပါမည်။ လျှောက်လွှာတွင် အီးအိုင်တီအိုင်၌ ပါဝင်သည့် အစိုးရ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍ အကျိုးဆက်စပ်ပတ်သက်သူများ၏ ဆက်သွယ်ရမည့် အချက်အလက်အသေးစိတ်များ ပါဝင်ရပါမည်။ အီးအိုင်တီအိုင် ဘုတ်အဖွဲ့သည် လျှောက်လွှာကို သုံးသပ် မည်ဖြစ်ပြီး ဝင်ခွင့်မလျှောက်ထားမီ ကြိုတင်ဆောင်ရွက်ရ မည့် လုပ်ငန်းအဆင့်များအား မှန်ကန်ပြည့်စုံအောင် ဆောင် ရွက်ခြင်း ရှိမရှိ ဆန်းစစ်ပါလိမ့်မည်။ အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံးက အမျိုးသားအဆင့် အကျိုးဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်၍ ဝင်ခွင့်မလျှောက်ထားမီ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်များအပေါ် ၄င်းတို့၏ အမြင်များကို သေချာအောင်မေးမြန်းခြင်းနှင့် ထောက်ခံသောအစိုးရ၊ နိုင်ငံတကာ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ထောက်ခံသော ကုမ္ပဏီများ၊ ထောက်ခံသော အဖွဲ့အစည်းများနှင့် ရင်းနှီး မြှုပ်နှံသူများထံမှ သဘောထားများကို တောင်းခံပါလိမ့်မည်။ အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံးသည် အစိုးရမှ ခန့်အပ်သော အကြီးတန်းပုဂ္ဂိုလ်များနှင့် နီးကပ်စွာ လုပ်ကိုင်၍ အီးအိုင်တီအိုင် အကောင်အထည်ဖော်ရာတွင် သိသာထင်ရှားသော အခက်အခဲများကို ဖြေရှင်းရန် အလို့ငှာ ဦးဆောင်သွားပါမည်။ ယင်းနှင့် အခြားရရှိနိုင်သော သတင်းအချက်အလက်များအပေါ် အခြေခံ၍ အီးအိုင်တီအိုင်ဘုတ် အဖွဲ့၏ ပြင်ပထောက်ကူနှင့် အဖွဲ့ဝင်လောင်းကော်မတီသည် သင့်တော်သော အချိန်ကာလတစ်ခုအတွင်း အီးအိုင်တီအိုင် ဘုတ်အဖွဲ့သို့နိုင်ငံတစ်နိုင်ငံ၏ လျှောက်ထားမှုအား လက်ခံရန် သင့်မသင့် ထောက်ခံအကြံပြုချက်တစ်ခုကို ပြုလုပ်ပါလိမ့်မည်။ အီးအိုင်တီအိုင် ဘုတ်အဖွဲ့က အပြီးသတ်ဆုံး ဖြတ်ချက်ကို ချပေးလိမ့်မည်။ အီးအိုင်တီအိုင်ဘုတ်အစည်းအဝေးများတွင် အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်းနိုင်ငံ တစ်နိုင်ငံအား ဝင်ခွင့်ပေးခြင်းနှင့် ပတ်သက်သည့် ဆုံးဖြတ် ချက်များကိုချမှတ်ရန် အီးအိုင်တီအိုင် ဘုတ်အဖွဲ့မှ တာဝန်ခံမည်။

အကယ်၍ အစည်းအဝေးများ အကြား အချိန်ကြာသည့်အခါများ၌ အီးအိုင်တီအိုင် ဘုတ်အဖွဲ့အနေဖြင့် ဘုတ်အဖွဲ့ဝင်များအကြား ဖြန့်ဝေခြင်းမှတစ်ဆင့် ဆုံးဖြတ်ချက်ရယူရန် စဉ်းစားနိုင်ပါသည်။

အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်း အဖြစ် နိုင်ငံတစ်နိုင်ငံကို လက်ခံလိုက်သောအခါ အီးအိုင်တီအိုင် ပထမအစီရင်ခံစာနှင့် အကဲဖြတ်ခြင်းတို့ကို ပြီးစီးအောင် ဆောင်ရွက်ရမည့်အချိန်များကို သတ်မှတ်ပါလိမ့်မည်။ အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်း နိုင်ငံအဖြစ် သတ်မှတ်ခံရသော နိုင်ငံအနေဖြင့် ယင်းလက်ခံခဲ့သည့် ရက်စွဲမှ ၁၈လအတွင်း အီးအိုင်တီအိုင် ပထမအစီရင်ခံစာကို ထုတ်ပြန်ရမည်ဖြစ်ပါသည်။ အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်း နိုင်ငံများသည် အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်း ဖြစ်လာသည့် နှစ် နှစ်ခွဲကာ လအတွင်း တိုက်ဆိုင်စစ်ဆေးခြင်းကို စတင်ရန် လိုအပ်ပါလိမ့်မည်။ ပြီးစီးရန် အချိန်များဆိုင်ရာ မူဝါဒများနှင့် ပတ်သက် သည့် သတင်းအချက်အလက်များကိုပြဋ္ဌာန်းချက်

## ၂။ အီးအိုင်တီအိုင်အဖွဲ့လောင်းဖြစ်ရန် လျှောက်ထားခြင်း

(၈) တွင် ရရှိနိုင်ပါသည်။

ဤအခန်း၌ အီးအိုင်တီအိုင်အကောင်အထည်ဖော်သည့်နိုင်ငံများက ထိန်းသိမ်းလိုက်နာရမည့် လိုအပ်ချက်များကို သတ်မှတ်ထုတ်ပြန်အပ်ပါသည်။ အကောင်အထည်ဖော်သည့် နိုင်ငံများမှာ အုပ်စု နှစ်စု ရှိပါသည်။ အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်းနှင့် အီးအိုင်တီအိုင် တင်းပြည့်အဖွဲ့ဝင်ဟူ၍ ဖြစ်ပါသည်။ အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်း နိုင်ငံသည် တဖြည်းဖြည်း အချိန်အားလျော်စွာ အီးအိုင်တီအိုင် စံနှုန်းများနှင့် ကိုက်ညီသည့် နိုင်ငံအဖြစ်သို့ ရောက်ရှိစေရန် ရည်ရွယ်ပါသည်။ အီးအိုင်တီအိုင် တင်းပြည့်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာစေရန်အလို့ငှာ အကောင်အထည်ဖော်သော နိုင်ငံများသည် အကဲဖြတ်စစ်ဆေးခြင်းလုပ်ငန်း မှတစ်ဆင့် အီးအိုင်တီအိုင်၏ လိုအပ်ချက်အားလုံး နှင့် ကိုက်ညီအောင် ဆောင်ရွက် လျက်ရှိကြောင်း ပြသကြရမည် ဖြစ်ပါသည်။ အကဲဖြတ်စစ်ဆေးခြင်းလုပ်ထုံးလုပ်နည်းများကို အခန်း (၄)တွင် သတ်မှတ်ထုတ်ပြန်ထားပါသည်။

အီးအိုင်တီအိုင် လိုအပ်ချက်များသည် အနည်းဆုံး လိုအပ်ချက်များဖြစ်ပြီး အကောင်ထည်ဖော်သည့် နိုင်ငံများအနေဖြင့် အကျိုးဆက်စပ်ပတ်သက်သူများက လျော်ကန်ညီညွတ်သည်ဟု သဘောတူသော ကိစ္စရပ်များတွင် လိုအပ်ချက်များထက် ကျော်လွန်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အားပေးပါသည်။ လိုအပ်ချက်များကို အသေအချာ ကိုက်ညီအောင် အကောင်းဆုံးမည်သို့ ဆောင်ရွက်မည် ဆိုသည့် ထပ်ဆောင်း လမ်းညွှန်ချက်စာရွက်စာတမ်းများကို **www.eiti.org** တွင် ရရှိနိုင်ပြီး အကျိုးဆက်စပ်ပတ်သက်သူများအား ယင်းစာရွက်စာတမ်းများကို ဖတ်ရှု၍ အကြံဉာဏ်ရယူရန် အားပေးပါသည်။

## ဝေါဟာရအသုံးအနှုန်း

အီးအိုင်တီစံနှုန်းတွင် ရေးသားအသုံးပြုထားသော **must, should, required** စကားလုံးတို့က ကိစ္စတစ်ရပ်အား စည်းကမ်းချက်အရ မလုပ်မနေလုပ်ရသည်ကို ညွှန်းဆိုပါသည်။ ယင်းတို့ကို အီးအိုင်တီအိုင်စံနှုန်းအပေါ်လိုက်နာမှုကို အကဲဖြတ်ဆန်းစစ်ရာတွင် ထည့်သွင်းစဉ်းစားရမည်ဟု ဆိုလိုပါသည်။

အီးအိုင်တီအိုင်စံနှုန်းတွင် ရေးသား အသုံးပြုထားသော **expected** စကားလုံးက သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် တင်ပြသည့်ကိစ္စကို စဉ်းစားရမည်ဖြစ်ပြီး ၄င်းတို့၏ ဆွေးနွေးချက်များဖြစ်သည့် ထုတ်ဖော်ပြသမည့်ကိစ္စများ၊ ထုတ်ဖော်ပြသခြင်းမပြုသည့် ကိစ္စရပ်များ၏ အကြောင်းပြချက်နှင့် ထုတ်ဖော်ပြသရန်အတွက် မည်သည့်အတားအဆီးများရှိသည်တို့ကို မှတ်တမ်းတင်ထားရပါမည်။ အကဲဖြတ်ဆန်းစစ်ခြင်းက သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့၏ ဆွေးနွေးချက်များကို ထည့်သွင်းစဉ်းစား၍ မှတ်တမ်းတင်ထားပါလိမ့်မည်။

**recommended, encounged, may wish** နှင့် **could** စကားလုံးများကို အီးအိုင်တီအိုင် စံနှုန်းတွင် အသုံးပြုသည့်အခါ ယင်းက ကိစ္စတစ်ခုခုကို လုပ်ဆောင်မည်(သို့)မလုပ်ဆောင်မည်ကို ရွေးချယ်နိုင်ခြင်းကို ညွှန်းဆိုပါသည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ပြန်လည်ဆန်းစစ်အတည်ပြုမှု ပြုလုပ်ရာတွင် မှတ်တမ်းတင်မည်ဖြစ်သော်လည်း အီးအိုင်တီအိုင် စံနှုန်းလိုက်နာမှုကို လွှမ်းခြုံအကဲဖြတ် စီစစ် ရာတွင် ထည့်သွင်း စဉ်းစားလိမ့်မည် မဟုတ်ပါ။

ထုတ်ဖော်တင်ပြခြင်း စနစ်တစ်ခုအဖြစ် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာတစ်ခုတွင် **EITI Report** (အီးအိုင်တီအိုင်အစီရင်ခံစာ)ဟူသော စကားလုံးက အီးအိုင်တီအိုင် စံနှုန်းနှင့်အညီ ထုတ်ဖော်တင်ပြရမည့် သတင်းအချက်အလက်နှင့် အချက်အလက်များကို အတိုချုံး ဖော်ပြထားခြင်း ဖြစ်သည်။ အချက်အလက်များကို အီးအိုင်တီအိုင် အစီရင်ခံစာတွင် ထုတ်ဖော် တင်ပြနိုင်ပါသည်။ သို့မဟုတ် အချက်အလက်သည် ပြည်သူလူထု ရရှိနိုင်သော သတင်းအချက်အလက် အဖြစ်ရှိနေသည့် အီးအိုင်တီအိုင် လုပ်ငန်းစဉ်အစိတ်အပိုင်း အဖြစ် အချက်အလက်များကို စုဆောင်းခြင်း သို့မဟုတ် အပြန်အလှန် ရည်ညွှန်း ခြင်းဖြစ် နိုင်ပါ သည်။

၁။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ပေါင်းစည်းကြီးကြပ်ထိန်းသိမ်းမှု

## ၁ အီးအိုင်တီအိုင် လိုအပ်ချက် ၁

၁။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ပေါင်းစည်းကြီးကြပ်ထိန်းသိမ်းမှု

**ခြုံငုံသုံးသပ်ချက်။** အီးအိုင်တီအိုင်သည် အစိုးရ၊ ကုမ္ပဏီများနှင့် တက်တက်ကြွကြွနှင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်သည့် အရပ်ဖက် လူမှုအဖွဲ့အစည်းများ သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့၏ ထိရောက်စွာ ပေါင်းစည်းကြီးကြပ်ထိန်းသိမ်းမှုတို့ကို လိုအပ်ပါသည်။ ယင်းနှင့်ဆက်နွယ် သော အဓိက လိုအပ်ချက်များတွင် (၁.၁) အစိုးရ၏ ပါဝင်ဆောင်ရွက်မှု ၊ (၁.၂) ကုမ္ပဏီများ ၏ ပါဝင်ဆောင်ရွက်မှု၊ (၁.၃)အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှု၊ (၁.၄) သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့ ဖွဲ့စည်းတည် ဆောက်မှုနှင့် လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်မှု (၁.၅) အီးအိုင်တီအိုင် အကောင်အထည်ဖော်ဆောင်ရေး ရှင်းလင်းသော ရည်မှန်းချက်များ နှင့် သဘောတူညီထားသော ရှေ့လုပ်ငန်းအစီအစဉ်များ **EITI** ဘုတ်အဖွဲ့မှ သတ်မှတ်ထားသော ပြီးစီးရမည့်အချိန်များနှင့် ကိုက်ညီစွာ ရေးဆွဲ ထားသည့် အချိန်ဇယားတစ်ခု တို့ပါဝင်ပါသည်။

### ၁.၁ အစိုးရ၏ ပါဝင်ဆောင်ရွက်မှု

(က) အစိုးရအနေဖြင့် အီးအိုင်တီအိုင် အကောင်အထည်ဖော်မည့် ရည်ရွယ်ချက်အား ပြတ်ပြတ်သားသား ပြည်သူလူထု သိရှိစေရန် ရှင်းလင်းချက် တစ်ရပ်ကို ထုတ်ပြန်ပေးရန် လိုအပ်ပါသည်။ ယင်းထုတ်ပြန်ချက်ကို အစိုးရ အကြီးအကဲ (သို့) အာဏာလွှဲအပ်ထားသော အစိုးရကိုယ်စားလှယ်များမှ ပြုလုပ်ရပါမည်။

(ခ) အစိုးရအနေဖြင့် အီးအိုင်တီအိုင် အကောင်အထည်ဖော်မှုကို ဦးဆောင်ရန် အကြီးတန်း ပုဂ္ဂိုလ်တစ်ဦးအား ခန့်အပ်တာဝန်ပေးရန် လိုအပ်ပါသည်။ ခန့်အပ်တာဝန်ပေးခံရသူသည် ပါဝင်ပတ်သက်ဆက်စပ်သူ အားလုံး၏ ယုံကြည်မှုကိုရရှိသူ ဖြစ်ရမည်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အေဂျင်ဆီများအကြား အီးအိုင်တီအိုင်လုပ်ငန်းများ လုပ်ကိုင်ရန် လုပ်ပိုင်ခွင့် နှင့် လွတ်လွတ်လပ်လပ် ညှိနိုင်းခွင့်ရှိရမည်။ အီးအိုင်တီအိုင် အကောင်အထည်ဖော်ရန်အတွက် အရင်းအမြစ်များကို ရယူလှုပ်ရှားနိုင်စွမ်းရှိသူဖြစ်ရမည်။

(ဂ) အီးအိုင်တီအိုင်လုပ်ငန်းစဉ်တွင် အစိုးရသည် အပြည့်အဝ တက်တက်ကြွကြွ နှင့် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ရမည်။

(ဃ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တွင် အစိုးရအကြီးတန်းအရာရှိများအား အစိုးရကိုယ်စားလှယ်အဖြစ် ပါဝင်ရန် အစိုးရက အသေအချာ တာဝန်ယူရမည်။

### ၁.၂ ကုမ္ပဏီများ၏ ပါဝင်ဆောင်ရွက်မှု

(က) ကုမ္ပဏီများသည် အီးအိုင်တီအိုင် လုပ်ငန်းစဉ်တွင် အပြည့်အဝ တက်တက်ကြွကြွ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ရမည်။

(ခ) အစိုးရသည် ကုမ္ပဏီများ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အီးအိုင်တီအိုင် အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့် အုပ်ချုပ်မှုဆိုင်ရာ နည်းဥပဒေများနှင့် အမှန်တကယ် ကျင့်သုံးမှုများကို လုပ်သာကိုင်သာ ရှိသည့် ပတ်ဝန်းကျင်တစ်ခုဖြစ်စေရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) အစိုးရအနေဖြင့် အီးအိုင်တီအိုင် လုပ်ငန်းစဉ်တွင် ကုမ္ပဏီများ ပူးပေါင်းပါဝင်နိုင်စေရေးအတွက် အခက်အခဲ အဟန့်အတားများ မရှိစေရန် ဆောင်ရွက်ပေးရမည်။

### ၁.၃ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှု

အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ ဆက်ဆံပြုမူမှု စည်းကမ်း နှင့်အညီ

(က) အီးအိုင်တီအိုင် လုပ်ငန်းစဉ်တွင် အရပ်ဖက် လူမှုအဖွဲ့အစည်း များသည် အပြည့်အဝ တက်တက်ကြွကြွနှင့် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ရမည်။

၂။ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ ဆက်ဆံပြုမူမှု စည်းကမ်းသည် အီးအိုင်တီအိုင် စံနှုန်း အခန်း(၅)တွင် ပါရှိပါသည်။

၁။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ပေါင်းစည်းကြီးကြပ်ထိန်းသိမ်းမှု

(ခ) အစိုးရသည် အရပ်ဖက် လူမှုအဖွဲ့အစည်းများ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အီးအိုင်တီအိုင် အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာ ဥပဒေများ စည်းမျဉ်းများနှင့် အုပ်ချုပ်မှုဆိုင်ရာ နည်းဥပဒေများနှင့် အမှန်တကယ် ကျင့်သုံးမှုများကို လုပ်သာကိုင်သာ ရှိသည့် ပတ်ဝန်းကျင်တစ်ခုဖြစ်စေရန် စီစဉ်ဆောင်ရွက်ပေးရမည်။ အီးအိုင်တီအိုင် လုပ်ငန်းစဉ်တွင် အမှန်တကယ် ပါဝင်ဆောင်ရွက်လျက်ရှိကြသော သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကတွင် ပါဝင်သော အဖွဲ့ဝင်များ အပါအဝင် အရပ်ဖက် လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ၏ အခြေခံ အခွင့်အရေးများကို လေးစားရမည်။

(ဂ) အီးအိုင်တီအိုင်လုပ်ငန်းစဉ်တွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ပါဝင်ပူးပေါင်းဆောင်ရွက်ရာ၌ မည်သည့် အတားအဆီး အဟန့်အတားမျှ မရှိစေရန် အစိုးရက သေချာစွာ တာဝန်ယူရမည်။

(ဃ) အီးအိုင်တီအိုင် အကောင်အထည်ဖော်ခြင်းနှင့် ဆက်နွယ်၍ ပြည်သူလူထု အခြေအတင် ဆွေးနွေးမှုကို ကျဉ်းမြောင်းစေခြင်း ချုပ်ချယ်ခြင်း ဖြစ်စေနိုင်မည့် လုပ်ငန်းများကို အစိုးရက ရှောင်ကျဉ်ရမည်။

(င) သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့များအပါအဝင် အကျိုးဆက်စပ်ပတ်သက်သူများသည်

၁။ ပွင့်လင်းမြင်သာမှုနှင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ အရေးကိစ္စများပေါ်တွင် လွတ်လပ်စွာ ပြောဆိုနိုင်စွမ်း ရှိရမည်။

၂။ အီးအိုင်တီအိုင် လုပ်ငန်းစဉ်ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်ထည်ဖော်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း နှင့် အကဲဖြတ်ဆန်းစစ်ခြင်းတို့တွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ရမည်။ ယင်းတို့သည် ပြည်သူလူထု အခြေအတင် ဆွေးနွေးရာတွင် အထောက်အကူပြုရမည်။

၃။ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ခွင့်ရှိစေရမည်။

၄။ အီးအိုင်တီအိုင်အကြောင်းကို မည်သည့် ကန့်သတ်ချက် အကြပ်ကိုင်မှု သို့မဟုတ် လက်တုံ့ပြန်ခြင်းမျှ မပါရှိဘဲ သဘောထား ထုတ်ဖော်မှုနှင့် လွတ်လွတ်လပ်လပ် လုပ်ဆောင်နိုင်ခွင့် ရှိရပါမည်။

## ၁.၄ သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့

(က) အစိုးရသည် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ကုမ္ပဏီများ နှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်မည့် ကတိကဝတ်ပြုရန် လိုအပ်ပြီး အီးအိုင်တီအိုင် လုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးကို ပေါင်းစည်းကြပ်မတ်ရန် သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရာတွင် အစိုးရသည်

၁။ အဖွဲ့ဝင်အဖြစ်ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ချက်သည် ရိုးသားပွင့်လင်းမှုရှိရန် အသေအချာ ဆောင်ရွက် ရပါမည်။

၂။ ပါဝင်ပတ်သက်ဆက်စပ်သူများသည် ပြည့်စုံစွာ ကိုယ်စားပြုသူများဖြစ်ရန် သေချာရပါမည်။ ယင်းကိန်းဂဏန်းအရ ညီတူညီမျှ ကိုယ်စားပြုရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ ။ သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့တွင် သင့်တော်သော ကိုယ်စားလှယ်များ ပါဝင်ရပါမည်။ ပါဝင်ရမည့်သူများကို ကန့်သတ်မထားဘဲ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် အခြားအရပ်ဖက် လူမှုအဖွဲ့အစည်းများ ဖြစ်ကြသော မီဒီယာနှင့် သမဂ္ဂများအပါအဝင်နှင့် သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများ ဟုဆိုရာတွင် လွှတ်တော်အမတ်များလည်း ပါဝင်ပါသည်။ ပါဝင်ပတ်သက် ဆက်စပ်သည့်အဖွဲ့တစ်ခုချင်းစီသည် မိမိတို့၏ ကိုယ်စားလှယ်များကို ခန့်အပ်ပိုင်ခွင့်ရှိပါသည်။ ယင်းသို့ခန့်အပ်ရာ၌ သူမတူ ယှဉ်တွဲမှု ကို လက်ခံသော မတူကွဲပြားစွာ ရပ်တည်မှုကို အလေးထားသော ပုဂ္ဂိုလ်များ ပါဝင်စေရေး ဆန္ဒကို စဉ်းစားရွေးချယ်ရပါမည်။ အမည်စာရင်း တင်သွင်းမှုသည် လွတ်လွတ်လပ်လပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ပြီး မည်သည့် အကျပ်ကိုင်အကြံပေးခြင်းမဆို လွတ်ကင်းရပါမည်။ အီးအိုင်တီအိုင် လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သည့် အရပ်ဖက်လူမှုအဖွဲ့အစည်းသည် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ အဖွဲ့ဝင်များအဖြစ် အစိုးရနှင့် သို့မဟုတ် ကုမ္ပဏီများနှင့် မူဝါဒအရ လွတ်လွတ်လပ်လပ်ဆောင်ရွက်သည့် အဖွဲ့ဖြစ်ရပါမည်။

၃။ အဖွဲ့၏ ရပ်တည်မှု ဥပဒေအခြေခံကို ချမှတ်ရန်စဉ်းစားရပါမည်။

၁။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ပေါင်းစည်းကြီးကြပ်ထိန်းသိမ်းမှု

(ခ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် ယင်း၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် ရှင်းလင်းစွာ အသိပေးအပ်သော လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို သဘောတူညီရန် လိုအပ်ပါသည်။

**သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားများနှင့် အခွင့်အရေးများ**

၁။ သုံးပွင့်ဆိုင်ညွှန့်အပေါင်းအဖွဲ့ အဖွဲ့ဝင်များသည် ၄င်းတို့တာဝန်များကို ဆောင်ရွက်ရန်စွမ်းရည်ရှိကြရပါမည်။

၂။ သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့သည် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့်အတူ ထိရောက်သော ကွင်းဆက် ဆောင်ရွက်မှုများကို လုပ်ကိုင်ရပါမည်။ ယင်းတို့တွင် မီဒီယာ၊ ဝက်ဘ်ဆိုဒ်နှင့် စာရေးသားခြင်းမှ တစ်ဆင့် ဆက်သွယ်ခြင်း၊ အီးအိုင်တီအိုင် အကောင်အထည်ဖော်ရန် အစိုးရ၏ ကတိကဝတ် ပြုမှုကိုပါဝင် ပတ်သတ်ဆက်စပ်သူများအား သတင်းပြန်ကြားခြင်း၊ ကုမ္ပဏီများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ဗဟိုချက်ကျသော အခန်းကဏ္ဍမှ ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ အီးအိုင်တီအိုင် လုပ်ငန်းစဉ်မှ ပေါ်ထွက်လာသော ရလဒ်များ ဖြစ်သည့် အီးအိုင်တီအိုင် အစီရင်ခံစာကိုလည်း သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့က ပြည်သူလူထု အတွက် သတင်းအချက်အလက်အဖြစ် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ချီပေးရမည် ဖြစ်ပါသည်။

၃။ သုံးပွင့်ဆိုင်အဖွဲ့ အဖွဲ့ဝင်များသည် မိမိတို့ဆိုင်ရာ ပတ်သက်ဆက်စပ်သည့် နယ်ပယ်ရှိ အဖွဲ့များသို့ ဆက်သွယ်ပြန်ကြားပေးရပါမည်။

**လုပ်ငန်းအစီအစဉ်များ အီးအိုင်တီအိုင်အစီရင်ခံစာများနှင့် နှစ်စဉ် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများအား အတည်ပြုခြင်း**

၄။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် နှစ်စဉ်လုပ်ငန်း အစီအစဉ်များအား အတည်ပြုခြင်း၊ လွတ်လပ်သော တိုက်ဆိုင်စစ်ဆေးသူအား ခန့်အပ်ခြင်း၊ လွတ်လပ်သော တိုက်ဆိုင်စစ်ဆေးသူ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်း၊ အီးအိုင်တီအိုင် အစီရင်ခံစာများ နှင့် နှစ်စဉ်တိုးတက်မှုအစီရင်ခံစာများကို အတည်ပြုရန် လိုအပ်ပါသည်။

၅။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် အီးအိုင်တီအိုင် အစီရင်ခံစာတင်ပြခြင်း လုပ်ငန်းစဉ်ကို စောင့်ကြည့်ကြပ်မတ်ရမည်ဖြစ်ပြီး၊ အကဲဖြတ်မှုစစ်ဆေးခြင်းတွင် ပါဝင်ဆောင်ရွက်ရပါမည်။

**သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တွင်း စီမံအုပ်ချုပ်မှုနှင့် လုပ်ထုံးလုပ်နည်းများ**

၆။ အီးအိုင်တီအိုင်သည် အကောင်အထည်ဖော်သည့် ကာလတစ်လျှောက် အားလုံးပါဝင်သော ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ် လိုအပ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာ၌ ကဏ္ဍနယ်ပယ်တစ်ခုစီကို မိမိ၏ မိတ်ဖက်တစ်ဦး အဖြစ် ဆက်ဆံရမည်ဖြစ်ပါသည်။ မည်သည့် သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ အဖွဲ့ဝင်မဆို ဆုံးဖြတ်ရမည့် အခွင့်အရေး ကိစ္စတစ်ခုကို ဆွေးနွေးရန်တင်ပြခွင့်ရှိပါသည်။ သုံးပွင့်ဆိုင်ညွှန့်အပေါင်းအဖွဲ့ဝင်များသည် အဖွဲ့ဝင်ကိုယ်စားလှယ်များ၏ အမည်စာရင်းတင်သွင်းခြင်း နှင့် ပြောင်းလဲခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ လုပ်ပိုင်ခွင့်ကာလသတ်မှတ်ခြင်း နှင့် အစည်းအဝေး ကျင်းပပြု လုပ်ပိုင်ခွင့် ကာလသတ်မှတ်ခြင်းနှင့် အစည်းအဝေး ကျင်းပပြုလုပ်မည့် အကြိမ်သတ်မှတ်ခြင်းအတွက် ယင်း၏ လုပ်ထုံးလုပ်နည်းများကို သဘောတူ ထုတ်ပြန်အသိပေးရပါမည်။ လိုအပ်ချက် အမှတ် ၁.၄ တွင် သတ်မှတ်ပြဌာန်းထားသော အခြေခံမှုများကို လေးစားသောအားဖြင့် သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ ဝင်များ ပြောင်းလဲခြင်း လုပ်ငန်းစဉ်တစ်ခု ပါဝင်စေရမည်ဖြစ်ပါသည်။ သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့တွင် အီးအိုင် တီအိုင် အစည်းအဝေးများသို့ တတ်ရောက်ကြသော သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့ဝင်များအား နေ့တွက် စရိတ် သို့မဟုတ် အခြားငွေပေးချေမှုများ ပြုလုပ်သည့် လုပ်နည်းလုပ်ဟန် ရှိသည့် နေရာတွင် ယင်းလုပ် နည်းလုပ်ဟန်သည် ပွင့်လင်းမြင်သာမှုရှိရမည်ဖြစ်ပြီး အကျိုးစီးပွား ပဋိပက္ခဖန်တီးခြင်း မဖြစ်စေရပါ။

၇။ အစည်းအဝေးများ ကျင်းပရာ၌ လုံလောက်သောကြိုတင်အသိပေး အချိန်ပေး၍ ဖိတ်ကြားရမည်ဖြစ်ပြီး အခြေအတင် ဆွေးနွေးခြင်းနှင့် ရွေးချယ်ရန် အဆိုပြုခြင်းတို့ မပြုလုပ်မီ၊ စာရွက်စာတမ်းများကို အချိန်မီ ကြိုတင်ဖြန့်ဝေပေးရမည် ဖြစ်ပါသည်။

၁။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ပေါင်းစည်းကြီးကြပ်ထိန်းသိမ်းမှု

၈။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် ယင်း၏ဆွေးနွေးချက်များ နှင့် ဆုံးဖြတ်ချက်များကို အရေးအသားဖြင့် မှတ်တမ်းတင် ထိန်းသိမ်း ထားရမည်။

**၁.၅ ရှေ့လုပ်ငန်းအစီအစဉ်**

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် အီးအိုင်တီအိုင်မှ ချမှတ်ပေးထားသော အစီရင်ခံစာတင်ပြခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်း လုပ်ငန်းပြီးစီးရမည့် အချိန်များနှင့် ကိုက်ညီပြီး ကုန်ကျစရိတ် အပြည့်အဝ လျာထားသတ်မှတ်ထား သော လက်ရှိ ရှေ့လုပ်ငန်း အစီအစဉ် တစ်ရပ်ကို ချမှတ်ထိန်းသိမ်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ ယင်းရှေ့လုပ်ငန်း အစီအစဉ်သည်

(က) အီးအိုင်တီအိုင် အခြေခံမူများနှင့် ဆက်ထားပြီးတွင်းထွက်သယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ် လုပ်ရေး လုပ်ငန်းများအတွက် နိုင်ငံတော်ဦးစားပေးမှုများကို ထင်ဟပ်သည့် အီးအိုင်တီအိုင်လုပ်ငန်းစဉ် အကောင်အထည်ဖော်ရေး ရည်မှန်းချက်များကို သတ်မှတ်ရပါမည်။ သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ များအား အီးအိုင်တီအိုင် အစီရင်ခံခြင်း ပိုမိုပြည့်စုံမှု နှင့် ပြည်သူလူထုက အခွန်အကောက် ကောက်ခံမှု အပေါ် နားလည်သဘောပေါက်မှုတို့ တိုးတက်စေရန်နှင့် ပြည်သူတို့၏ဘဝ အစိုးရ၏လုပ်ကိုင်ဆောင်ရွက်မှုနှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မှုတို့တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံတာဝန်ယူမှုတွင် အဆင့်အတန်း စံနှုန်းမြင့်မားစေရန်အတွက် အီးအိုင်တီအိုင် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များ တိုးချဲ့ဆောင်ရွက်ရာ၌ တီထွင်ဆန်းသစ်သော ချဉ်းကပ်မှုများကို ရှာဖွေဖော်ထုတ်ရန် အားပေးပါသည်။

(ခ) အဓိက ပါဝင်ပတ်သက်ဆက်စပ်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများမှ ရလဒ်များကို ထင်ဟပ်ရပါမည်။ ယင်းကို သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့က ထောက်ခံအတည်ပြုပေးရပါမည်။

(ဂ) သဘောတူညီထားသော ရည်မှန်းချက်များ အောင်မြင်စေရန် တိုင်းတာနိုင်သော အချိန်သတ်မှတ် ဆောင်ရွက်သည့် လုပ်ငန်းရပ်များ ပါဝင်ရပါမည်။ တိုင်ပင်ဆွေးနွေးသည့် လုပ်ငန်းစဉ်အတွင်း ဖော်ထုတ်သတ်မှတ်ခဲ့သည့် လိုချင်သည့် ရည်မှန်းချက်များကို အထောက်အကူပြုရန် အီးအိုင်တီအိုင် အကောင်အထည်ဖော်ရေး လုပ် ငန်း၏ အကျယ်အဝန်းကို သတ်မှတ်ပြဌာန်းဆောင်ရွက်ရပါမည်။ ရှေ့လုပ်ငန်းအစီအစဉ်တွင်

၁။ ထိရောက်သော အီးအိုင်တီအိုင် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်တွင် အတားအဆီးတစ်ရပ် ဖြစ်နိုင်သည့် အစိုးရအေဂျင်စီများ၊ ကုမ္ပဏီများနှင့် အရပ်ဖက်လူမှု အဖွဲ့အစည်းများတွင် ရှိကောင်းရှိနိုင်သည့် မည်သည့်စွမ်းဆောင်ရည် အကန့်အသတ်များကိုမဆို အကဲဖြတ် စီစစ်၍ ယင်းကို ဖြေရှင်းနိုင်မည့် လုပ်ငန်း အစီ အစဉ်များကို ချမှတ်ရပါမည်။

၂။ လိုအပ်ချက် (၄.၁၂) နှင့် (၄.၉)ကဲ့သို့သော ပြီးပြည့်စုံမှုနှင့် အချက်အလက်များ၏ စိတ်ချယုံကြည်ရမှုကို အစီရင်ခံစာ၏ ကျွမ်းကျင်မှုဆိုင်ရာ ရှုထောင့်ပေါ်တွင် ဦးတည်ဆောင်ရွက်ပါသည်။

၃။ အကယ်၍ သက်ဆိုင်ခဲ့လျှင် အမျိုးသားအဆင့် ဥပဒေပြုရေး သို့မဟုတ် စည်းမျဉ်းဥပဒေ အတွင်း အီးအိုင်တီအိုင် လိုအပ်ချက်များတွင် ပေါင်းစည်းဆောင်ရွက်ခြင်းအပါအဝင် မည်သည့်လုပ်ငန်းအစီအစဉ်မဆို အပါအဝင် အီးအိုင်တီအိုင် အကောင်အထည်ဖော်မှုတွင် ဥပဒေ သို့မဟုတ် စည်းမျဉ်း ဥပဒေအရ မည် သည့် အတားအဆီးများ ဖြစ်နိုင်ဖွယ်ရှိသည်ကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ရှေ့လုပ်ငန်းအစီအစဉ်များ ချမှတ်ရပါမည်။

၄။ အကဲဖြတ်စစ်ဆေးခြင်းနှင့် အီးအိုင်တီအိုင် အစီရင်ခံစာ တင်ပြခြင်းတို့မှ ထောက်ခံအကြံပြုချက်များကို အကောင်အထည်ဖော်ရန် အတွက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ရှေ့လုပ်ငန်း အစီအစဉ်ကို ချမှတ်ရပါမည်။

၅။ အပိုဒ် ၂.၅ (ဂ) - (စ)နှင့်အညီ သမိုင်းမှတ်တိုင်များနှင့် အလုပ်ပြီးစီးရမည့် အချိန်များ အပါအဝင် အကျိုးခံစားသည့်ပိုင်ဆိုင်မှုဆိုင်ရာသတင်းအချက်အလက်များအားထုတ်ဖော်အသိပေးခြင်းအတွက်စီမံကိန်းများ (အစီအစဉ်များ)ကို သတ်မှတ်ရပါမည်။

(ဃ) သဘောတူညီထားသော ရှေ့လုပ်ငန်းအစီအစဉ် အချိန်မီ အကောင်အထည်ဖော်နိုင်ရေး သေချာစေရန်

အီးအိုင်တီအိုင်စံနှုန်း

တည်းဖြတ်ပြင်ဆင်ပြီးမှု၊ ၂၄ - ၅ - ၂၀၁၇

မူပိုင်အီးအိုင်တီအိုင် ၂၀၁၇

တည်းဖြတ်သူ ဒိုက်ဗ်ကေးရိုဂန်

ဤစာအုပ်

(အဖွဲ့အစည်း၏ ကိုယ်ပိုင်တံဆိပ်အမှတ်အသားမပါဝင်)

ကို အခြားလွဲမှားသောနည်းဖြင့် အသုံးပြုခြင်းမဟုတ်ဘဲ

မည်သည့် ပုံစံသို့မဟုတ် စကားဖြင့်မဆို အခမဲ့ ပြန်လည်

ထုတ်ဝေနိုင်ပါသည်။ အီးအိုင်တီအိုင်၏ မူပိုင်ခွင့်နှင့်

သတ်မှတ်ထားသော ခေါင်းစဉ်နှင့်ဖော်ပြထားသော

ထုတ်ဝေသည့် အရင်းအမြစ်တို့ကို အသိပေးဖော်ပြရပါမည်။

ဤစာအုပ်တွင်အသုံးပြုထားသော စာလုံးနှင့်ပုံများ၏

အစီအစဉ်နှင့် ဒီဇိုင်းတို့၏ မူပိုင်ခွင့်မှာ အီးအိုင်တီအိုင်၏

ပိုင်ဆိုင်ခွင့်ဖြစ်ပါသည်။ ၂၀၁၆ခုနှစ်တွင် နော်ဝေးနိုင်ငံ၌

ပုံနှိပ်ခဲ့ပါသည်။

အီးအိုင်တီအိုင် အပြည်ပြည်ဆိုင်ရာအတွင်းရေးမှူးရုံး

Ruselokkveien26

0251 Oslo (အောက်စ်လို)

Norway (နော်ဝေး)

Tel: + 47 22200800

Website :www.eiti.org

Email: secretariat@eiti.org

၁။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ပေါင်းစည်းကြီးကြပ်ထိန်းသိမ်းမှု

အလို့ငှာ လျော့ကန်သော နေရာတွင် ဘဏ္ဍာငွေနှင့် ကျွမ်းကျင်မှု ဆိုင်ရာအကူအညီ ရရှိနိုင်မည့် ပြည်တွင်း ပြည်ပ ရင်းမြစ်များကို ရှာဖွေဖော်ထုတ်ရမည်။

(င) ပြည်သူလူထုထံ ကျယ်ကျယ်ပြန့်ပြန့် အသိပေးနိုင်အောင် ဆောင်ရွက်ရမည်။ ဥပမာ အမျိုးသားအီးအိုင်တီအိုင် ဝက်ဆိုဒ်နှင့် သို့မဟုတ် သက်ဆိုင်ရာ အခြားဝန်ကြီးဌာနများနှင့် အေဂျင်စီ ဝက်ဘ်ဆိုဒ်များ ပုံနှိပ်မီဒီယာများ သို့မဟုတ် ပြည်သူလူထု အလွယ်တကူ လက်လှမ်းမီသည့်နေရာများတွင် ထုတ်ဝေ ဖော်ပြရမည်။

(စ) နစ်စဉ် ပြန်လည်သုံးသပ်၍ အချိန်နှင့်တစ်ပြေးညီ ဖြစ်စေရမည်။ ရှေ့လုပ်ငန်း အစီအစဉ်ကို ပြန်လည် သုံးသပ်ရာတွင် သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့သည် အခွန်ရငွေ စီမံခန့်ခွဲမှုနှင့် အသုံးစရိတ် (၅.၃) သယ်ယူပို့ဆောင်ရေး စရိတ်ပေးချေမှု များ (၄.၄) လူမှုရေး အသုံးစရိတ်များ (၆.၁.ခ) အထူးကိစ္စတွင် ပြည်နယ်/တိုင်းဒေသကြီးသို့ လွှဲပြောင်းပေးငွေများ (၅.၂.ခ) ၊ အကျိုးခံစားသည့် ပိုင်ဆိုင်မှု (၂.၅)နှင့် စာချုပ်များ (၂.၄) စသည့် အရေးကိစ္စ များပေါ်တွင် ဦးတည်စဉ်းစားမှုများ အပါအဝင် အီးအိုင်တီအိုင် အစီရင်ခံခြင်း လုပ်ငန်း၏ အသေးစိတ် နှင့် အကျယ်အဝန်းပေါ်တွင် တိုးချဲ့စဉ်းစားရမည် ဖြစ်ပါသည်။ လိုအပ်ချက် ၁.၄.ခ (၈)နှင့်အညီ သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့သည် ယင်း၏ ဆွေးနွေးချက်နှင့် ဆုံးဖြတ်ချက်တို့ကို မှတ်တမ်းတင်ထားရန် လိုအပ်ပါသည်။

(ဆ) အီးအိုင်တီအိုင် ဘုတ်အဖွဲ့ (သတ်မှတ်ချက် ၈.၁.၈.၄ ကို ကြည့်ပါ) သတ်မှတ်ပေးသော အစီရင်ခံစာ တင်ပြခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်း လုပ်ငန်းများ ပြီးစီးရန် အချိန်များနှင့် ဆီလျော်ကိုက်ညီသည့် ဝယ်ယူရေး လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာငွေ ရယူခြင်းများ အစရှိသည်တို့ပါဝင်သော စီမံအုပ်ချုပ်ရေးရာ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထားသော အကောင်အထည်ဖော်ရေး အချိန်ဇယား တစ်ခု ပါဝင်ရပါမည်။

## ၂ အီးအိုင်တီအိုင် လိုအပ်ချက် ၂

စာချုပ်များနှင့် လိုင်စင်များ ခွဲဝေချထားခြင်း ပါဝင်သော ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်

**ခြုံငုံသုံးသပ်ချက်။** အီးအိုင်တီအိုင်သည် တွင်းထွက် သယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေး ကဏ္ဍအား မည်သို့စီမံခန့်ခွဲဆောင်ရွက်ခြင်းနှင့် ပတ်သက်သည် နည်းဥပဒေများ၊ အကျိုးဆက်စပ်ပတ်သက်သူများ အနေဖြင့် စူးစမ်းရှာဖွေမှုနှင့် ထုတ်လုပ်မှု လုပ်ပိုင်ခွင့်ပေးခြင်း နှင့် သက်ဆိုင်သော ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို နည်းလည်သဘောပေါက်အောင် ဆောင်ရွက်ပေးမှုများ ၊ သဘာဝသယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးကဏ္ဍတွင် အသုံးပြုနေသော ဥပဒေပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း အုပ်ချုပ်ရေးဆိုင်ရာ နှင့် ကန်ထရိုက်တိုက်ချုပ်ဆိုရေး ဆိုင်ရာ မူဘောင်များနှင့် ယင်းကဏ္ဍကို စီမံခန့်ခွဲရာတွင် နိုင်ငံတော်၏ အဖွဲ့အစည်း ဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ဆက်နွယ်သော သတင်းအချက်အလက်များကို ဖော်ထုတ်တင်ပြလိုပါသည်။ အီးအိုင်တီအိုင်၏ ပွင့်လင်းမြင် သာသော ဥပဒေပိုင်းဆိုင်ရာ မူဘောင်နှင့် သဘာဝသယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ လုပ်ပိုင်ခွင့် ပေးအပ်ခြင်းနှင့် ဆက်နွယ်သော လိုအပ်ချက်များ ပါဝင်သည့် အချက်များမှာ (၂.၁) ဥပဒေပိုင်းဆိုင်ရာ မူဘောင် နှင့် ငွေကြေးအုပ်ချုပ်မှု (၂.၁) လိုင်စင်ခွဲဝေချထားပေးခြင်းများ၊ (၂.၃) လိုင်စင်များ မှတ်ပုံတင်စာအုပ်၊ (၂.၄) ကန်ထရိုက်များ၊ (၂.၅) အကျိုးခံစားသည့် ပိုင်ဆိုင်မှုနှင့် (၂.၆) သဘာဝသယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးကဏ္ဍ တွင် နိုင်ငံတော်က ပူးပေါင်းပါဝင်ဆောင်ရွက်မှု တို့ဖြစ်ပါသည်။

### ၂.၁ ဥပဒေပိုင်းဆိုင်ရာ မူဘောင်နှင့် ဘဏ္ဍာငွေစီမံခန့်ခွဲမှုစနစ်

(က) အကောင်အထည်ဖော်သော နိုင်ငံများသည် သဘာဝသယံဇာတ အရင်းမြစ်များ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ စီမံအုပ်ချုပ်ခြင်းနှင့် စပ်လျဉ်း၍ ဥပဒေပိုင်းဆိုင်ရာ မူဘောင်နှင့် ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆိုင်ရာ ဖော်ပြချက် တစ်ရပ်ကို ထုတ်ဖော်တင်ပြရပါမည်။ ဤ သတင်းအချက်အလက်တွင် ဘဏ္ဍာရေးကို ဗဟိုမှ အောက် သို့အဆင့်ဆင့် အာဏာခွဲဝေပေးမှု၊ သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများပေါ်တွင် ခြုံငုံသုံးသပ်ချက် နှင့် သက်ဆိုင်ရာ အစိုးရအေဂျင်စီများ၏ အခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားများ နှင့် စပ်လျဉ်းသည့် သတင်းအချက် အလက်များ ပါဝင်သည့် ငွေကြေးအုပ်ချုပ်မှု အကြောင်း အကျဉ်းချုပ်ဖော်ပြချက် ပါဝင်ရမည်ဖြစ်ပါသည်။

(ခ) အစိုးရမှ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသည့် နေရာများတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ပြုပြင်ပြောင်းလဲမှုများကို အသေအချာမှတ်တမ်းတင်ရန် တိုက်တွန်းအပ်ပါသည်။

### ၂.၂ လိုင်စင်များ ခွဲဝေချထားခြင်း

(က) အကောင်အထည်ဖော်သော နိုင်ငံများသည် အီးအိုင်တီအိုင် အစီရင်ခံစာ လွှမ်းခြုံသော စာရင်းကာလအတွင်းတွင် အီးအိုင်တီအိုင်အစီရင်ခံစာတွင်ပါရှိသည့် ကုမ္ပဏီများကလုပ်ပိုင်ခွင့်ရရှိသည့် လိုင်စင်များ သို့မဟုတ် လွှဲပြောင်းပေးသည့် လိုင်စင်များနှင့် ဆက်နွယ်သည့် အောက်ဖော်ပြပါ သတင်းအချက်အလက်များကို ထုတ်ဖော်တင်ပြရန် လိုအပ်ပါသည်။

၁။ လိုင်စင်လွှဲပြောင်းခြင်း သို့မဟုတ် လိုင်စင်ချထားပေးခြင်းအတွက် လုပ်ငန်းစဉ်အကြောင်းဖော်ပြခြင်း

၂။ အသုံးပြုခဲ့သော ကျွမ်းကျင်မှုဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ စံနှုန်းများ

၃။ သင့်လျော်သည့် နေရာတွင် ပေါင်းစည်းအဖွဲ့၏ အဖွဲ့ဝင်များအပါအဝင် လွှဲပြောင်း သို့မဟုတ် ချထားပေးသော လိုင်စင်ရရှိသူများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ

၄။ လိုင်စင်များ လွှဲပြောင်းမှုနှင့် လုပ်ပိုင်ခွင့်ချထားပေးမှုများတွင် စီမံအုပ်ချုပ်မှုဆိုင်ရာ ကျင့်သုံးသော ဥပဒေနှင့် စည်းမျဉ်း သတ်မှတ်ချက် မူဘောင်တို့မှ အရေးပါသော မည်သည့်ကွဲလွဲချက်မဆို အီးအိုင်တီအိုင် အစီရင်ခံစာ တွင် မပါဝင်သော ဥပမာ ၄င်းတို့၏ ပေးချေငွေများမှာ သဘောတူညီထားသော ကိန်းဂဏန်းပိုင်းဖြတ်မှုအောက်လျော့နည်းသော ကုမ္ပဏီများက ရရှိသည့် လိုင်စင်ခွဲဝေချထားပေးမှု အပါအဝင်၊ အီးအိုင်

၂။ စာချုပ်များနှင့် လိုင်စင်များ ခွဲဝေချထားခြင်း ပါဝင်သော ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်

တီအိုင် အစီရင်ခံစာက လွှမ်းခြုံသည့် စာရင်းနှစ်အတွင်း ဖြစ်ပေါ်သော လိုင်စင်ချထားပေးခြင်းနှင့် လွှဲပြောင်းပေးခြင်း အားလုံးအတွက် အထက်တွင် သတ်မှတ်ဖော်ပြထားသော သတင်းအချက်အလက်များကို ထုတ်ဖော်တင်ပြရန် လိုအပ်ပါသည်။ ယင်းပြည့်စုံသော ထုတ်ဖော်တင်ပြမှုကို တားဆီးထားသော မည်သည့် ထင်ရှားသည့် ဥပဒေ သို့မဟုတ် လက်တွေ့အတားအဆီးကိုမဆို မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး ယင်းအတားအဆီးများကို ကျော်လွှန်ရန် အစိုးရက အရေးယူဆောင်ရွက်မည့် အစီအမံများနှင့် ယင်း ကို အောင်မြင်စွာ ဆောင်ရွက်ရန်အတွက် ခန့်မှန်းထား သော အချိန် လိုအပ်ချက်တို့ ပါဝင်သည့် အချက်အလက်များကို အီးအိုင်တီအိုင် အစီရင်ခံစာတွင် ရှင်းလင်း ဖော်ပြရပါမည်။

(ခ) အီးအိုင်တီအိုင် အစီရင်ခံစာများတွင် ပါဝင်သော ကုမ္ပဏီများသည် အီးအိုင်တီအိုင် အစီရင်ခံစာ၏ စာရင်းကာလ မတိုင်မီက ခွဲဝေရရှိသော လိုင်စင်များ ရှိခဲ့လျှင် အကယ်၍ ဖြစ်နိုင်စွမ်းရှိလျှင် အကောင်အထည် ဖော်သည့်နိုင်ငံများသည် ဤလိုင်စင်များအတွက် ၂.၂ (က) တွင် သတ်မှတ်ထားသော သတင်းအချက်အလက် များ အောက်၌ ထုတ်ဖော်တင်ပြပေးရန် အားပေးပါသည်။

(ဂ) အီးအိုင်တီအိုင် အစီရင်ခံစာအား လွှမ်းခြုံသော စာရင်းကာလအတွင်း လေလံဆွဲသည့် လုပ်ငန်းစဉ်မှ တစ်ဆင့် လုပ်ပိုင်ခွင့်လိုင်စင် ရရှိသည့်နေရာတွင် အစိုးရသည် လျှောက်ထားသူ စာရင်းနှင့် လေလံနှင့် ပတ်သက်သည့် စံနှုန်းများကို ထုတ်ဖော်ပြသရန် လိုအပ်ပါသည်။

(ဃ) ၂.၂(က-ဂ) တွင် သတ်မှတ်ထားသော သတင်းအချက်အလက်များသည်အများပြည်သူ ကြည့်ရှုနိုင်သည့်နေရာတွင် ရှိလျှင်အီးအိုင်တီအိုင် အစီရင်ခံစာတွင် ရည်ညွှန်းချက် သို့မဟုတ် ချိတ်ဆက်မှုကို ထည့်သွင်းဖော်ပြပါက လုံလောက်ပါသည်။

(င) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည့် လိုင်စင်လျှောက်ထားမှု လုပ်ထုံးလုပ်နည်းများ၏ စွမ်းဆောင်ရည်ပြည့်ဝမှုနှင့် ထိရောက်မှုပေါ်တွင် မှတ်ချက်ပေး/ သဘောထား အပါအဝင် လိုင်စင်ခွဲဝေချထားပေးမှု နှင့် ပတ်သက်သည့် ထပ်ဆောင်း သတင်းအချက်အလက် ကို အီးအိုင်တီအိုင် အစီရင်ခံစာတွင် ထည့်သွင်းတင်ပြလိုပါက ထည့်သွင်း တင်ပြနိုင်ပါသည်။

**၂.၃ လိုင်စင်များ မှတ်ပုံတင်ခြင်း**

(က) ဤအကြောင်းအရာတွင် ပါရှိသော လိုင်စင်ဟူသည့် စကားရပ်သည် အစိုးရက ကုမ္ပဏီတစ်ခု /ကုမ္ပဏီများ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦး / ပုဂ္ဂိုလ်များအား ရေနံဓာတ်ငွေ့နှင့် သို့မဟုတ် ဓာတ်သတ္တု သယံဇာတ အရင်းအမြစ်များ စူးစမ်းရှာဖွေခြင်း သို့မဟုတ် အကျိုးရှိစွာ ထုတ်ယူခွင့် ပြုလုပ်ခြင်းနှင့် စပ်လျဉ်းသည့် မည်သည့်လိုင်စင်/ အငှားချ/လုပ်ပိုင်ခွင့်/ပါမစ်/ကန်ထရိုက် သို့မဟုတ် အခွင့်ကို ရည်ညွှန်းပါသည်။

(ခ) အီးအိုင်တီအိုင် အစီရင်ခံစာတွင် ပါရှိသည့် ကုမ္ပဏီများ လုပ်ပိုင်ခွင့်ရသည့် လိုင်စင်တစ်ခုချင်းစီနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ အချိန်မီ ပြ ည့်စုံသော သတင်းအချက်အလက်များကို ပြည်သူလူထု ရရှိသိရှိနိုင်သော မှတ်ပုံတင်စာရင်းသို့မဟုတ် **Cadastre** စနစ်များကို အကောင်အထည်ဖော်သည့် နိုင်ငံများက ဆောင်ရွက်ထားရှိရန် လို အပ်ပါသည်။

၁။ လိုင်စင်ပိုင်ရှင်များ

၂။ ကောက်နုတ်စုစည်း၍ ရနိုင်ပါက လိုင်စင်ဧရိယာ၏ ကိုဩဒိနိတ်များ၊ ကိုဩဒိနိတ်များ စုစည်း၍ မရသော နေရာ၌ လိုင်စင်ဧရိယာ၏ အကျယ်အဝန်းနှင့် တည်နေရာတို့ကို လိုင်စင်မှတ်ပုံတင်စာရင်းတွင် အစိုးရက ထုတ်ဖော်ရေးသားရန် လိုအပ်ပါသည်။ ယင်းကိုဩဒိနိတ်များ ကို သက်ဆိုင်ရာအစိုးရ အေဂျင်စီများထံမှ မည်သည့် အခကြေးငွေနှင့် ကန့်သတ်ချက်များ မရှိစေရဘဲ ပြည်သူလူထုက ရရှိနိုင်စေရေး စီမံထားရန် လိုအပ်ပါသည်။

အီးအိုင်တီအိုင် အစီရင်ခံစာတွင် ကိုဩဒိနိတ်များ(မည်သို့လက်လှမ်းမီ ရောက်ရှိနိုင်သည်ဆိုသည့် လမ်းညွှန်ချက်) နှင့် အချက်အလက်ရရှိရေး ကုန်ကျစရိတ်တို့ (အကယ်၍ရှိခဲ့လျှင်) ပါဝင်သင့်ပါသည်။ အီးအိုင် တီအိုင် အစီရင်ခံစာတွင် လိုင်စင်မှတ်ပုံတင် စာရင်းမှ တစ်ဆင့် ဤသတင်းအချက်လက်များကို

၂။ စာချုပ်များနှင့် လိုင်စင်များ ခွဲဝေချထားခြင်း ပါဝင်သော ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်

လွှတ်လပ် စွာ နှင့် အီလက်ထရောနစ် နည်းလမ်းအားဖြင့် ရရှိစေရန်အတွက် အစီအစဉ်များနှင့် အချိန် သတ်မှတ်ချက် များကိုလည်း မှတ်တမ်းတင်သင့်ပါသည်။

၃။ လိုင်စင်လျှောက်လွှာတင်သင့်ရက်စွဲ၊ လိုင်စင်ခွင့်ပြုသည့်ရက်စွဲ နှင့် လိုင်စင်သက်တမ်း

၄။ ထုတ်လုပ်မှုလိုင်စင်များ ထုတ်ပေးသည့်ကိစ္စများတွင် ထုတ်လုပ်ဆဲကုန်စည်များ

အီးအိုင်တီအိုင် အစီရင်ခံစာတွင် မပါဝင်သော ဥပမာ ၄င်းတို့၏ ပေးချေငွေများမှာ သဘောတူညီထားသော ကိန်းဂဏန်းပိုင်းဖြတ်မှုအောက် လျော့နည်းသော ကုမ္ပဏီများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်း (သို့) အုပ်စုလိုင်စင်ခွဲဝေ ချထားပေးမှု အပါအဝင် အဖွဲ့အစည်းအားလုံးကရရှိနိုင်သော လိုင်စင်နှင့်ပတ်သက်သည့် အကြောင်းအရာအား လုံးကို လိုင်စင်မှတ်ပုံတင်စာရင်း သို့မဟုတ် အင်တာနက်အခြေခံ ကွန်ပျူတာ မှတ်ပုံတင်ခြင်း **Cadastre** တွင် ပါဝင်ရန် မျှော်လင့်ပါသည်။ ယင်းပြည့်စုံသောထုတ်ဖော်တင်ပြမှုကို တားဆီးထားသောမည်သည့် ထင်ရှားသည့် ဥပဒေ သို့မဟုတ် လက်တွေ့ အတားအဆီးကိုမဆို မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး ယင်းအတားအဆီးများကို ကျော်လွှန်ရန်အစိုးရက အရေးယူဆောင်ရွက်မည့် အစီအစဉ်များနှင့် ယင်းတို့ကိုအောင်မြင်စွာဆောင်ရွက်ရန် အတွက် ခန့်မှန်းထားသော အချိန်လိုအပ်ချက်တို့ ပါဝင် သည့် အချက်အလက်များကို အီးအိုင်တီအိုင် အစီရင်ခံစာ တွင် ရှင်းလင်းဖော်ပြရပါမည်။

(ဂ) ၂.၃.ခ တွင် သတ်မှတ်ထားသော သတင်းအချက်အလက်များကို ပြည်သူလူထု က ရရှိပြီးဖြစ်သော နေရာတွင် ယင်း၏ ရည်ညွှန်းချက် သို့မဟုတ် ချိတ်ဆက်နိုင်သည့် နေရာတို့ကို အီးအိုင်တီအိုင် အစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြလျှင် လုံလောက်ပါသည်။ ယင်းလိုင်စင် မှတ်ပုံတင်စာရင်းများ သို့မဟုတ် အင်တာနက်အခြေခံ ကွန်ပျူတာ မှတ်ပုံတင်ခြင်း **Cadastre** စနစ်များသည် ထိန်းသိမ်းထားရှိ/မရှိ ခြင်း သို့မဟုတ် မပြည့်စုံပါက အီးအိုင်တီအိုင် အစီရင်ခံစာတွင် ပြည်သူလူထု ရရှိနိုင်သော သတင်းအချက်အလက်များတွင် မည်သည့်ကွာဟမှုကိုမဆို ထုတ် ဖော်တင်ပြ ရမည်ဖြစ်ပြီး ဤစနစ်များ ပိုမို အင်အား တောင့်တင်းခိုင်မာလာစေရန် ကြိုးပမ်းချက်များကို မှတ် တမ်းတင်ထားရပါမည်။ ကြားဖြတ် အနေဖြင့် အီးအိုင်တီအိုင် အစီရင်ခံစာ၌ အထက်ပါ ၂.၃.ခ တွင် သတ်မှတ်ထား သော သတင်းအချက်အလက် များကို ထည့်သွင်းဖော်ပြရပါမည်။

## ၂.၄ ကန်ထရိုက်များ

(က) ရေနံ၊ ဓာတ်ငွေ့နှင့် ဓာတ်သတ္တုများ တူးဖော်ထုတ်လုပ်ခြင်း နှင့် ဆက်စပ်သည့် စည်းကမ်းသတ်မှတ်ချက်များအား ဖော်ပြထား/ပါဝင်သည့်မည်သည့် ကန်ထရိုက်များနှင့် လိုင်စင်များကိုမဆို ပြည်သူလူထုသို့ ထုတ်ဖော်ထင်ပြရန် အကောင်အထည်ဖော်သည့် နိုင်ငံများအား အားပေးတိုက်တွန်းပါသည်။

(ခ) လိုအပ်ချက်တစ်ရပ်အနေဖြင့် အီးအိုင်တီအိုင် အစီရင်ခံစာသည် ရေနံ ဓာတ်ငွေ့နှင့် ဓာတ်သတ္တု စူးစမ်းရှာဖွေခြင်း နှင့် တူးဖော်ထုတ်လုပ်ခြင်းကို အုပ်ချုပ်စီမံသော ကန်ထရိုက်များ နှင့် လိုင်စင်များ ထုတ်ဖော်တင်ပြခြင်းဆိုင်ရာ အစိုးရ၏ မူဝါဒကို မှတ်တမ်းတင် ပါသည်။ ယင်းတွင် သက်ဆိုင်ရာ ဥပဒေ သတ်မှတ်ချက်များ၊ အမှန်တကယ် ထုတ်ဖော်တင်ပြသည့် လုပ်နည်းလုပ်ဟန်များ နှင့် မည်သည့် စီမံကိန်းချမှတ်စီစဉ်ထားသည့် သို့မဟုတ် ဆောင်ရွက်ဆဲပြုပြင်ပြောင်းလဲမှု မဆို ပါဝင်ရပါမည်။ သင့်လျော်လိုက်ဖက်သော နေရာ၌ အီးအိုင်တီအိုင် အစီရင် ခံစာက ပြည်သူလူထု ရရှိနေသည့် ကန်ထရိုက်များနှင့် လိုင်စင်များကို ခြုံငုံသုံးသပ်ချက် တစ်ရပ်ကို ဖြည့်ဆည်း ပေးရမည်ဖြစ်ပြီး ယင်းတွင် အဆိုပါ သတင်းအချက်အလက် ရည်ညွှန်းချက် သို့မဟုတ် ချိတ်ဆက် ကြည့်ရှုနိုင် မည့် နေရာတို့ပါဝင်ရပါမည်။

(ဂ) ၂.၄ (က) တွင် ပါရှိသည့် ကန်ထရိုက်ဆိုသည်မှာ

၁။ ရေနံဓာတ်ငွေ့နှင့် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်း နှင့် ဆက်စပ်သည့် စည်းကမ်းချက်များကိုဖြည့်ဆည်း ပေးသော အစိုးရက ထုတ်ပေးသည့် မည်သည့်ကန်ထရိုက်၊ အခွင့် ထုတ်လုပ်မှု ခွဲဝေခံစားသည့် သဘော တူညီချက် သို့မဟုတ် အခြားခွင့်ပြုပေးသည့် သဘောတူညီချက် သို့မဟုတ် အခြားခွင့်ပြုပေးသည့် သဘောတူညီချက်၊ သို့မဟုတ် ဝင်ရောက်ရန် ခွင့်ပြုချက်နှင့် စပ်လျဉ်းသည့် ဖော်ပြချက် အပြည့်အစုံ

၂။ ၂.၄ (ဂ) (၁)တွင် သို့မဟုတ် ယင်း၏ အကောင်အထည်ဖော်မှုတွင် ဖော်ပြထားသည့် တူးဖော် ထုတ်လုပ်

ခွင့်နှင့် သက်ဆိုင်သော အသေးစိတ်များကို ဖော်ပြထားသည့် မည်သည့် နောက်ဆက်တွဲ ဖြည့်စွက်ချက်၊ နောက်ဆက်တွဲ မှတ်ချက်နှင့် စပ်လျဉ်း သည့် ဖော်ပြချက် အပြည့်အစုံ

၃။ ၂.၄ (ဂ) (၁) နှင့် ၂.၄ (ဂ) (၂) တို့တွင် ဖော်ပြထားသည့် စာချုပ်စာတမ်းများတွင် မည်သည့်ပြင်ဆင်ပြောင်းလဲချက် သို့မဟုတ် အမှားပြင်ဆင်ချက် နှင့် စပ်လျဉ်းသည့် ဖော်ပြချက်အပြည့်အစုံ

(ဃ) ၂.၄ (က) တွင် ပါရှိသည့် လိုင်စင်ဆိုသည်မှာ

၁။ ရေနံ ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော် ထုတ်လုပ်ခွင့် နှင့် ဆက်စပ်သည့် ကုမ္ပဏီတစ်ခု / ကုမ္ပဏီများ သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦး/ ပုဂ္ဂိုလ်အများ သို့ အစိုးရက ထုတ်ပေးသည့် မည်သည့်လိုင်စင် / အငှားချ/ လုပ်ပိုင်ခွင့် သို့မဟုတ် ပါမစ် မဆို နှင့် စပ်လျဉ်းသည့် ဖော်ပြ ချက် အပြည့်အစုံ

၂။ ၂.၄ (ဃ)(၁) သို့မဟုတ် ယင်း၏ အကောင်အအထည်ဖော်မှုတွင် ဖော်ပြထားသည့် တူးဖော်ထုတ်လုပ်ခွင့်နှင့် သက်ဆိုင်သော အသေးစိတ်များကို ဖော်ပြထားသည့် မည်သည့် နောက်ဆက်တွဲ ဖြည့်စွက်ချက်၊ နောက်ဆက်တွဲ မှတ်ချက် နှင့် စပ်လျဉ်းသည့် ဖော်ပြချက်အပြည့်အစုံ၊

၃။ ၂.၄ (ဃ) (၁) နှင့် ၂.၄ (ဃ) (၂) တို့တွင် ဖော်ပြထားသည့် စာချုပ်စာတမ်းများ တွင် မည်သည့် ပြင်ဆင်ပြောင်းလဲချက် သို့မဟုတ် အမှားပြင်ဆင်ချက်နှင့် စပ်လျဉ်းသည့် ဖော်ပြချက် အပြည့်အစုံ

**၂.၅ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု**

(က) အကောင်အထည်ဖော်သည့် နိုင်ငံများအား တွင်းထွက်သယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေး ရင်းနှီးပစ္စည်းများကို လေလံဆွဲခြင်း လုပ်ကိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းများ ပြုလုပ်ကြသည့် ကော်ပိုရိတ် အဖွဲ့အစည်း (များ) ၏ အကျိုးခံစားသည့် ပိုင်ရှင်များကို ပြည်သူလူထုက သိရှိနိုင်သော မှတ်ပုံတင်စာရင်းကို ပြုစု ထိန်းသိမ်းရန် အကြံပြုပါသည်။ ယင်းတွင် အကျိုးရရှိသည့် ပိုင်ရှင် (များ) ၏ သက်သေခံအထောက်အထား ပိုင်ဆိုင်မှု အဆင့်နှင့် ပိုင်ဆိုင်မှု ထိန်းချုပ်မှုအပေါ်တွင် မည်သို့ အာရုံစိုက် ကြိုးပမ်းသည် ဆိုသည့် အချက်များ ပါဝင် ပါသည် ဖြစ်နိုင်သည့်နေရာတွင် အကျိုးရရှိသည့် သတင်းအချက်အလက်များကို ကုမ္ပဏီများမှ လက်ရှိ ဖြည့် သွင်းနေသော ဖိုင်များတွင် တွင်းထွက် သယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ လိုင်စင် ထုတ်ပေးခြင်းကို ဆောင်ရွက်နေကြသည့် ကော်ပိုရိတ် ဆောင်ရွက်သူများ၊ စတော့လက်မှတ် လဲလှယ်ရေးဌာနများ သို့မဟုတ် အေဂျင်စီများ မှ အချက်အလက်များဖြင့် တရားဝင် ပေါင်းစည်းသင့်ပါသည်။ ဤအချက်အ လက်များသည့် ပြည်သူလူထုမှ ရရှိနေပြီဖြစ်သော နေရာများ၌ အီးအိုင်တီအိုင် အစီရင်ခံစာတွင် ယင်းသတင်း အချက်အလက်များကို မည်ကဲ့သို့ လက်လှမ်းမီ ရရှိနိုင်သည်ကို လမ်းညွှန်းချက် ထည့်သွင်းဖော်ပြသင့်ပါသည်။

(ခ) အောက်ပါတို့ကို လိုအပ်ပါသည်။

၁။ အကျိုးအမြတ်ပိုင်ဆိုင်မှုထုတ်ဖော်တင်ပြခြင်း နှင့် ပတ်သက်၍ အစိုးရ၏ မူဝါဒနှင့် သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့၏ ဆွေးနွေးချက်များကို အီးအိုင်တီအိုင် အစီရင်ခံစာတွင် မှတ်တမ်းတင်ရန် လိုအပ်ပါသည်။ ဤသို့ မှတ်တမ်းတင်ရာ၌ အကျိုးရရှိသည့် ပိုင်ဆိုင်မှု ထုတ်ဖော် တင်ပြခြင်းနှင့် ဆက်နွယ်သည့် သက်ဆိုင် ရာ ဥပဒေသတ်မှတ်ချက်များ၊ အမှန်တကယ် ထုတ်ဖော်တင်ပြချက် လုပ်နည်းလုပ်ဟန် များနှင့် စီမံထား သည့် သို့မဟုတ် စီမံဆဲ ဖြစ်သည့် မည်သည့် ပြုပြင်ပြောင်းလဲမှုများကိုမဆို အသေးစိတ် ပါဝင်သင့်ပါသည်။

၂။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စ၍ သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့သည် အောက်ဖော်ပြပါ အပိုဒ် (ဂ) (ခ) နှင့်အညီ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု သတင်းအချက်အလက်များ ထုတ်ဖော်တင်ပြခြင်းအတွက် လမ်းပြမြေပုံကို ပုံနှိပ်ဖော်ပြရန် လိုအပ်ပါသည်။ လမ်းပြ မြေပုံတွင် အဓိက မှတ်တိုင်များနှင့် လုပ်ငန်းပြီးစီးရမည့် အချိန်များကို သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ နှစ်စဉ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၏ အစိတ်အပိုင်း အဖြစ် လမ်းပြမြေပုံ အကောင်အထည်ဖော်မှုကို သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့က အကဲဖြတ် ဆန်းစစ်ပါလိမ့်မည်။

(ဂ) ၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့၌ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များကို အီးအိုင်တီအိုင် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန် အကောင်အထည်ဖော်သောနိုင်ငံများက ပန်ကြားပြီး ကုမ္ပဏီ

၂။ စာချုပ်များနှင့် လိုင်စင်များ ခွဲဝေချထားခြင်း ပါဝင်သော ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်

များက ထုတ်ဖော်တင်ပြပါသည်။ ဤအချက်က တွင်းထွက် သယံဇာတအရင်းအမြစ်များ တူးဖော်ထုတ် လုပ်ရေး ရင်းနှီးပစ္စည်းများ လေလံဆွဲခြင်း လုပ်ကိုင်ခြင်း (သို့မဟုတ်) ရင်းနှီးမြှုပ်နှံသော ကော်ပိုရိတ်အဖွဲ့အစည်းများ နှင့် သက်ဆိုင်ပြီး အကျိုးခံစားသည့် ပိုင်ရှင်(များ) ၏ သက်သေခံအထောက်အထား ပိုင်ဆိုင်မှု အဆင့်နှင့် ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုပေါ်တွင် မည်သို့အားစိုက်ကြိုးပမ်းသည် ဆိုသည့် အသေးစိတ်များ ပါဝင်သင့်ပါသည်။ အကျိုးခံစားသည့် ပိုင်ဆိုင်မှုပေါ်တွင် အစီရင်ခံခြင်းနှင့် ပတ်သက်သည့် မည်သည့် ကွာဟချက်များ သို့မဟုတ် အားနည်းချက်များကိုမဆို အီးအိုင်တီအိုင် အစီရင်ခံစာတွင် ထုတ်ဖော်တင်ပြရပါမည်။ ယင်းတွင် အကျိုးခံစားသည့် ပိုင်ဆိုင်မှု သတင်းအချက်အလက်အားလုံး (သို့မဟုတ်) တစ်စိတ် တစ်ပိုင်းကို တင်ပြရန် ပျက်ကွက်ခဲ့သော မည်သည့် အဖွဲ့အစည်းများ၏ အမည်ကို မဆို နာမည်ဖော်ထုတ် တင်ပြရပါမည်။ ၂၀၂၀ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့တွင် ဤလိုအပ်ချက်ကို အကောင်အထည်ဖော်ဆောင်ရာ၌ အဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ သို့မဟုတ် ထူးခြားသော လက်တွေ့အတားအဆီးများ ရင်ဆိုင်နေရသည့် နိုင်ငံတစ်နိုင်ငံရှိလျှင် ယင်းနိုင်ငံသည် လိုအပ်ချက် ၈.၁ နှင့် အညီ လိုက်လျောညီထွေ ပြောင်းလဲ အကောင်အထည်ဖော်ရန် တောင်းခံနိုင်ပါသည်။

(ဃ) အကျိုးခံစားသည့် ပိုင်ဆိုင်မှု သက်သေခံ အထောက်အထားနှင့် ပတ်သက်သည့် သတင်းအချက်အလက်များတွင် အကျိုးခံစားသည့် ပိုင်ရှင်အမည်၊ နိုင်ငံသားနှင့် နေထိုင်သည့် နိုင်ငံနှင့် နိုင်ငံရေးအရ အကာအကွယ်မဲ့သည့် ပုဂ္ဂိုလ်မည်သူကို မဆို ဖော်ထုတ်ခြင်းတို့ ပါဝင် သင့်ပါသည်။ နိုင်ငံသားမှတ်ပုံတင် အမှတ်၊ မွေးနေ့၊ အမြဲ သို့မဟုတ် အလုပ်လုပ်နေသည့် နေရပ်၊ လိပ်စာနှင့် ကန်ထရိုက် နည်းလမ်းများကို ထုတ်ဖော်တင်ပြရန် ထောက်ခံအကြံပြုပါသည်။

(င) ပါဝင်သော ကုမ္ပဏီများက ၄င်းတို့ ဖြည့်ပေးသော အကျိုးခံစားသည့် ပိုင်ဆိုင်မှု သတင်းအချက်အလက်များ၏ တိကျမှုကို အာမခံခြင်းအတွက် ချဉ်းကပ်မှု တစ်ရပ်ကို သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ သဘောတူညီသင့်ပါသည်။ ယင်းတွင် လိုအပ်သော ကုမ္ပဏီများအား အကျိုးခံစားသည့် ပိုင်ဆိုင်မှု ပုံစံပေါ်တွင် အကြီးတန်းစီမံခန့်ခွဲမှု အဖွဲ့၏ အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အကြီးတန်း ဥပဒေအတိုင်ပင်ခံက လက်မှတ် ရေးထိုးပေးခြင်းဖြင့် မှန်ကန်ကြောင့် သက်သေခံချက် သို့မဟုတ် အထောက်အကူပြု စာချုပ်စာတမ်းများ တင်ပြခြင်းတို့ ပါဝင်နိုင်ပါသည်။

(စ) အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု၏ အဓိပ္ပါယ်ဖော်ပြချက်မှာ

၁။ ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သော အကျိုးခံစားသည့် ပိုင်ရှင်တစ်ဦးဆိုသည်မှာ ကော်ပိုရိတ်ရပ်တည်မှုကို တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း အန္တိမ (အဆုံးတွင်) ပိုင်ဆိုင်သူ သို့မဟုတ် ထိန်းချုပ်သည့် လူပုဂ္ဂိုလ်များ ကို ဆိုလိုပါသည်။

၂။ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူဆိုသည့် စကားရပ်အတွက် လျော်ကန်သင့်မြတ်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ရပ် ကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ သဘောတူရပါမည်။ အဓိပ္ပါယ်ဖော်ပြချက်သည် အထက်ဖော်ပြပါ အပိုဒ် (၁)နှင့် ကိုက်ညီသင့်ပြီး အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် ပြည်တွင်း (အမျိုးသား) ဥပဒေတို့ကို ထည့်သွင်း စဉ်းစားသင့်ပါသည်။ ယင်းတွင် ပိုင်ဆိုင်မှု အစဉီး (**Threshold**)များကို ပါဝင်သင့်ပါသည်။ အဓိပ္ပါယ် ဖော်ပြချက်တွင် နိုင်ငံရေးအရ အကာအကွယ်မဲ့သူများအတွက် အစီရင်ခံရမည့် တာဝန်များကို တိတိကျကျဖော်ပြမှု ပါဝင်သင့်ပါသည်။

၃။ လုံးဝဥဿုံပိုင်ဆိုင်သော လက်အောက်ခံ ကုမ္ပဏီများအပါအဝင် အများပြည်သူ သိစေရန် ကြေညာထားသော ကုမ္ပဏီများသည် စတော့လဲလှယ်ရေး ဌာနအမည်နှင့် ၄င်းတို့စာရင်းသွင်းထားသော စတော့လဲလှယ်ရေးဌာန ဖိုင်တွဲစာရင်းများနှင့် ချိတ်ဆက်ထားသည့် နေရာအပါအဝင်တို့ကို ထုတ်ဖော်တင်ပြရန် လိုအပ်ပါသည်။

၄။ ဖက်စပ်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကိစ္စတွင် ဖက်စပ်လုပ်ငန်းအတွင်းရည်တည်ချက် (လုပ်ငန်း)တစ်ခုစီသည် အများပြည်သူ သိရှိရန် ကြေညာထားသော လုပ်ငန်း သို့မဟုတ် အများပြည်သူ သိရှိရန် ကြေညာထားသော ကုမ္ပဏီတစ်ခု၏ လုံးဝဥဿုံ ပိုင်ဆိုင်သော လက်အောက်ခံ လုပ်ငန်းတစ်ခု မဖြစ်ခဲ့သော်လည်း ၄င်းတို့အကျိုးခံစားသည့် ပိုင်ရှင်(များ)ကို ထုတ်ဖော်တင်ပြရန် လိုအပ်ပါသည်။

၂။ စာချုပ်များနှင့် လိုင်စင်များ ခွဲဝေချထားခြင်း ပါဝင်သော ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်

(ဆ) အီးအိုင်တီအိုင် အစီရင်ခံစာ သည် ယင်းကုမ္ပဏီများ၏ တရားဝင်ပိုင်ရှင်များနှင့် ပိုင်ဆိုင်မှု ဝေစုတို့ကိုလည်း ထုတ်ဖော်တင်ပြရပါမည်။

## ၂.၆ နိုင်ငံတော်၏ ပူးပေါင်းပါဝင်မှု

တွင်းထွက်သယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်၏ ပူးပေါင်းပါဝင်မှုသည် ရုပ်ဝတ္ထုအခွန်အကောက်ပေးချေငွေကို တိုးမြှင့်စေသည့် နေရာတွင် အကောင်အထည်ဖော်သည့် နိုင်ငံများသည်

(က) အစိုးရနှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများအကြား ဘဏ္ဍာရေးဆက်ဆံမှုနှင့် စပ်လျဉ်း၍ လက်ရှိ တည်ဆဲဖြစ်သော စည်းမျဉ်းများနှင့် လုပ်နည်း လုပ်ဟန်များကို ရှင်းလင်းဖော်ပြချက် တစ်ရပ်ကို ထုတ်ဖော်တင်ပြရမည်။ ဥပမာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ နှင့် နိုင်ငံတော်အကြား ရန်ပုံငွေ လွှဲပြောင်းပေးမှုများ၊ ချန်ထားအမြတ်ငွေများ ပြန်လည်ရင်းနှီးမြှုပ်နှံမှုများနှင့် အခြားအဖွဲ့အစည်းတစ်ခုခုထံမှ ဘဏ္ဍာရေးရယူခြင်း နှင့် စပ်လျဉ်းသည့် စီမံအုပ်ချုပ်ရေး ဆိုင်ရာစည်းမျဉ်းများနှင့် လုပ်နည်းလုပ်ဟန်များကို ထုတ်ဖော်တင်ပြရပါမည်။ အီးအိုင်တီအိုင် အစီရင်ခံစာ တင်ပြရန် ရည်ရွယ်ချက်အတွက် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတစ်ခုသည် အစိုးရကိုယ်စား တွင်းထွက်သယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများနှင့် ဆက်စပ်သော အစိုးရက အပြည့်အဝ သို့မဟုတ် အများစုကို လုပ်ကိုင်သည့် လုပ်ငန်းဖြစ်ပါသည်။ ယင်းပေါ်တွင် အခြေခံ၍ နိုင်ငံတော် စီးပွားရေး လုပ်ငန်းများ၏ အဓိပ္ပာယ် ဖော်ပြချက်ကို အမျိုးသား ဥပဒေများနှင့် အစိုးရ၏ ဖွဲ့စည်းပုံများကို ထည့်သွင်းစဉ်းစား၍ ဆွေးနွေးရန်နှင့် မှတ် တမ်းတင်ရန် သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ကို အားပေးတိုက်တွန်းပါသည်။

(ခ) အစိုးရနှင့် နိုင်ငံတော်ပိုင် လုပ်ငန်းများမှ သတ္တုတွင်းတွင် ၎င်းတို့၏ ပိုင်ဆိုင်မှုအဆင့် နိုင်ငံတော်စီးပွားရေး လုပ်ငန်းများ အပါအဝင် နိုင်ငံ၏ရေနံဓာတ်ငွေ့နှင့် သတ္တုတွင်း ကဏ္ဍတွင် လုပ်ကိုင်လျက်ရှိကြသော ရေနံနှင့်ဓာတ်ငွေ့ ကုမ္ပဏီများနှင့် အစီရင်ခံသည့် ကာလတွင် ပိုင်ဆိုင်မှုအဆင့် တွင် မည်သည့်ပြောင်းလဲမှုများကို မဆို ထုတ်ဖော်တင်ပြရပါမည်။ ဤသတင်းအချက်အလက်များ တွင် လုပ်ငန်း စီမံကိန်း စက်ဝန်းရှိ အဆင့်အသီးသီး၌ ကုန်ကျမည့် အသုံးစရိတ်များကိုကာမိစေရန် တာဝန်အဆင့်ဆင့်အပါအဝင် ၎င်းတို့၏ပိုင်ဆိုင်မှုနှင့် ဆက်စပ်သည့် စည်းကမ်းချက်များ နှင့် စပ်လျဉ်း၍ အသေးစိတ်များ ပါဝင်သင့်ပါသည်။ ဥပမာ အပြည့်အဝထည့်ဝင်ပြီး ပိုင်ဆိုင်မှု၊ အခမဲ့ပိုင်ဆိုင်မှု၊ ရှေ့သို့ဆက်ယူသော အတိုးစသည်တို့ ဖြစ်ပါသည်။ အီးအိုင်တီအိုင် အစီရင်ခံစာတင်သွင်းသည့် ကာလအတွင်း အစိုးရနှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်း (များ) ပိုင်ဆိုင်မှု အဆင့်တွင် ပြောင်းလဲမှုများရှိပါက တန်းဖိုးဖြတ်ခြင်းနှင့် အသုံးစရိတ်များနှင့်စပ်လျဉ်းသည့် အသေးစိတ်များအပါအဝင်၊ လုပ်ဆောင်ချက်၏ စည်းကမ်းသတ်မှတ် ချက်များကို အစိုးရနှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများက ထုတ်ဖော် တင်ပြရန် မျှော်လင့်ပါသည်။ အစိုးရ နှင့် နိုင်ငံတော်ပိုင်စီးပွားရေး လုပ်ငန်း(များ)က နိုင်ငံအတွင်း သတ္တုတွင်းရေနံသဘာဝဓာတ်ငွေ့ လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများအား ချေးငွေများ သို့မဟုတ် ချေးငွေအာမခံများ ထုတ်ပေးရာ၌ ဤလုပ်ဆောင်ချက်များ၏ အသေးစိတ်ကို ထုတ်ဖော်တင်ပြရပါမည်။

၃။ စူးစမ်းရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်း

## ၃ အီးအိုင်တီအိုင် လိုအပ်ချက် ၃

စူးစမ်းရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်း

**ခြုံငုံသုံးသပ်ချက်။** အီးအိုင်တီအိုင်သည် ပါဝင်ပတ်သက်ဆက်စပ်သူများအား ဤကဏ္ဍ၏ အလားအလာကို နားလည် သဘော ပေါက်စေနိုင် မည့် စူးစမ်းရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းနှင့် ဆက်နွှယ်သည့် သတင်းအချက်အလက်များ ထုတ်ဖော်တင်ပြ ခြင်း တို့လိုအပ်ပါသည်။ စူးစမ်းရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းတွင် ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် စပ်လျဉ်းသည့် လိုအပ်ချက် များတွင် (၃.၁) စူးစမ်းရှာဖွေရေး လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ (၃.၂) ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များနှင့် (၃.၃) ပြည်ပ ပို့ကုန် ဆိုင်ရာ အချက်အလက်များ ပါဝင်ပါသည်။

**၃.၁ စူးစမ်းရှာဖွေခြင်း။** အကောင်အထည်ဖော်သည့် နိုင်ငံများသည် မည်သည့်ထူးခြားသော စူးစမ်းရှာဖွေရေး လုပ်ငန်း ဆောင်ရွက်ချက်များမဆို ပါဝင်သော တွင်းထွက်သယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ နှင့် ပတ် သက်သည် ခြုံငုံသုံးသပ်ချက်တစ်ခု ကို ထုတ်ဖော်တင်ပြရမည်။

**၃.၂ ထုတ်လုပ်ခြင်း ။** စုစုပေါင်းထုတ်လုပ်သည့် ပမာဏ နှင့် ထုတ်လုပ်သော ကုန်စည်အလိုက် ထုတ်လုပ်သည့် တန်ဖိုးနှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ထုတ်လုပ်မှုတို့အပါအဝင် အီးအိုင်တီအိုင် အစီရင်ခံစာအား လွှမ်းခြုံသော ဘဏ္ဍာရေး နှစ်အတွက် ထုတ်လုပ်မှု အချက်အလက်များကို ထုတ်ဖော်တင်ပြရမည်။ ဤအချက်အလက်များတွင် အီးအိုင် တီအိုင် အစီရင်ခံစာ တွင် ထုတ်ဖော်တင်ပြ ထားသော ထုတ် လုပ်မှု ပမာဏ နှင့် တန်ဖိုးများကို မည်သို့တွက်ချက်ခဲ့သည် ဆို သည့် သတင်းအချက်အလက်နှင့် ထုတ်လုပ်မှု အချက်အလက်ရရှိ ရာ ရင်းမြစ်တို့ပါဝင်ပါသည်။

**၃.၃ ပြည်ပပို့ကုန်တင်ပို့မှု ။** စုစုပေါင်း ပြည်ပပို့ကုန် တင်ပို့မှု ပမာဏနှင့် ကုန်စည်အလိုက် ပြည်ပပို့ကုန်တင်ပို့မှုတန်ဖိုးနှင့် သက်ဆိုင်သည့် အခါ မူလကုန်ပစ္စည်းရရှိရာ ပြည်နယ်/ တိုင်းဒေသကြီး အလိုက် ပြည်ပပို့ကုန်တင်ပို့မှု အပါအဝင် အီးအိုင် တီအိုင် အစီရင်ခံစာ လွှမ်းခြုံသော ဘဏ္ဍာရေးနှစ်အတွက် ပြည်ပ ပို့ကုန်တင်ပို့မှု အချက်အလက်များကို ထုတ်ဖော် တင်ပြရမည်။ ဤအချက်အလက်များတွင် အီးအိုင်တီအိုင် အစီရင်ခံစာတွင် ထုတ်ဖော်တင်ပြထားသော ပြည်ပပို့ကုန်တင် ပို့မှု အချက်အလက် ရရှိရာ အရင်းအမြစ် နှင့် ပြည်ပပို့ကုန်တင်ပို့မှု ပမာဏ တန်ဖိုးများကို မည်သို့တွက်ချက်ခဲ့သည်ဆိုသည့် အချက်တို့ ပါဝင်ပါသည်။

## ၄ အီးအိုင်တီအိုင် လိုအပ်ချက် ၄

အခွန်အကောက် ကောက်ခံမှု

**ခြုံငုံသုံးသပ်ချက်။** သဘာဝသယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ၏ စီမံအုပ်ချုပ်မှု နှင့်ပတ်သက်၍ ပြည်သူလူထု အခြေအတင် ဆွေးနွေးနိုင်ရန် ကုမ္ပဏီ၏ ပေးချေမှုများနှင့် အစိုးရ အခွန်အကောက် ရငွေများကို နားလည် သဘောပေါက်ခြင်းကသတင်းအချက်အလက် ပေးနိုင်သည်။ တွင်းထွက် သယံဇာတအရင်းအမြစ်များ တူးဖော် ထုတ်လုပ် ရေး လုပ်ငန်းများမှ ကုမ္ပဏီပေးချေငွေများနှင့် အစိုးရ အခွန်အကောက်ရငွေများ ပြည့်ပြည့်စုံစုံ စာရင်းကိုက်ညီမှု ကို အီးအိုင် တီအိုင်က လိုအပ်ပါသည်။ အခွန်အကောက် ကောက်ခံမှု နှင့် စပ်လျဉ်းသည့် အီးအိုင်တီအိုင် လိုအပ်ချက်များ တွင် (၄.၁) အခွန်များနှင့် ရငွေများကို ပြည့်ပြည့်စုံစုံ ထုတ်ဖော် တင်ပြခြင်း၊ (၄.၂) နိုင်ငံတော်ပိုင် ထုတ်လုပ်မှုဝေစုများကိုရောင်းချခြင်း (သို့မဟုတ်) ပစ္စည်းအား ဖြင့် ကောက်ခံသော အခြားရငွေများ (၄.၃) အခြေခံ အဆောက်အအုံ ဖြည့်ဆည်းပေးခြင်းများနှင့် ကုန်စည်အပြန်အလှန် လဲလှယ်မှု အစီအစဉ်များ (၄.၄)သယ်ယူပို့ဆောင်ရေး ရငွေများ (၄.၅) နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းဆိုင်ရာ လုပ်ဆောင်မှုများ၊ (၄.၆)ဒေသန္တရ ပေးချေငွေများ၊ (၄.၇) ပေါင်းစုံစုစည်းမှု မရှိသည့် အဆင့် (၄.၈) အချက် အလက်ဆိုင်ရာ အချိန်ကိုက်မှု နှင့် (၄.၉) အချက်အလက်၏ အရည်အသွေးတို့ ပါဝင်ပါ သည်။

၄။ အခွန်အကောက် ကောက်ခံမှု

**၄.၁ အခွန်နှင့် ရငွေများကို ပြည့်ပြည့်စုံစုံ ထုတ်ဖော်တင်ပြခြင်း**

(က) အစီရင်ခံ တင်ပြသည့် လုပ်ငန်းစဉ်မတိုင်မီ လျော်ကန်ညီညွတ်သော အခွန်ရှုထောင့်မှ ယုတ္တိတန်ခြင်း သတ်မှတ်ချက် **(Thresholds)**များ အပါအဝင် မည်သည့်ပေးချေမှုများနှင့် ရငွေများသည် ရုပ်ဝတ္ထုပစ္စည်းပိုင်း ဆိုင်ရာ ဖြစ်သည်။ ထုတ်ဖော် တင်ပြရမည် ဆိုသည်ကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ သဘောတူရန် လိုအပ်ပါသည်။ ပေးချေမှုများနှင့် ရငွေများအား အခွန်ရှုထောင့်မှ ယုတ္တိတန်ခြင်း သတ်မှတ်ချက်အဖြစ် စဉ်းစားရန်ဖြစ်ပြီး ယင်းတို့ကိုဖော်ပြရန် ပျက်ကွက်ခြင်း မှားယွင်းဖော်ပြခြင်း များသည် အီးအိုင်တီအိုင် အစီရင်ခံစာ ပြီးပြည့်စုံမှုကို သက်ရောက်မှုရှိပါသည်။ ရငွေလမ်းကြောင်း၊ ဆက်နွယ်သော ရုပ်ဝတ္ထုဆိုင်ရာ အဓိပ္ပာယ်ဖော်ပြချက်များနှင့် အခွန်ရှုထောင့်မှ ယုတ္တိတန်ခြင်း သတ်မှတ်ချက်တစ်ခုစီ၏ ဖော်ပြချက်ကို ထုတ်ဖော်တင်ပြရပါမည်။ အခွန်ရှုထောင့်မှ ယုတ္တိတန်ခြင်းသတ်မှတ်ချက်ကိုဖော်ပြရာတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် စုစုပေါင်းရငွေများနှင့် ဆက်နွယ်၍ ရငွေအရွယ်အစားကို စဉ်းစားသင့်ပါသည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် စဉ်းစားခဲ့သည့် ရွေးချယ်စရာများကိုလည်းကောင်း အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် အခွန်ရှုထောင့်မှ ယုတ္တိတန်ခြင်း သတ်မှတ်ချက် အတွက် အကြောင်းပြချက်ကိုလည်းကောင်း၊ မှတ်တမ်းတင်ထားသင့် ပါသည်။

(ခ) အောက်ဖော်ပြပါရငွေရရှိသည့် လမ်းကြောင်းများ ပါဝင်သင့်ပါသည်။

၁။ အိမ်ရှင်အစိုးရက ခံစားပိုင်ခွင့်ရှိသည့် ထုတ်လုပ်မှု (ရေနံမှ အမြတ် စသည်)

၂။ အမျိုးသားနိုင်ငံတော်ပိုင် ကုမ္ပဏီက ခံစားပိုင်ခွင့်ရှိသည့် ထုတ်လုပ်မှု

၃။ အမြတ်အခွန်များ

၄။ ဓာတ်သတ္တုအခွန်

၅။ အမြတ်ဝေစု

၆။ ဆုကြေးများ၊ လက်မှတ်ထိုးဆုကြေးရှာဖွေတွေ့ရှိမှုနှင့် ထုတ်လုပ်မှုဆုကြေး

၇။ လိုင်စင်ခများ၊ ငှားရမ်းခများ၊ ဝင်ကြေးများ၊ လိုင်စင်များ နှင့် / သို့မဟုတ် လျှော့ပေးခြင်းများအတွက် အခြားပေးချေရမည့် အခကြေးငွေများ

၈။ အစိုးရအား ပေးရသည့် အခြားထူးခြားသော ပေးချေငွေများနှင့် ရုပ်ဝတ္ထုအကျိုးအမြတ်

(ဂ) သဘောတူညီထားသော နယ်ပယ်နှင့်အညီ နိုင်ငံ စီးပွားရေးလုပ်ငန်းများသို့ လုပ်ငန်းများမှ ပေးချေငွေများအပါအဝင်၊ ပြည့်စုံသော အစိုးရ၏ အခွန်အကောက်နှင့် ကုမ္ပဏီပေးချေငွေများ ကိုက်ညီရှင်းတမ်းကို အကောင်အထည်ဖော်သည့် နိုင်ငံများက ဖြည့်ဆည်းပေး ရမည်ဖြစ်ပါသည်။ သဘောတူညီထားသော နယ်ပယ်နှင့်အညီ အစိုးရသို့ပေးချေမှုများ ပြုလုပ်သည့် ကုမ္ပဏီ အားလုံးသည် ထိုပေးချေမှုများကို ပြည့်ပြည့်စုံစုံထုတ်ဖော်တင်ပြရန် လိုအပ်ပါသည်။ အဖွဲ့အစည်းတစ်ခုသည် အကယ်၍ ၎င်း၏ ပေးချေမှုများနှင့် အခွန်အကောက်များသည် ရုပ်ဝတ္ထုမဟုတ်ကြောင်း ပြသနိုင်မှသာလျှင် အစီရင်ခံခြင်းမှ ကင်းလွတ်ခွင့် ပြုသင့်ပါသည်။ ရုပ်ဝတ္ထုအခွန်ကောက်ရငွေများရရှိသည့်အစိုးရအဖွဲ့အစည်းများသည် ယင်းရငွေများကိုသဘောတူညီထားသောနယ်ပယ်နှင့်အညီ ပြည့်ပြည့်စုံစုံထုတ်ဖေါ်တင်ပြရန်လိုအပ်ပါသည်။

(ဃ) ထူးခြားသောလက်တွေ့အတားအဆီးများ မရှိလျှင်သဘောတူညီထားသော အခွန်ရှုထောင့်မှ ယုတ္တိတန်ခြင်း သတ်မှတ်ချက် **(Thresholds)** သို့ကျရောက်သော အခွန်အကောက်ရငွေများအပါအဝင် အီးအိုင်တီအိုင် အစီရင်ခံစာနယ် ပယ်တွင်သဘောတူညီထား သည့်အကျိုးအမြတ် လမ်းကြောင်း တစ်ခုစီမှရရှိသည့် ရငွေစုစုပေါင်း ပမာဏနှင့် ပတ်သတ်သည့်သတင်းအချက်အလက်များကို စုပေါင်း၍အစိုးရက ထပ်ဆောင်း ထုတ်ပြန်ပေးရန်လိုအပ်ပါ သည်။ ဤအချက်အလက်များမရရှိနိုင်သည့်နေရာ၌ အစိုးရ၏ရငွေစုစုပေါင်းနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံ စာရင်းရရှိစေရန်အလို့ငှာ လွတ်လပ်သောတိုက်ဆိုင်စစ်ဆေးမှုသည် အခြားရင်းမြစ်များမှ မည်သည့်သက်ဆိုင် သော အချက်များနှင့် ခန့်မှန်းချက်များကိုမဆို ကိုးကားသင့်ပါသည်။

**၄.၂ နိုင်ငံတော်၏ ထုတ်လုပ်မှုရောင်းချခြင်း (သို့မဟုတ်) ရုပ်ဝတ္ထုအရ ကောက်ခံရရှိသော အခြားရငွေများ**

နိုင်ငံတော်၏ ထုတ်လုပ်မှုဝေစုရောင်းချခြင်း (သို့မဟုတ်) ရုပ်ဝတ္ထုအရ ကောက်ခံရရှိသော အခြားရငွေများသည်

၄။ အစွန်အကောက် ကောက်ခံမှု

ရုပ်ဝတ္ထုဖြစ်ရာ နိုင်ငံပိုင်လုပ်ငန်းများအပါအဝင် အစိုးရသည်ရောင်းချသောပမာဏနှင့်ရရှိသော ရငွေများကိုထုတ်ဖော်တင်ပြရန်လိုအပ်ပါသည်။ ထုတ်ပြန်သောအချက်အလက်များသည် ဝယ်ယူသောကုမ္ပဏီတစ်ခုချင်းမှ ပေးခြင်းဖြစ်ရမည်ဖြစ်ပြီး အခြားပေးချေငွေများနှင့်ရငွေများ၏ လမ်းကြောင်းများ အစီရင်ခံခြင်းနှင့်အချိုးညီသော အဆင့်များအလိုက်ခွဲခြားဖော်ပြခြင်းဖြစ်ရမည်။ (လိုအပ်ချက် ၄.၇)

အစီရင်ခံစာတင်ပြခြင်းကိုကုန်ပစ္စည်းအမျိုးအစား၊ ဈေးနှုန်း၊ ဈေးကွက်နှင့်ရောင်းချရသည့်ပမာဏအလိုက်ခွဲခြားဖော်ပြနိုင်ပါသည်။လက်တွေ့နှင့်ဖြစ်နိုင်ချေရှိသောနေရာများတွင်အစီရင်ခံစာတင်ပြသည့်လုပ်ငန်းစဉ်တွင်း ဝယ်ယူသော ကုမ္ပဏီများအပါအဝင် ရောင်းချသော ပမာဏနှင့်ရရှိသည့် ရငွေများကိုကိုက်ညှိရန်လွတ်လပ် သောတိုက်ဆိုင်စစ်ဆေးသူများကို သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့က တာဝန်ပေးရန် တိုက်တွန်းအားပေးပါသည်။

### ၄.၃ အခြေခံအဆောက်အဦပြည့်ဆည်းပေးခြင်းနှင့်ကုန်ပစ္စည်းများ ဖလှယ်မှုအစီအစဉ်များ

ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ (ချေးငွေများ၊ ထောက်ပံ့ငွေများနှင့်အခြေခံအဆောက်အဦလုပ်ငန်းများ အပါအဝင်) ရေနံ၊ ဓါတ်ငွေ့သို့မဟုတ် ဓါတ်သတ္တုတူးစမ်းရှာဖွေရေး သို့မဟုတ်ထုတ်လုပ်မှုဆိုင်ရာလျှော့ပေးမှုများ သို့မဟုတ် ယင်းကုန်ပစ္စည်းများအား ထုတ်ပေးခြင်းများ ကိုတစ်စိတ်တစ်ပိုင်း သို့မဟုတ် အပြည့်အဝဖလှယ်ခြင်းများပါဝင် သည့် မည်သည့်သဘောတူညီချက်များ သို့မဟုတ်သဘောတူညီချက် အစုံများ ရှိမရှိဆိုသည်ကို သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့နှင့် လွတ်လပ်စွာ တိုက်ဆိုင်စစ်ဆေးသူတို့က စဉ်းစားရန်လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်စွမ်း ရှိစေရန် သက်ဆိုင်ရာသဘောတူညီချက်များနှင့် ကန်ထရိုက်စာချုပ်များ၏ စည်းကမ်းသတ်မှတ်ချက်များ ပါဝင်ပတ်သတ်သူများ၊ နိုင်ငံတော်ကအာမခံထားသည့်သယံဇာတအရင်းအမြစ်များ၊ အကျိုးအမြတ် လမ်းကြောင်းချိန်ကိုက်မှုတန်ဖိုး (ဥပမာ – အခြေခံအဆောက်အဦများ) နှင့်ထုံးတမ်းစဉ်လာ ကန်ထရိုက်စာချုပ် များနှင့်ဆက်နွယ်သဘောတူညီချက်များ၏ ရုပ်ဝတ္ထု အခြေခံတို့ကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် လွတ်လပ်သောတိုက်ဆိုင် စစ်ဆေးသူတို့က အပြည့်အဝ နားလည် သဘောပေါက်ရန် လိုအပ်ပါသည်။ သုံးပွင့် ဆိုင်ညွှန့်ပေါင်း အဖွဲ့ကထိုသဘောတူညီချက် များသည် ရုပ်ဝတ္ထု အခြေခံဖြစ်သည်ဟု မှတ်ယူသောနေရာတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် လွတ်လပ်သောတိုက် ဆိုင်စစ်ဆေးသူတို့က အသေးစိတ်နှင့်ပွင့်လင်းမြင်သာမှု အဆင့်တစ်ရပ်သည် အခြားပေးချေငွေများနှင့် ရငွေရရှိရာလမ်းကြောင်းများ၏ ထုတ်ဖော်တင်ပြမှုနှင့် စာရင်းကိုက် ညီမှုတို့နှင့် အချိုးညီသည်ကိုဖော်ပြထားသည့်အီးအိုင်တီ တိုင်အစီရင်စာကထိုသဘောတူညီချက်များကိုဦး တည်ရေးသားကြောင်း ထင်ရှားစေရန်လိုအပ်ပါသည်။ အဓိကလုပ်ဆောင်ချက်များကိုစာရင်းကိုက်ညီရန်မဖြစ်နိုင် သောနေရာတွင် အီးအိုင်တီအိုင်အစီရင်ခံစာတွင် ပါဝင်ရမည့် သဘောတူညီချက်များ ပေါ်တွင်ပါတီများ (ပါဝင်သူများ)က တစ်ဖက်သတ်ထုတ်ဖော်တင်ပြရန်အတွက် အသုံးပြုသည့်ချဉ်းကပ်မှုကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က သဘောတူသင့်ပါသည်။

### ၄.၄ သယ်ယူပို့ဆောင်ရေးရငွေများ

ရေနံ၊ ဓါတ်ငွေ့နှင့်သတ္တုများ သယ်ယူပို့ဆောင်ရေးမှရရှိသော ရငွေများသည် ရုပ်ဝတ္ထုဖြစ်သောနေရာတွင်အစိုးရနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ကရရှိသော ရငွေများကိုထုတ်ဖော်တင်ပြရန်မျှော်လင့်ပါသည်အခြားပေးချေ ငွေများနှင့်ရငွေလမ်း ကြောင်းများ အစီရင်ခံခြင်းနှင့်အချိုးညီသောအဆင့်များအလိုက်ခွဲခြားတင်ပြရပါမည်။ (လိုအပ်ချက် ၄.၇) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံများသည် –

၁။ သယ်ယူပို့ဆောင်ရေးအစီအစဉ်များ ဖော်ပြချက်တစ်ရပ်
ယင်းတွင်ပါဝင်သည်များမှာ သယ်ယူပို့ဆောင်ရာတွင်ပါဝင်သော ကုန်ပစ္စည်း၊ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများနှင့် သက်ဆိုင်ရာ ကုမ္ပဏီများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အပါအဝင်အစိုးရအဖွဲ့ အစည်းများ။

၂။ သက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးအခွန်များ၊ သွင်းကုန်အပေါ်ကောက်ခံသည့်အခွန်များ သို့မဟုတ်အခြားသက်ဆိုင် ရာပေးချေမှုများ နှင့် ပတ်သက်သည့် အဓိပ္ပါယ်ဖော်ပြချက်များနှင့် ယင်းတို့ကိုတွက်ချက်ရန်အသုံးပြုခဲ့သောနည်းလမ်းများ။

၃။ သွင်းကုန်အပေါ်ကောက်ခံသည့်အခွန်များနှင့်သယ်ယူပို့ဆောင်ခဲ့သည့်ကုန်စည်များ ပမာဏကိုထုတ်ဖော်

Extractive Industries Transparency Initiative




# အီးအိုင်တီအိုင် စံနှုန်း
# ၂၀၁၆

တင်ပြခြင်း။

၄။ ရေနံ၊ ဓါတ်ငွေ့နှင့်သတ္တုများသယ်ယူပို့ဆောင်ရေးနှင့်ဆက်နွယ်၍ အစိုးရအဖွဲ့အစည်းများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း များကရရှိခဲ့သော ရငွေများကိုထုတ်ဖေါ်တင်ပြခြင်း။

၅။ လက်တွေ့ဆောင်ရွက်နိုင်သောနေရာတွင်ရေနံ၊ ဓါတ်ငွေ့နှင့်သတ္တုများသယ်ယူပို့ဆောင်ရေးနှင့်ဆက်စပ်သော ပမာဏများပြားသည့် ရငွေများကို စာရင်းကိုက်ညီရန်လွတ်လပ်သောတိုက်ဆိုင်စစ်ဆေးသူအား သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က တာဝန်ပေးရန် တိုက်တွန်းအားပေးပါသည်။

**၄.၅ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့်ဆက်နွယ်သည့်လုပ်ဆောင်ချက်များ**

ရေနံ၊ ဓါတ်ငွေ့နှင့်သတ္တုလုပ်ငန်း လုပ်ကိုင်သောကုမ္ပဏီများကနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသို့ ရုပ်ဝတ္ထု ပေးချေမှုများနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ**(State Owned Enterprises(SOEs)**နှင့်အခြားအစိုးရ အေဂျင်စီများအကြား လွှဲပြောင်းပေးမှုများ အပါအဝင် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ၏ အခန်းကဏ္ဍ နှင့် ပတ်သက်သည့်အစီရင်ခံခြင်း လုပ်ငန်းစဉ်ကိုသုံးပွင့်ဆိုင်ညွှန့် ပေါင်းအဖွဲ့ကပြည့်ပြည့်စုံစုံ ဖေါ်ပြပေးရပါမည်။

**၄.၆ ဒေသန္တရငွေပေးချေမှုများ**

သဘောတူညီထားသည့်အကျိုးအမြတ်စီးဆင်းရာလမ်းကြောင်း နယ်ပယ်အတွင်း ဒေသန္တရအဖွဲ့အစည်းများသို့ ကုမ္ပဏီများ မှ တိုက်ရိုက်ပေးချေမှုများသည် ရုပ်ဝတ္ထုပစ္စည်းဟုတ်မဟုတ်ဆိုသည်ကိုသုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့က သတ်မှတ်ရန်လိုအပ်ပါသည်။ ရုပ်ဝတ္ထုပစ္စည်းဖြစ်ပါက ကုမ္ပဏီများကဒေသန္တရအဖွဲ့အစည်းများသို့ ပေးချေငွေများနှင့် ယင်းပေးချေငွေများရရှိမှုတို့ကို အီးအိုင်တီအိုင်အစီရင်ခံစာ တွင်ထုတ်ဖော်တင်ပြခြင်းနှင့်စာရင်း ကိုက်ညီတင်ပြမှုကိုသုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့ကသေချာစွာ ဆောင်ရွက်ရန်လို အပ်ပါသည်။

**၄.၇ တသီးတခြားတင်ပြခြင်းအဆင့်**

အချက်အလက်များ ထုတ်ဝေခြင်းအတွက် တသီးတခြားတင်ပြခြင်းအဆင့်ကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က သဘောတူညီရန် လိုအပ်ပါသည်။ အီးအိုင်တီအိုင် အချက်အလက်များကိုကုမ္ပဏီတစ်ခုချင်း ၊ အစိုးရအဖွဲ့အစည်းတစ်ခုချင်းနှင့်ရငွေစီးဆင်းရာ လမ်းကြောင်းတစ်ခုချင်းက တင်ပြရန်လိုအပ်ပါသည်။ စီမံချက်တစ်ခုချင်း အဆင့်အစီရင်ခံခြင်းလိုအပ်ပါသသည်။ ယင်းသို့ တင်ပြခြင်းသည် အမေရိကန်ပြည်ထောင်စု ငွေကြေးလုံခြုံရေးနှင့် လဲလှယ်ရေး ကော်မရှင် **(united State Securities and Exchange Commission)** ၏စည်းမျဉ်းများနှင့် မကြာမီထွက်ရှိလာမည့် ဥရောပသမဂ္ဂ (**European Union**) လိုအပ်ချက်များနှင့် ဆီလျော်ညီညွတ်ရမည်ဖြစ်ပါသည်။

**၄.၈ အချက်အလက်များ အချိန်နှင့်တပြေးညီကိုက်ညီမှု**

(က) အကောင်အထည်ဖေါ်သည့်နိုင်ငံများသည် ၎င်းတို့၏ ပထမအီးအိုင်တီအိုင်အစီရင်ခံစာကို အီးအိုင်တီအိုင်အဖွဲ့ဝင်လောင်း နိုင်ငံတစ်နိုင်ငံ အဖြစ်လက်ခံသည့်နေ့မှ (၁၈)လအတွင်းတင်သွင်းရန်လိုအပ်ပါသည်။ ထို့နောက်တွင် အကောင်အထည်ဖော်သည့်နိုင်ငံများသည်အီးအိုင်တီအိုင်အစီရင်ခံစာများကိုနှစ်စဉ်တင်သွင်းကြရန်မျှော်လင့်ပါသည်။

(ခ) အကောင်အထည်ဖေါ်သည့်နိုင်ငံများသည်ဒုတိယ သို့မဟုတ် နောက်ဆုံးပြီးဆုံးသည့် စာရင်းကာလထက်နောက်မကျသော အချက်အလက်များကို ထုတ်ဖေါ်တင်ပြရပါမည်။ ဥပမာ ၂၀၁၆ ခုနှစ်ပြက္ခဒိန်/ ဘဏ္ဍာရေးနှစ်တွင် ထုတ်လုပ်တင်ပြသော အီးအိုင်တီအိုင် အစီရင်ခံစာသည် ၂၀၁၄ ပြက္ခဒိန်/ ဘဏ္ဍာရေးနှစ်အောက်နောက်မကျသောအချက်အလက်များ ပေါ်တွင်အခြေခံတင်ပြရမည်ဖြစ်ပါသည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့များအား အတတ်နိုင်ဆုံးဖြစ်နိုင်သမျှစောနိုင်သမျှစောသည့်အချက်အလက် များကိုထုတ် ဖေါ်တင်ပြနိုင်မည့်အခွင့်အလမ်းများကိုရှာဖွေရန်တိုက် တွန်းအားပေးပါသည်။ ဥပမာအားဖြင့် စဉ်ဆက်မပြတ် အင်တာနက်လိုင်းပေါ်မှထုတ်ဖေါ်တင်ပြချက်များမှတစ်ဆင့်သို့မဟုတ် ရရှိနိုင်သောနေရာများ၌ အီးအိုင်တီအိုင်ရ ငွေအချက် အလက်လွှမ်းခြုံသည့် စာရင်းကာလထက်များ မကြာမီလတ်တလောက ဆက်စပ်သည့်အီးအိုင် တီအိုင်အချက်အလက်များ ထပ်ဆောင်း ထုတ်ဝေဖြန့်ချိခြင်းအားဖြင့် ဆောင်ရွက်ရန်အားပေးတိုက်တွန်းပါသည်။ အီးအိုင်တီအိုင်အစီရင်ခံ

ခြင်းမှာသိသိသာသာ နှောင့်နှေးသည့် အခြေအနေမျိုးတွင် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သည်အစီရင်ခံတင်ပြရန် ပျက်ကွက်သည့် ကြားကာလများအတွက်ပါ အီးအိုင်တီအိုင် အစီရင်ခံစာများ ထုတ်လုပ်တင်ပြနိုင်ရေးအတွက် အဆင့်ဆင့်ကြိုးပမ်းသွားရမည်ဖြစ်ပြီး နှစ်တိုင်းသည်အစီရင်ခံစာ ထုတ်ပြန်ရမည် ဖြစ်ပါသည်။

(ဂ) အီးအိုင်တီအိုင်အစီရင်ခံစာကလွှမ်းခြုံသည့်စာရင်းကာလကိုသုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ကသဘောတူညီရန်လို အပ်ပါသည်။

**၄.၉ အချက်အလက်များ၏ အရည်အသွေးနှင့် အာမခံချက်**

(က) အီးအိုင်တီအိုင်သည် ပေးချေမှုများ နှင့် ရငွေများသည် အများယုံကြည်လက်ခံနိုင်မှု လွတ်လပ်စွာ စာရင်းစစ်ဆေးမှု နှင့် အပြည်ပြည်ဆိုင်ရာ မှ လက်ခံထားသည့် စာရင်းစစ်ဆေးရေး စံနှုန်းများ နှင့် ကိုက်ညီမှုရှိမရှိ အကဲဖြတ် ချင့်ချိန် ဆုံးဖြတ်ရန် လိုအပ်ပါသည်။

(ခ) ပေးချေမှု များနှင့် ရငွေများအား အများယုံကြည်လက်ခံသော လွတ်လပ်စွာ တိုက်ဆိုင်စစ်ဆေးသူက ကိုက်ညီ စစ်ဆေးခြင်း၊ အပြည်ပြည်ဆိုင်ရာမှ လက်ခံထားသည့် စာရင်းစစ်ဆေးရေး စံနှုန်းများအသုံးပြုခြင်း နှင့် စာရင်း ကိုက်ညီမှု ပြုလုပ်ရာ တွင် တွေ့ရှိရသော မည်သည့် ကွာဟခြားနားချက်များကို မဆို ရှာဖွေတွေ့ရှိလျင် ယင်းခြားနား ချက်များအပါအဝင် လွတ်လပ်စွာတိုက်ဆိုင်စစ်ဆေးသူ၏ သဘောထား ထင်မြင်ချက်ဖော်ပြခြင်းတို့ လိုအပ် ပါသည်။

၁။ ကုမ္ပဏီ၏ ပေးချေငွေများနှင့် အစိုးရ၏ ရငွေများ စာရင်းကိုက်ညီစစ်ဆေးခြင်းကို လွတ်လပ်သော တိုက် ဆိုင်စစ်ဆေး ဆောင်ရွက်ရမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်အတတ်ပညာရှင်များ စံနှုန်းများကို အသုံးပြုစစ်ဆေးခြင်း ဖြစ်ရပါမည်။

၂။ လွတ်လပ်သော တိုက်ဆိုင်စစ်ဆေးသူသည် အများက ယုံကြည်လက်ခံသူ၊ ယုံကြည်အားထားရသူနှင့် ကျွမ်းကျင်မှုဆိုင်ရာ တတ်ကျွမ်းသူဟု သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်းအဖွဲ့က အသိအမှတ်ပြုသူ ဖြစ်ရပါမည်။ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့က လွတ်လပ်သော စာရင်းတိုက်ဆိုင်စစ်ဆေးသူ ခန့်အပ်ခြင်းကို အတည်ပြု ထောက်ခံပေးရပါမည်။

၃။ သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်းအဖွဲ့နှင့် လွတ်လပ်သော တိုက်ဆိုင်စစ်ဆေးသူတို့သည် တာဝန်နှင့်ဝတ္တရား**(TOR)** တစ်ရပ်နှင့် အီးအိုင်တီအိုင် ဘုတ်အဖွဲ့က အတည်ပြုထောက်ခံထားသော အီးအိုင်တီအိုင် အစီရင်ခံစာများ ပြုစုရေးသားထုတ်ဝေရန် အတွက် သဘောတူညီထားပြီးသော လုပ်ထုံးလုပ်နည်းများကို သဘောတူညီ ရန် လိုအပ်ပါသည်။ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သည် အထက်ပါသဘောတူညီချက်များကို သွေဖယ် ဆောင်ရွက်လိုပါက အီးအိုင်တီအိုင်ဘုတ်အဖွဲ့၏ သဘောတူညီမှုကို ကြိုတင်တောင်းခံရပါမည်။ (လိုအပ် ချက် ၈.၁)

(ဂ) ၄.၉ (က) တွင်ဖော်ပြပါ အကဲဖြတ်မှုပြီးဆုံးသည့်နေရာတွင် (၁) အီးအိုင်တီအိုင်စံနှုန်းအရ လိုအပ်သော သတင်း အချက်အလက်ကို သတ်မှတ်ထားသော အသေးစိတ်ပုံမှန် ထုတ်ဖော်တင်ပြမှု နှင့် (၂) ဘဏ္ဍာရေးအချက်အ လက်များသည် အများယုံကြည်လက်ခံမှု၊ လွတ်လပ်စွာ စာရင်းစစ်ဆေးမှုနှင့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများ အသုံးပြုမှုတို့ဖြင့် စစ်ဆေးခံနိုင်မှုများ ဖြစ်ကြပြီး သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်း အဖွဲ့သည် ခေတ်ရေစီးကြောင်း ထုတ် ဖော်တင်ပြမှုများအတွက် သဘောတူညီထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အီးအိုင်တီအိုင် အကောင် အထည်ဖော်မှုကို ခေတ်ရေစီးကြောင်းအတိုင်းသွားရန် အတည်ပြုချက်ကို အီးအိုင်တီအိုင် ဘုတ်အဖွဲ့ထံမှ တောင်းခံနိုင်ပါသည်။ ယင်းကြိုတင် အတည်ပြုချက်မရှိခဲ့လျင် ၄.၉(ခ) နှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ် ပါသည်။

၅။ အခွန် အကောက်ရငွေခွဲဝေသတ်မှတ်ခြင်း

## ၅ အီးအိုင်တီအိုင် လိုအပ်ချက် ၅

အခွန် အကောက်ရငွေခွဲဝေသတ်မှတ်ခြင်း

**ခြုံငုံသုံးသပ်ချက်။** အီးအိုင်တီအိုင်သည် အခွန်အကောက် ရငွေခွဲဝေသတ်မှတ်ခြင်းနှင့် ဆက်နွယ်သည့် သတင်းအချက်အလက်များ ထုတ်ဖော် တင်ပြမှုများ လိုအပ်ပါသည်။ ပါဝင်ပတ်သက်ဆက်စပ်သူများအနေဖြင့် အခွန်အကောက် ရငွေများအား အမျိုးသားအဆင့် ၊ ဆီလျော် ဆက်စပ်သည့် နေရာများ၌ ပြည်နယ် တိုင်းဒေသကြီး အဆင့်ဘတ်ဂျက်များ (ရသုံးမှန်းခြေငွေစာရင်း) တွင် မည်သို့မှတ်တမ်းတင် သည်ကို သိရှိနိုင်စေရန် ဖြစ်ပါသည်။ အခွန်အကောက်ရငွေများ ခွဲဝေသတ်မှတ်ခြင်းနှင့် ဆက်နွယ်၍ အီးအိုင်တီအိုင်၏ လိုအပ်ချက်များတွင် (၅.၁) အခွန်အကောက်ရငွေများ ခွဲဝေခြင်း၊ (၅.၂) ပြည်နယ်/တိုင်းဒေသကြီးများ အဆင့်လွှဲပြောင်းပေးခြင်း (၅.၃) အခွန်အကောက်ရငွေ စီမံခန့်ခွဲခြင်းနှင့် အသုံးစရိတ်များ ပါဝင်ပါသည်။

**၅.၁ သဘာဝသယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၏ အခွန်အကောက်ရငွေများ ခွဲဝေခြင်း**

အကောင်အထည်ဖော်သည့် နိုင်ငံများသည် သဘာဝသယံဇာတအရင်းအမြစ်များ တူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများ၏ အခွန်အကောက်ရငွေ များ ခွဲဝေခြင်း ဖော်ပြချက်တစ်ခုကို ထုတ်ဖော်တင်ပြရပါမည်။

(က) အကောင်အထည်ဖော်သည့် နိုင်ငံများသည် မည်သည့် တွင်းထွက် သယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၏ ငွေသားဖြင့်ဖြစ်စေ (သို့မဟုတ်) ရုပ်ဝတ္ထုပစ္စည်းဖြင့်ဖြစ်စေရရှိသည့် အခွန်အကောက်ရငွေကို အမျိုးသားဘတ်ဂျက်တွင် မှတ်တမ်းတင်မည်ကို ညွှန်ပြရမည်ဖြစ်ပါသည်။ အခွန်အကောက်ရငွေများကို အမျိုးသားဘတ်ဂျက်တွင် မှတ်တမ်းမတင်သည့် နေရာတွင် ဤအခွန်အကောက်ရငွေများ ခွဲဝေသတ်မှတ်မှုကို ရှင်းပြရမည်ဖြစ်ပါသည်။ ဆီလျော်သည့်နေရာတွင် သက်ဆိုင်ရာ ဘဏ္ဍာရေး အစီရင်ခံစာ များတွင် ဖော်ပြထားသော ချိတ်ဆက်သည့်နေရာများနှင့်တကွ ရှင်းပြရပါမည် ဥပမာ အချုပ်အခြာပိုင် ဓနအင်အား နှင့် ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့် အခြား ဘက်ဂျက်ပြင်ပ အဖွဲ့အစည်းများ ဖြစ်ပါသည်။

(ခ) သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့များအား နိုင်ငံတော်အခွန်အကောက်ရငွေ အတန်းအစားခွဲခြားမှု စနစ်များနှင့် **IMF** ၏ အစိုးရဘဏ္ဍာရေးစာရင်းအင်းလက်စွဲကဲ့သို့သော အပြည်ပြည်ဆိုင်ရာ စံနှုန်းများကို ရည်ညွှန်းရန် အားပေးတိုက်တွန်းပါသည်။

**၅.၂ ဒေသန္တရ လွှဲပြောင်းပေးမှုများ**

(က) တွင်းထွက်သယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ ထုတ်လုပ်သော အခွန်အကောက်ရငွေနှင့် ဆက်နွယ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ လွှတ်တော်မှ အတည်ပြုသည့် ဥပဒေ သို့မဟုတ် အခြားအခွန်အကောက် ခွဲဝေပေးရေး ယန္တရားများဖြင့် အခွင့်အာဏာ အပ်နှင်းခံရသည့် အမျိုးသားအဆင့်နှင့် ပြည်နယ်/တိုင်း ဒေသကြီးအဖွဲ့အစည်းများအကြား လွှဲပြောင်းပေးမှုများ ရှိပါက သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် ရုပ်ဝတ္ထုလွှဲပြောင်းပေးမှုများအား ထုတ်ဖော်တင်ပြချက်ကို သေချာစွာဆောင်ရွက်ရန် လိုအပ်ပါသည်။ အကောင်အထည်ဖော်သည့် နိုင်ငံများသည် အခွန်အကောက်ရငွေခွဲဝေခြင်း ပုံသေနည်း (ရှိခဲ့လျှင်) နှင့် သက်ဆိုင်ရာအခွန်အကောက်ရငွေ ခွဲပေးခြင်း ပုံသေနည်းအရ တွက်ချက်ရရှိသည့် လွှဲပြောင်းပေးငွေနှင့် ဗဟို အစိုးရနှင့် သက်ဆိုင်ရာ ပြည်နယ် /တိုင်းဒေသကြီး အဖွဲ့အစည်းတစ်ခုစီအကြား အမှန်တကယ် လွှဲပြောင်းပေးငွေအကြား မည်သည့် ကွာဟချက်များကိုမဆို ထုတ်ဖော်တင်ပြသင့်ပါသည်။ ဤလွှဲပြောင်းပေးမှုများကို သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့က စာရင်းကိုက်ညီ စစ်ဆေးရန် အားပေးတိုက်တွန်းပါသည်။ ပြည်နယ်/တိုင်း ဒေသကြီးများ၏ ပူးပေါင်းပါဝင်မှုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ထူးခြားသော အတားအဆီးများရှိသော နေရာတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် လိုအပ်ချက် ၈.၁ နှင့် အညီ ဆီလျော်အောင် ပြုပြင် အကောင် အထည်ဖော်မှုကို တောင်းခံနိုင်ပါသည်။

၅။ အခွန် အကောက်ရငွေခွဲဝေသတ်မှတ်ခြင်း

(ခ) မည်သည့် ရုပ်ဝတ္ထုကွဲပြား ခြားသော (သို့မဟုတ်) အထူးကိစ္စအတွက် ပြုလုပ်သော လွှဲပြောင်းပေးမှုကို မဆို ထုတ်ဖော်တင်ပြရန် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အား တိုက်တွန်းအပ်ပါသည်။ ဖြစ်နိုင်သည့် နေရာ၌ စာရင်းကိုက် ညီစစ်ဆေးမှုကိုပြုလုပ်ရန် တိုက်တွန်း ပါသည်။

**၅.၃ အခွန်အကောက်ရငွေ စီမံခန့်ခွဲမှုနှင့် အသုံးစရိတ်များ**

အခွန်အကောက်ရငွေ စီမံခန့်ခွဲမှုနှင့် အသုံးစရိတ် နှင့် ဆိုင်သော သတင်းအချက်အလက်များကို တင်ပြရန် သုံးပွင့်ဆိုင် ညွန့်ပေါင်း အဖွဲ့အား တိုက်တွန်း အားပေးပါသည်။ယင်းတွင် အောက်ပါအချက်များပါဝင်ပါသည်။

(က) အထူးအစီအစဉ်များသို့မဟုတ် ပထဝီ ဒေသအားဖြင့် သတ်မှတ်ထားသော နေရာများအတွက် သတ်မှတ်ထားသော မည်သည့် တွင်းထွက်သယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း အခွန်အကောက်ရငွေများကိုမဆို ဖော်ပြချက်

(ခ) နိုင်ငံ၏ ဘတ်ဂျက်နှင့် စာရင်းစစ်ဆေးရေးလုပ်ငန်းစဉ်များ ဖော်ပြချက်နှင့် ဘတ်ဂျက်ရေးဆွဲခြင်း အသုံးစရိတ်များ နှင့် စာရင်းစစ်ဆေးချက်အစီရင်ခံစာများနှင့် သက်ဆိုင်သော ပြည်သူအား အသိပေး ရရှိနိုင်သော ဆက်သွယ်နိုင်သည့် နေရာများ ဖော်ပြချက်

(ဂ) စဉ်ဆက်မပြတ် အခွန်အကောက်ရငွေနှင့် သယံဇာတအရင်းအမြတ်ပေါ် မှီခိုမှုနှင့် စပ်လျဉ်းသည့် ကိစ္စများကို ပြည်သူလူထု ပိုမိုနားလည်သဘောပေါက်စေရန် နှင့် အချေအတင် ဆွေးနွေးမှုများကို အစိုးရထံမှ အချိန်နှင့် တ ပြေးညီထုတ်ပြန်ပေးသော သတင်းအချက်အလက်များ ဤတွင် ဘတ်ဂျက်စက်ဝန်းတွင် ရှေ့လာမည့်နှစ်များ အတွက် ကြောထောက်နောက်ခံ ပြုမည့် ယူဆချက်များ၊ သဘာဝသယံဇာတအရင်းအမြစ်များ တူးဖော်ထုတ် လုပ်ရေး လုပ်ငန်းများ မှ ထွက်ပေါ်လာသည့် မျှော်မှန်းထုတ်လုပ်မှု ကုန်စည်ဈေးနှုန်း များနှင့် အခွန်အကောက်ရငွေ ခန့်မှန်းချက်များနှင့် ဆက်နွယ်သော အချက်များ၊ တွင်းထွက် သယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေး ကဏ္ဍမှ ရရှိရန် မျှော်မှန်းသည့် အနာဂတ် ဘဏ္ဍာရေး အခွန်အကောက်ရငွေ အမျိုးအစားများ ပါဝင်ပါသည်။

## ၆ အီးအိုင်တီအိုင် လိုအပ်ချက် ၆

လူမှုရေး နှင့် စီးပွားရေးကဏ္ဍများတွင် သုံးစွဲမှု

ခြုံငုံသုံးသပ်ချက်။ အီးအိုင်တီအိုင်တွင် လူမှုရေးအသုံးစရိတ်၊ သဘာဝသယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ၏ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ထုတ်ပြန်ရန်လိုအပ်သော ကြောင့် ပါဝင်ပတ်သက်ဆက်စပ်သူများအား သဘာဝသယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများက မိမိတို့ ဆန္ဒရှိသော လူမှုရေးနှင့် စီးပွားရေး အကျိုးသက် ရောက်မှုများနှင့် အကျိုးကျေး ဇူးများကို ဦးဆောင်နိုင်ခြင်း ရှိမရှိ အကဲဖြတ်ရာတွင် အကျိုးရှိသည်။ လူမှုရေးနှင့် စီးပွားရေး သုံးစွဲမှုနှင့် ဆက်နွယ်သော အီးအိုင်တီအိုင်၏ လိုအပ်ချက်တွင် (၆.၁) ကုမ္ပဏီများမှ လူမှုရေးလုပ်ငန်းများအတွက် အသုံးစရိတ်များ (၆.၂) နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း များ၏ တစ်စိတ်တစ်ပိုင်း ကျခံသော ငွေကြေး အသုံးစရိတ်များ နှင့် (၆.၃) နိုင်ငံတော်စီးပွားရေးအတွက် တွင်းထွက်သယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းကဏ္ဍက အကျိုးပြုမှု ခြုံငုံသုံးသပ်ချက်တစ်ရပ်တို့ ပါဝင်ပါသည်။

**၆.၁ သဘာဝသယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီများ၏ လူမှုရေးအသုံးစရိတ်များ**

(က) ရုပ်ဝတ္ထုအားဖြင့် လူမှုရေး အသုံးစရိတ်များကို တွင်းထွက်သယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေး ရင်းနှီးမြှုပ်နှံမှုကို စီမံအုပ်ချုပ်သော အစိုးရနှင့် ချုပ်ဆိုသော ကန်ထရိုက်စာချုပ်များသို့မဟုတ် ဥပဒေအရ လုပ်ပိုင် ခွင့်ရရှိသော ကုမ္ပဏီများက လက်ခံသုံးစွဲသည့်နေရာတွင် အကောင်အထည် ဖော်သည့် နိုင်ငံများသည် ယင်းကို ထုတ်ဖော်တင်ပြရမည်ဖြစ်ပြီး ဖြစ်နိုင်လျှင် ဤလုပ်ဆောင်ချက်များကို စာရင်းကိုက်ညီစစ် ဆေးရပါမည်။ယင်း အကျိုးအမြတ်များကို ရုပ်ဝတ္ထုပစ္စည်းဖြင့် ဖြည့်ဆည်းသည့်နေရာတွင်အကောင်အထည် ဖော်သည့်နိုင်ငံများ သည် ယင်း၏ သဘာဝနှင့် ရုပ်ဝတ္ထုဖြင့်ပေးသည့် လုပ်ဆောင်ချက်၏ တန်ဖိုးယူဆချက်တို့ကို ထုတ်ဖော် တင်ပြရန်

လိုအပ်ပါသည်။ ယင်းလူမှု အသုံးစရိတ်ကို ရရှိ အကျိုးခံစားရသူသည် အခြားအဖွဲ့တစ်ဖွဲ့ ဖြစ်ပြီး အစိုးရအေဂျင်စီ တစ်ရပ်မဟုတ်သည့် နေရာတွင် အကျိုးခံစားခွင့် ရရှိသည့် အဖွဲ့အစည်း၏ အမည်နှင့် လုပ်ကိုင်နေသော လုပ်ငန်းတို့ကို ဖော်ပြရန် လိုအပ်ပါသည်။ စာရင်းကိုက်ညှိစစ်ဆေးရေးလုပ်ရန် ဖြစ်နိုင်စွမ်းမရှိသော နေရာတွင် ဤလုပ်ဆောင်ချက်များကို ကုမ္ပဏီနှင့် သို့မဟုတ် အစိုးရ၏ တစ်ဖက်သတ် ထုတ်ဖော်တင်ပြ ချက်ကို နိုင်ငံများက ဖြည့်ဆည်းပေးသင့်ပါသည်။

(ခ) ကွဲပြားခြားနားသော လူမှုရေး အသုံးစရိတ်များနှင့် လွှဲပြောင်းပေးမှုများသည် ရုပ်ဝတ္ထုပစ္စည်းအရ ဖြစ်ကြောင်း သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်းအဖွဲ့က သဘောတူသည့် နေရာတွင် အစိုးရအဖွဲ့အစည်းများသို့ အခြားငွေပေးချေမှုများနှင့် အခွန်အကောက်ရငွေများ စီဆင်းမှု လမ်းကြောင်း ထုတ်ဖော်တင်ပြခြင်းနှင့် အချိုးညီမျှသော ပွင့်လင်းမြင်သာမှုကို ရရှိစေမည့် အစီရင်ခံခြင်း လုပ်ငန်းစဉ်တစ်ရပ်ကို ဖော်ထုတ်ရန် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အား တိုက်တွန်းအားပေးပါသည်။ အဓိကလုပ်ဆောင်ချက်များကို စာရင်းကိုက်ညှိစစ်ဆေးရန် ဖြစ်နိုင်ဖွယ် မရှိသော နေရာတွင် (ဥပမာ ကုမ္ပဏီ၏ ငွေပေးချေမှုသည် ရုပ်ဝတ္ထုပစ္စည်းပေးခြင်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းသို့ပေးခြင်း) သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်းအဖွဲ့သည် ဆန္ဒအလျောက် ကုမ္ပဏီနှင့် သို့မဟုတ် အစိုးရ တစ်ဖက်သတ် ထုတ်ဖော်တင်ပြမှုများအတွက် ချဉ်းကပ်မှု တစ်ရပ်ကို သဘောတူရန် ဆန္ဒရှိနိုင်ပါသည်။

**၆.၂ ဘဏ္ဍာရေးအသုံးစရိတ်ဟု ပုံဖမ်းသုံးစွဲသည့် လူမှုရေးဆိုင်ရာအသုံးစရိတ်**

အီးအိုင်တီအိုင်လုပ်ငန်းစဉ်များ ဖော်ဆောင်သောနိုင်ငံများ၌ နိုင်ငံတော်က ပူးပေါင်းပါဝင်ဆောင်ရွက်သော သဘာဝသယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ အခွန်မဟုတ်သော အခကြေးငွေများအား ဘဏ္ဍာရေးအသုံးစရိတ်ဟု ပုံဖမ်းသုံးစွဲသည့် လူမှုရေးဆိုင်ရာအသုံးစရိတ်တို့ကို ဖော်ပြရမည်ဖြစ်သည်။ ဘဏ္ဍာရေးအသုံးစရိတ်ဟု ပုံဖမ်းသုံးစွဲသည့် လူမှုရေးဆိုင်ရာအသုံးစရိတ်များတွင် လူမှုရေးဝန်ဆောင်မှုများအတွက် ပေးချေငွေများ၊ ပြည်သူလူထုအတွက် အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ လောင်စာဆီအတွက် ထောက်ပံ့ခြင်းနှင့် နိုင်ငံတော်၏ ကြွေးမြီများအတွက် ပေးဆောင်ခြင်းတို့ပါဝင်သည်။ (အခြားငွေပေးချေမှုများ နှင့် အခွန်အကောက် ရငွေများ စီးဆင်းမှုလမ်းကြောင်း ထုတ်ဖော်တင်ပြခြင်းနှင့် အချိုးညီမျှသော ပွင့်လင်းမြင်သာမှု အဆင့် တစ်ခုကို ရရှိ အောင်မြင်စေမည့် အစီရင်ခံခြင်းလုပ်ငန်းစဉ်တစ်ရပ်ကို ဖော်ထုတ်ရန် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အား တိုက်တွန်းအားပေးပါသည်။ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း၏ လုပ်ငန်းခွဲ ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်းများ ပါဝင်သင့်ပါသည်။)

**၆.၃ အီးအိုင်တီအိုင် လုပ်ငန်းစဉ်ကို တွင်းထွက်သယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ နိုင်ငံတော်စီးပွားရေးအတွက်ထည့်ဝင်ကူညီမှု**

နိုင်ငံတော်၏ ဘဏ္ဍာရေးကဏ္ဍတွင်အကောင်အထည်ဖော်သည့် နိုင်ငံများသည် အစီရင်ခံစာ လွှမ်းခြုံသည့် ဘဏ္ဍာရေးနှစ် အတွက်သဘာဝသယံဇာတအရင်းအမြစ်များ တူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများက ထည့်ဝင်ကူညီမှုနှင့် ပတ် သက်သည့် သတင်းအချက် အလက်များ ကို ထုတ်ဖော်တင်ပြရပါမည်။ ဤသတင်းအချက် အလက်များတွင် အောက်ပါအချက်များ ပါဝင်ရန် လိုအပ်ပါသည်။

(က) သဘာဝသယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ၏ အရွယ်အစားနှင့် ဂျီဒီပီတွင် ပါဝင်သောရာခိုင်နှုန်း၊ လက်မှုနှင့်အသေးစားဓာတ်သတ္တုတူးဖော်ခြင်းအပါအဝင်နှင့်တရားမဝင်လုပ်ငန်းကဏ္ဍ၏ခန့်မှန်းခြေစစ်တမ်း

(ခ) သဘာဝသယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများက ပေးသွင်းသော အစိုးရ၏ အခွန်အကောက်ရငွေ စုစုပေါင်း (အခွန်များ၊ သတ္တုတူးဖော်ခွင့်မိုင်းကြေးများ၊ ဆုကြေးများ၊ အခကြေးငွေ များနှင့် အခြားပေးချေမှုများကို အပြည့်အစုံ ဖော်ပြခြင်းနှင့် အစိုးရက ရရှိသောအခွန်အကောက်ရငွေ စုစုပေါင်း၏ ရာခိုင်နှုန်း တစ်ရပ်အဖြစ် ဖော်ပြခြင်း

(ဂ) သဘာဝသယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများမှ ပြည်ပပို့ကုန်တင်ပို့မှုများကို အပြည့်အဝ ဖော်ပြခြင်းနှင့် စုစုပေါင်းပြည်ပ ပို့ကုန်တင်ပို့မှုများ၏ ရာခိုင်နှုန်းတစ်ရပ်အဖြစ် ဖော်ပြခြင်း။

(ဃ) သဘာဝသယံဇာတ အရင်းအမြစ်များ တူးဖော် ထုတ်လုပ်သည့် လုပ်ငန်းများတွင် အလုပ်အကိုင်ရရှိမှုကို အပြည့်အဝ ဖော်ပြခြင်း နှင့် စုစုပေါင်းအလုပ်အကိုင်ရရှိမှု၏ ရာခိုင်နှုန်းတစ်ရပ် အဖြစ် ဖော်ပြခြင်း။

(င) ထုတ်လုပ်မှုကို အာရုံစိုက်ဆောင်ရွက်နေသော အဓိက ဒေသများ / ဇရိယာ နယ်ပယ်များ

၇။ အကျိုးကျေးဇူးများ နှင့် အကျိုးသက်ရောက်မှုများ

## ၇ အီးအိုင်တီအိုင် လိုအပ်ချက် ၇

အကျိုးကျေးဇူးများ နှင့် အကျိုးသက်ရောက်မှုများ

**ခြုံငုံသုံးသပ်ချက်။** သဘာဝသယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ပုံမှန် ထုတ်ဖော်တင်ပြမှုသည် ပြည်သူနားလည် သိရှိမှု၊ ကိန်းဂဏန်းများ၏ အဓိပ္ပါယ်ဆိုလိုခြင်း အချက်ကို နားလည် သဘောပေါက်မှု သယံဇာတမှ ရရှိသော အခွန်အကောက်များကို မည်ကဲ့သို့ ထိထိရောက်ရောက် အသုံးပြုနိုင်သည်ဆိုသည့် အချက်အပေါ်ပြည်သူလူထု က အခြေအတင် ဆွေးနွေးမှု များ မရှိလျင် လက်တွေ့အသုံးပြုမှု နည်းပါးပါသည်။ အကျိုးကျေးဇူးများနှင့် အကျိုးသက်ရောက်မှုတို့နှင့် ဆက်နွယ်၍ အီးအိုင်တီအိုင်လိုအပ်ချက်များက ပါဝင်ပတ်သက်ဆက်စပ်သူများအနေဖြင့် သဘာဝသယံဇာတ အခွန်အကောက် စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် ဆွေးနွေးမှုများတွင် ထိတွေ့ပါဝင်မှု ကိုတောင်းဆိုပါသည်။ အီးအိုင်တီအိုင် အစီရင်ခံစာများက ကျယ်ပြန့်သော ပြည်သူလူထု အခြေအတင်ဆွေးနွေးပွဲကို ဖြည့်ဆည်းပေးခြင်းဖြင့် အီးအိုင်တီအိုင်အခြေခံမှုများအားဖြည့်ဆည်းဆောင်ရွက်ပေးမှုသို့ဦးဆောင်ပေးပါသည်။ အကောင်အထည်ဖော်သည့် ကာလအတွင်း သင်ယူရရှိသော သင်ခန်းစာများ အပေါ် ဆောင်ရွက်မှု အီးအိုင်တီအိုင် အစီရင် ခံစာများတွင်ရှာဖွေဖော်ထုတ်ရရှိသော ကွာဟချက်များ၊ ခြားနားချက်များကို ရှင်းပြခြင်း၊ ဦးတည်ဖြေရှင်းခြင်းနှင့် အီးအိုင်တီအိုင် လုပ်ငန်းစဉ် အကောင်အထည်ဖော်ခြင်းသည် တည်မြဲမြဲ ရေရှည်တည်တံ့ခိုင်မာသော အခြေအနေပေါ်တွင် ရှိနေခြင်းဖြစ်ပါသည်။

### ၇.၁ ပြည်သူလူထု အခြေအတင် ဆွေးနွေးခြင်း

အီးအိုင်တီအိုင် အစီရင်ခံစာသည် နားလည်လွယ်ခြင်း တက်တက်ကြွကြွ မြှင့်တင်ခြင်း၊ ပြည်သူလူထု လက်လှမ်းမီရရှိခြင်းနှင့် ပြည်သူလူထု အခြေအတင် ဆွေးနွေးရန်အတွက် အထောက်အပံ့ဖြစ်စေခြင်းတို့ကို သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့က အသေအချာ ဆောင်ရွက်ပေးရပါသည်။ အဓိကကျသော ပါဝင်သင့်သူများမှာ အစိုးရလွှတ်တော် ကိုယ်စားလှယ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ ကုမ္ပဏီများနှင့် မီဒီယာတို့ပါဝင်သင့်ပါသည်။ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သည် အောက်ပါ တို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

(က) အီးအိုင်တီအိုင် အစီရင်ခံစာကို စာအုပ်ထုတ်ဝေ၍ ယင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးပြီး ဖြစ်ရ မည်။ အစီရင်ခံစာတွင် အချက်အလက်များပါက ဥပမာဖိုင်တွဲအမြောက်အမြားပါရှိလျင် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်း အဖွဲ့အား ယင်းတို့ကို အင်တာနက်လိုင်းပေါ်တွင် ကြည့်ရှုနိုင်အောင် ဆောင်ရွက်ပေးရန် အားပေးတိုက် တွန်းပါ သည်။

(ခ) အီးအိုင်တီအိုင် အချက်အလက်များအား လက်လှမ်းမီရရှိနိုင်မှုအတွက် ထုတ်ပြန်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်းတို့ အပေါ်တွင် ရှင်းလင်း သော မူဝါဒတစ်ရပ်ကို သဘောတူရမည်။ အကောင်အထည်ဖော်သည့် နိုင်ငံများအား အီးအိုင်တီအိုင် ထုတ်ဝေခြင်းကို ဖုံးကွယ် မထားသော လိုင်စင်အောက်တွင် ဖြန့်ဝေရန် နှင့် သတင်းအချက်အလက်များသည် ကြိုတင်သဘောတူညီခွင့်ပြုချက် တောင်းခံစရာ မလိုဘဲ ပြန်လည် အသုံးပြုနိုင်သည်ဟု အသုံးပြုသူများက သိရှိထားရန် အတွက် ဆောင်ရွက်ရန် အားပေးတိုက်တွန်းပါသည်။

(ဂ) အီးအိုင်တီအိုင် အစီရင်ခံစာကို အင်တာနက်အွန်လိုင်းပေါ်တွင် အချက်အလက်ပွင့်လင်းမှုပုံစံဖြင့် ရရှိနိုင်စေရန် နှင့် ယင်းသို့ရရှိနိုင်မှုကို အများပြည်သူ သိရှိအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) အီးအိုင်တီအိုင် အစီရင်ခံစာသည် ရှင်းလင်းပြီး လက်လှမ်းမီရရှိနိုင်သည့်ပုံစံနှင့် လျော်ကန်သင့်မြတ်သော စကား အသုံးနှုန်းဖြင့် ရေးသားထားသည်ဆိုသည့် အချက်အပါအဝင် နားလည်လွယ်သော အစီရင်ခံစာဖြစ်ရပါမည်။

(င) အီးအိုင်တီအိုင်အစီရင်ခံစာအား နိုင်ငံနှင့်အဝှမ်း အခြေအတင် ဆွေးနွေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် ရပါမည်။

### ၇.၂ အချက်အလက် လက်လှမ်းမှီအလွယ်တကူရရှိရေး

သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အား အီးအိုင်တီအိုင်အစီရင်ခံစာကို စက်ဖြင့်ဖတ်ရှုရလွယ်ကူအောင် ပြုလုပ်ရန် တိုက်

တွန်းအားပေးပါသည်။ အီးအိုင်တီအိုင် အစီရင်ခံစာနှင့် အချက်အလက်ဖိုင်များအား အလွယ်တကူညှိနှိုင်းဆို (သို့မဟုတ်) စာတန်းတွဲနိုင်ရေးအတွက် ဆောင်ရွက်ရန်အားပေးသည်။ ယင်းသို့ဆောင်ရွက်ခြင်းကြောင့် အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အတည်ပြုခဲ့သော အီးအိုင်တီအိုင်စံနှုန်းများကို ရယူဆောင်ရွက်ခြင်းဖြင့် သတင်းအချက်အလက်များကို အခြားပြည်သူလူထု ရရှိနိုင်သောအချက်အလက်များနှင့် နှိုင်းယှဉ် နိုင်မည် ဖြစ်ပါသည်။ လိုအပ်ချက် အပိုဒ်၅.၁ (ခ)အရ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အား နိုင်ငံလုံးဆိုင်ရာအခွန်အကောက် အတန်းအစားခွဲခြားခြင်း စနစ်များကိုလည်းကောင်း **IMF** ၏အစိုးရဘဏ္ဍာရေးလက်စွဲကဲ့သို့သော အပြည်ပြည်ဆိုင်ရာစံနှုန်းများကိုလည်းကောင်း ရည်ညွှန်းရန် တိုက်တွန်းအားပေးပါသည်။

(က) သတင်းအချက်အလက်များကို ရှင်းလင်းစွာနှင့် တိကျမှန်ကန်စွာ ပိုင်းခြားဆန်းစစ်မှုရှိသော အကျဉ်းချုပ် အစီရင်ခံစာများကိုထုတ်လုပ်ရန် ယင်းတွင် အီးအိုင်တီအိုင်အစီရင်ခံစာပါ ကွဲပြားသောအခန်းများ၏ ရေးသား သူများကို ရှင်းရှင်းလင်းလင်း ဖော်ပြပေးရပါမည်။

(ခ) အစိုးရအဆင့်အသီးသီးမှ တစ်ခုချင်းစီ စုပေါင်းရန် ရရှိလာသည့် စုစုပေါင်းအခွန်အကောက် ရငွေသို့ စီးဆင်းဝင်ရောက်သော အခွန်အကောက် လမ်းကြောင်းတစ်ခုစီအား အကျဉ်းချုပ်ခြင်းနှင့် နှိုင်းယှဉ်ခြင်းကို ပြုလုပ်ရန်အားပေးပါသည်။

(ဂ) ဥပဒေအရသော်လည်းကောင်း နည်းပညာအရသော်လည်းကောင်း ဖြစ်နိုင်ဖွယ်ရှိသည့်နေရာတွင် အစိုးရများနှင့် စီးပွားရေး ကုမ္ပဏီများမှ တွင်းထွက်သယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းမှ ကောက်ခံရသော အခွန်အကောက်များနှင့် ပေးချေငွေများကို စဉ်ဆက်မပြတ် အလိုအလျှောက် အွန်လိုင်းအပေါ်မှ ထုတ်ဖော်တင်ပြရေးကို စဉ်းစားဆောင်ရွက်ရန် ဖြစ်ပါသည်။ ယင်းတွင် အစိုးရက တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေး အခွန်အကောက်များနှင့် သတ်ဆိုင်သည့် အချက်အလက်များကို ပုံမှန်ပြည်သူသို့ အသိပေးထုတ်ပြန်ပေးသော နေရာများ(သို့မဟုတ်) အမျိုးသားအခွန်အကောက်စနစ်များက အွန်လိုင်းအခွန်အကောက်စိစစ်မှုများနှင့် ပေးချေငွေများကို ဦးတည်ဆောင်ရွက်နေသည့် နေရာများ ပါဝင်နိုင်ပါသည်။ ယင်းစဉ်ဆက်မပြတ် အစိုးရ၏ အစီရင်ခံတင်ပြခြင်းကို ကြားဖြတ်အစီရင်ခံတင်ပြခြင်းအဖြစ် ရှုမြင်နိုင်ပါသည်။ နှစ်စဉ်ထုတ်ပြန်သော စာရင်းကိုက်ညှိပြီးသည့် အီးအိုင်တီအိုင် အစီရင်ခံစာဖြင့် ဆွဲဆောင်သည့် အမျိုးသားအီးအိုင်တီအိုင်လုပ်ငန်းစဉ်၏ ပေါင်းယှက်ဆောက်ရွက်ချက်တစ်ရပ်အဖြစ်လည်း ရှုမြင်နိုင်ပါသည်။

(ဃ) စွမ်းဆောင်ရည်တည်ဆောက်ရေး ကြိုးပမ်းအားထုတ်မှုများကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ အထူးသဖြင့် အရပ်ဖက်လူမှု အဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းမှတစ်ဆင့် လုပ်ငန်းစဉ်အပေါ်တွင် သိရှိနားလည်မှု မြှင့်တင်ရန် အစီရင်ခံစာများမှ သတင်းအချက်အလက်များနှင့် အချက်အလက်များကို နားလည်သဘောပေါက်မှု ပိုမိုကောင်းမွန်လာစေရန်နှင့် နိုင်ငံသားများ မီဒီယာများနှင့် အခြားပုဂ္ဂိုလ်များအား ယင်းအချက်အလက်များ ပိုမို အသုံးပြုလာရေးအတွက် အားပေးရန် အားထုတ်ကြိုးပမ်းဖို့လိုအပ်ပါသည်။

**၇.၃ အီးအိုင်တီအိုင်အစီရင်ခံစာများ၏ ကွာဟချက်များနှင့် ထောက်ခံအကြံပေးချက်များ**

လိုအပ်ချက်အပိုဒ် ၇.၄ အရ သဘာဝသယံဇာတ အရင်းအမြစ်စီမံအုပ်ချုပ်မှုပေါ်တွင် အီးအိုင်တီအိုင်အကောင်အထည်ဖော်မှု၏ သက်ရောက်မှုကို အင်အားပိုမိုတောင့်တင်းခိုင်မာလာစေရန်ဟူသောအမြင်ဖြင့် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သည် လေ့လာဆည်းပူးရရှိသည့် သင်ခန်းစာများပေါ်တွင် အရေးယူဆောင်ရွက်ရန် အဆင့်များသတ်မှတ်ဆောင်ရွက်ရန် မည်သည့်ကွာဟချက် ခြားနားချက်ဖြစ်ရသည့် အကြောင်းရင်းများကို ရှာဖွေဖော်ထုတ် စုံစမ်းစစ်ဆေး ဦးတည်ရည်စူးဆောင်ရွက်ရန်နှင့် အီးအိုင်တီအိုင်အစီရင်ခံစာတင်ပြခြင်းမှ ထွက်ရှိလာသော ထောက်ခံအကြံပြုချက်များကို စဉ်းစားရန်လိုအပ်ပါသည်။

**၇.၄ အီးအိုင်တီအိုင်အကောင်အထည်ဖော်မှု၏ အကျိုးကျေးဇူးများနှင့် အကျိုးသက်ရောက်မှုများကို သုံးသပ်ခြင်း**

(က) သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သည် သဘာဝသယံဇာတ အရင်းအမြစ်များ စီမံအုပ်ချုပ်မှုပေါ်တွင် အီးအိုင်တီအိုင်အကောင်အထည်ဖော်မှု၏ အကျိုးကျေးဇူးများနှင့် အကျိုးသက်ရောက်မှုများကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါသည်။

၇။ အကျိုးကျေးဇူးများ နှင့် အကျိုးသက်ရောက်မှုများ

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် လုပ်ငန်းစဉ်၏ နှစ်ပတ်လည်တိုးတက်မှု အစီရင်ခံစာများကို ထုတ်ဝေဖြန့်ချိရန် လိုအပ်ပါသည်။ နှစ်ပတ်လည် တိုးတက်မှု အစီရင်ခံစာများတွင် အောက်ပါတို့ ပါရှိရပါမည်။

၁။ ရှေ့နှစ်တွင်ဆောင်ရွက်ခဲ့သော အီးအိုင်တီအိုင် လုပ်ငန်းရပ်များ အကျဉ်းချုပ်

၂။ အီးအိုင်တီအိုင်လိုအပ်ချက်တစ်ခုစီအား လိုက်နာမှုနှင့် ကိုက်ညီထိန်းသိမ်းမှုအတွက် တိုးတက်မှုကို စိစစ်အကဲဖြတ်ချက်တစ်ရပ်နှင့် လိုအပ်ချက်များထက် ကျော်လွန်အောင် ဆောင်ရွက်ခဲ့သည့် မည်သည့်အဆင့်များကိုမဆို ဖော်ပြရပါမည်။ ဤတွင် အခွန်အကောက်စီမံခန့်ခွဲမှုနှင့် အသုံးစရိတ်များ (၅.၄) သယ်ယူပို့ဆောင်ရေး ပေးချေမှုများ (၄.၄) ကိုယ်ပိုင်ဆုံးဖြတ်သုံးစွဲသော လူမှုရေးအသုံးစရိတ်များ (၆.၁) အထူးကိစ္စ ပြည်နယ်/တိုင်းဒေသကြီး လွှဲပြောင်းပေးမှုများ (၅.၂) အကျိုးခံစားသည့် ပိုင်ဆိုင်မှု (၂.၅)နှင့် ကန်ထရိုက်စာချုပ်များ (၂.၄) စသည့်ကိစ္စများကို အလေးထားဆောင်ရွက်မည့် မည်သည့်ဆောင်ရွက်ချက် မဆို ပါဝင်သင့်ပါသည်။

၃။ လိုအပ်ချက် ၇.၃ နှင့်အညီ စာရင်းကိုက်ညှိခြင်းနှင့်စာရင်းတိုက်ဆိုင် စစ်ဆေးခြင်းမှ ထောက်ခံအကြံပြုချက်များကို အလေးထား ဆောင်ရွက်ရာတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ တုန့်ပြန်မှု နှင့် ဆောင်ရွက်ခဲ့သော တိုးတက်မှုအပေါ် လွှမ်းခြုံသုံးသပ်ချက်တစ်ရပ်ပါဝင်ရန် လိုအပ်ပါသည်။ ထောက်ခံအကြံပြုချက်တစ်ခုစီကို အကောင်အထည်ဖော်ရာတွင် ထောက်ခံအကြံပြုချက်နှင့် တိုးတက်မှုအဆင့်တို့ကို အလေးထား ဆောင်ရွက်သည့် ထောက်ခံအကြံပြုချက်တစ်ခုစီ နှင့် ယင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းရပ်များ စာရင်းကို သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့က ပြုစုရန် လိုအပ်ပါသည်။ အစိုးရ သို့မဟုတ် သုံးပွင့်ဆိုင်ညွှန့် ပေါင်းအဖွဲ့က ထောက်ခံအကြံပြုချက်တစ်ခုကို အကောင်အထည် မဖော်ရန် ဆုံးဖြတ်သည့်နေရာ၌ သုံးပွင့်ဆိုင်ညွှန့် ပေါင်းအဖွဲ့အနေဖြင့် နှစ်ပါတ်လည် တိုးတက်မှု အစီရင်ခံစာတွင် အကြောင်းပြချက်ကို ရေးသား မှတ်တမ်းတင်ရန် လိုအပ်ပါသည်။

၄။ ဖော်ပြထားသည့် ရည်ရွယ်ချက်များ၏ အကျိုးသက်ရောက်မှုများနှင့် အကျိုးကျေးဇူးများအပါအဝင် လုပ်ငန်းအစီအစဉ် (လိုအပ်ချက် ၁.၅) တွင် ချမှတ်ဖော်ပြထားသော ရည်ရွယ်ချက်များ အောင်မြင်မှုနှင့် တိုးတက်မှုကို အကဲဖြတ် စိစစ်ချက် တစ်ရပ်ပြုလုပ်ရန် လိုအပ်ပါသည်။

၅။ အီးအိုင်တီအိုင် အစီရင်ခံစာတင်ပြခြင်း၏ အသေးစိတ်နှင့် အကျယ်အဝန်းကို တိုးချဲ့ရန် မည်သည့် ဆောင်ရွက်ချက်များမဆို နှင့် ပါဝင်ပတ်သက်ဆက်စပ်သူ များနှင့် ထိတွေ့ဆက်ဆံမှု တိုးတက်စေရန် အပါအဝင် တွင်းထွက် သယံဇာတ အရင်းအမြစ် စီမံအုပ်ချုပ်မှုပေါ်တွင် အီးအိုင်တီအိုင် အကောင်အထည် ဖော်မှု၏ အကျိုးသက်ရောက်မှု အပေါ် အကျိုးသက်ရောက်မှုကို ပိုမိုတောင့်တင်းခိုင်မာ စေရန် ကြိုးပမ်း အားထုတ်မှုများ အား ဖာတ်ကြောင်းတစ်ခု ပြုစုရန် လိုအပ်ပါသည်။

၆။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု လမ်းပြမြေပုံအား အကောင်အထည်ဖော်မှုကို အကဲဖြတ်ဆန်းစစ်မှုတစ်ရပ်

(ခ) ပါဝင်ပတ်သက် ဆက်စပ်သူအားလုံးသည် နှစ်ပါတ်လည် တိုးတက်မှု အစီရင်ခံစာ ထုတ်လုပ်ရာတွင်လည်းကောင်း၊ အီးအိုင်တီအိုင် အကောင်အထည်ဖော်မှု၏ အကျိုးသက်ရောက်မှုကို ပြန်လည်သုံးသပ်ရာတွင်လည်းကောင်း ပါဝင်နိုင်စွမ်းရှိသင့်ပါသည်။ အီးအိုင်တီအိုင် တွင် ပါဝင်ပူးပေါင်းနေသော အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက လုပ်ငန်းများ အထူးသဖြင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့တွင် တာဝန်ယူ ဆောင်ရွက်နေသူများ သာမက အခြား ပုဂ္ဂိုလ်များသည် အီးအိုင်တီအိုင် လုပ်ငန်းစဉ်ပေါ်တွင် တုံ့ပြန်မှု ပေးနိုင်စွမ်းရှိသူများ ဖြစ်သင့်ပါသည်။ နှစ်ပါတ်လည်တိုးတက်မှု အစီရင်ခံစာနှင့် ထင်ဟပ်သည့် ၄င်းတို့၏ အမြင်များ ပါဝင်သင့်ပါသည်။

(ဂ) အီးအိုင်တီအိုင် ဘုတ်အဖွဲ့က သတ်မှတ်ပေးသော အလုပ်ပြီးစီးရမည့် အချိန် (အခန်း၈) နှင့်အညီ၊ တိုက်ဆိုင်စစ်ဆေးချက်အစီရင်ခံစာ ကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က တင်ပြရန် လိုအပ်ပါသည်။

၈။ အကောင်အထည်ဖော်သည့်နိုင်ငံများအတွက် လိုက်နာမှုနှင့် အလုပ်ပြီးစီးရမည့်အချိန်များ

## ၈ အီးအိုင်တီအိုင် လိုအပ်ချက် ၈

အကောင်အထည်ဖော်သည့်နိုင်ငံများအတွက် လိုက်နာမှုနှင့် အလုပ်ပြီးစီးရမည့်အချိန်များ

**ခြုံငုံသုံးသပ်ချက်။** ဤအခန်းက အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အီးအိုင်တီအိုင် အစီရင်ခံစာများ (၈.၂)၊ နှစ်စဉ်တိုးတက်မှု အစီရင်ခံစာများ (၈.၄) နှင့် ကျိုးကြောင်းညီညွတ်စေခြင်း (၈.၃) တို့ကို ပုံနှိပ်ထုတ်ဝေခြင်းတို့အတွက် သတ်မှတ်ထားသည့် အချိန်ပြဌာန်းချက်မူဘောင်များကို အနှစ်ချုပ်ဖော်ပြထားပါသည်။ အီးအိုင်တီအိုင် အကောင်အထည်ဖော်မှုအတွက် အလုပ်ပြီးစီးရမည့်အချိန်များနှင့် လိုအပ်ချက်များအား လိုက်နာမှုမရှိခြင်း၏ အကျိုးဆက်များကို အနှစ်ချုပ်ဖော်ပြထားပါသည်။ ဤအခန်းက လိုက်လျောညီထွေအကောင်အထည်ဖော်ခြင်း (၈.၁) နှင့် သက်တမ်းတိုးပေးခြင်း (၈.၅) တို့အတွက် အသုံးပြုမည့် နိုင်ငံများအတွက် ဖြစ်တန်စွမ်းနှင့် မှတ်ကျောက် (အရည်အချင်းသတ်မှတ်ချက်) တို့ကို လည်း ရှင်းလင်းဖော်ပြထားပါသည်။

### ၈.၁ လိုက်လျောညီထွေ အကောင်အထည်ဖော်ခြင်း

သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့အား အကောင်အထည်ဖော်မှု လိုအပ်ချက်များမှ ကွဲလွဲမှုကို ဖြစ်ပေါ်စေနိုင်သည့် ထူးခြားသော အခြေအနေများ နှင့် ရင်ဆိုင်ရနိုင်သည်ဟု အဆုံးသတ်သုံးသပ်လျှင်၊ အီးအိုင်တီအိုင် ဘုတ်အဖွဲ့သို့လိုက်လျောညီထွေ အကောင်အထည်ဖော်ရန် အတွက် အတည်ပြုချက်ကို ကြိုတင်တောင်းခံရမည်ဖြစ်ပါသည်။ မေတ္တာရပ်ခံပန်ကြားချက်ကို သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့က ထပ်ဆင့် ထောက်ခံရမည်ဖြစ်ပြီး လုပ်ငန်းအစီအစဉ်တွင် ထင်ဟပ်ဖော်ပြရပါမည်။ မေတ္တာ ရပ်ခံ ပန်ကြားချက်က လိုက်လျောညီထွေ အကောင်အထည်ဖော်ခြင်းအတွက် အကြောင်းပြချက်ကို ရှင်းလင်းဖော်ပြရပါမည်။ အီးအိုင်တီအိုင် ဘုတ်အဖွဲ့သည် ထူးခြားသော အခြေအနေများတွင်သာလျှင် လိုအပ်သလို ပြုပြင် အကောင်အထည်ဖော်ခြင်းကို ခွင့်ပြုရန် စဉ်းစားပါလိမ့်မည်။ ယင်းသို့သော ပန်ကြားချက်များ ကို စဉ်းစားရာတွင် အီးအိုင်တီအိုင် ဘုတ်အဖွဲ့သည် နိုင်ငံများအကြား နှိုင်းယှဉ်နိုင်သော ဂရုစိုက်ဆောင်ရွက်မှု ဖြစ်ပါလိမ့်မည်။ အီးအိုင်တီအိုင် အခြေခံမူများကို စွဲမြဲစွာ ဆွဲကိုင်ခြင်းဖြင့် အီးအိုင်တီအိုင် လုပ်ငန်းစဉ်သည် အားလုံးပါဝင်ဆောင်ရွက်မှုကို ပြည့်စုံစေခြင်း၊ အီးအိုင်တီအိုင် အစီရင်ခံစာသည် ပြည့်စုံခြင်း၊ အားကိုးထိုက်ခြင်းနှင့် ပြည်သူလူထု အခြေအတင်ဆွေးနွေးနိုင်ရန် ကူညီ ထောက်ကူ ခြင်းစသည်တို့ကို သေချာစွာ ထည့် သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

### ၈.၂ အီးအိုင်တီအိုင် အစီရင်ခံစာတင်ပြရမည့် အချိန်များ

အီးအိုင်တီအိုင်သည် အီးအိုင်တီအိုင် အစီရင်ခံစာများ (လိုအပ်ချက် ၄.၈) ကို အချိန်မီ ထုတ်ပြန်ပေးရန် လိုအပ်ပါသည်။ အကယ်၍ အီးအိုင်တီအိုင် အစီရင်ခံစာကို လိုအပ်သည့် လုပ်ငန်းပြီးစီးရမည့် အချိန်တွင်း ထုတ်ပြန်နိုင်ခြင်း မရှိပါ။ ၄င်းနိုင်ငံအား လက်ရှိအဆင့်မှ ခေတ္တချထားခြင်းခံရပါမည်။ ထုတ်ပြန်ရန်ကျန်ရှိသော အီးအိုင်တီအိုင် အစီရင်ခံစာအား ထုတ်ပြန်ရန်ပြီးစီးရမည့်အချိန်မှ ခြောက်လအတွင်း ထုတ်ပြန်ခြင်းကို အီးအိုင်တီအိုင် ဘုတ်အဖွဲ့က ကျေနပ်လက်သင့်ခံခဲ့လျှင် ယင်းအဆင့်မှခေတ္တချထားခြင်းကို ရုပ်သိမ်းပေးပါမည်။ အကယ်၍ ထုတ်ပြန်ရန် ကျန်ရှိသော အစီရင်ခံစာများကို ပြီးစီးရမည့်အချိန်မှ ခြောက်လအတွင်း ထုတ်ပြန်နိုင်ခြင်းမရှိလျှင် နိုင်ငံတစ်နိုင်ငံသည် နောက်ဆုံးပြီးဆုံးသည့် စာရင်းကာလမှာ နှစ်နှစ် ထက် နောက်မကျသော အချက်အလက်များ လွှမ်းခြုံသည် အီးအိုင်တီအိုင် အစီရင်ခံစာတစ်ရပ်ကို ထုတ်ဝေပြီး အီးအိုင်တီအိုင် ဘုတ်အဖွဲ့က ကျေနပ်လက်သင့်ခံသည့်အချိန် အထိ အဆင့်ခေတ္တလျော့ချခြင်း ကို ဆက်လက်တည်ရှိပါလိမ့်မည်။ အကယ်၍ အဆင့်ခေတ္တလျော့ချထားခြင်းသည် တစ်နှစ်ထက် ကျော်လွန်သက်ရောက်မှု ရှိပါက အီးအိုင်တီအိုင် အဖွဲ့က ထိုနိုင်ငံကို စာရင်းမှ ပယ်ဖျက်ပါလိမ့်မည်။

### ၈.၃ အီးအိုင်တီအိုင်လုပ်ငန်းစဉ် ပြန်လည်ဆန်းစစ်အတည်ပြုခြင်း လုပ်ငန်းပြီးစီးရမည့်အချိန်နှင့် အကျိုးဆက်များ

#### (က) အီးအိုင်တီအိုင် အကောင်အထည်ဖော်မှု၏ တိုးတက်မှုကို အကဲဖြတ်စိစစ်ခြင်း

၁။ **အီးအိုင်တီအိုင် လိုအပ်ချက် တစ်ခုစီကို အကဲဖြတ်စိစစ်ခြင်း** ပြန်လည်ဆန်းစစ်အတည်ပြုခြင်းလုပ်ငန်းစဉ်က တိုင်းပြည်၏ အီးအိုင်တီအိုင် လိုအပ်ချက်တစ်ချက်စီအား လိုက်နာမှုတွင် တိုးတက်မှုကို အကဲဖြတ်စိ

စစ်ပါလိမ့်မည်။ လိုအပ်ချက်တစ်ချက်စီအား အကဲဖြတ် စီစစ်မှု တစ်ခုကို ပြုလုပ်ရာတွင် လိုအပ်သော အကြောင်းအရာများနှင့် စပ်လျဉ်းသည့် လမ်းညွှန်ချက်အသေးစိတ်ကို **www.eiti.org**တွင်ရရှိနိုင်သော လေ့လာဆန်းစစ်အတည်ပြုခြင်းလမ်းညွှန်ချက်တွင် ချမှတ်ပေးထားပါသည်။ အီးအိုင်တီအိုင် လိုအပ်ချက် တစ်ခုစီ၏ တိုး တက်မှုအဆင့်နှင့် လိုက်နာမှုတို့ကို အောက်တွင် ဖော်ပြပါ တိုးတက်မှုအဆင့်များမှ အဆင့် တစ်ခုကို သတ်မှတ်ရပါမည်။

**ကျေနပ်မှုရှိသောတိုးတက်မှု၊** တိုင်းပြည်တစ်ပြည်သည် ကျေနပ်မှုရှိသောတိုးတက်မှုတစ်ခု ဖြစ်သည်ဟု အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အပြီးသတ်သုံးသပ်ရန်လို့င်္ခာ၊ လိုအပ်ချက်၏ကဏ္ဍအားလုံးကို အကောင် အထည်ဖော်ခဲ့ပြီးဖြစ်ကြောင်းနှင့် လိုအပ်ချက်၏ ကျယ်ပြန့်သော ရည်ရွယ်ချက်ကို ဖြည့်ဆည်း ပြည့်စုံစေပြီး ဖြစ်ကြောင်းကို လေ့လာဆန်းစစ်အတည်ပြုခြင်းက လက်တွေ့ထင်ရှားပြသရန် လိုအပ်ပါသည်။

**အဓိပ္ပာယ်ရှိသောတိုးတက်မှု၊** တိုင်းပြည်တစ်ပြည်သည် **အဓိပ္ပာယ်ရှိသောတိုးတက်မှု**တစ်ခုဖြစ်သည်ဟုအီးအိုင် တီအိုင်ဘုတ်အဖွဲ့ကအပြီးသတ် သုံးသပ်ရန်အလို့ငှာ လိုအပ်ချက်၏ အရေးပါသော ကဏ္ဍများကို အကောင် အထည် ဖော်ခဲ့ပြီးဖြစ်ကြောင်းနှင့် လိုအပ်ချက်၏ ကျယ်ပြန့်သော ရည်ရွယ်ချက်ကို ဖြည့်ဆည်း ပြည့်စုံစေ ပြီးဖြစ် ကြောင်းကို လေ့လာဆန်းစစ်အတည်ပြုခြင်းက လက်တွေ့ထင်ရှားပြသရန် လိုအပ်ပါသည်။

**မပြည့်စုံသောတိုးတက်မှု၊** တိုင်းပြည်တစ်ပြည်သည် မပြည့်စုံသော တိုးတက်မှုတစ်ခုဖြစ်သည်ဟု အီးအိုင် တီအိုင်ဘုတ်အဖွဲ့က အပြီးသတ်သုံးသပ်ရန်အလို့ငှာ၊ လိုအပ်ချက်၏အရေးပါသော ကဏ္ဍများကို အကောင် အထည်ဖော်မှု မပြီးစီးကြောင်းနှင့် လိုအပ်ချက်၏ ကျယ်ပြန့်သော ရည်ရွယ်ချက်ကို ဖြည့်ဆည်း ပြည့်စုံရန် အလှမ်းဝေးနေကြောင်းကို လေ့လာဆန်းစစ်အတည်ပြုခြင်းက လက်တွေ့ထင်ရှားပြသရန် လိုအပ်ပါ သည်။

**တိုးတက်မှုမရှိ၊** တိုင်းပြည်တစ်ပြည်သည် တိုးတက်မှုမရှိဟု အီးအိုင်တီအိုင် ဘုတ်အဖွဲ့က အပြီးသတ် သုံးသပ်ရန်အလို့ငှာ လိုအပ်ချက်၏ ကဏ္ဍအားလုံးသို့မဟုတ် အားလုံးနီးပါး အကောင်အထည်ဖော်ရန် ကျန်ရှိနေကြောင်းနှင့် လိုအပ်ချက်၏ ကျယ်ပြန့်သောရည်ရွယ်ချက်ကို ဖြည့်ဆည်းပြည့်စုံပေးမှုမရှိကြောင်း ကို လေ့လာဆန်းစစ်အတည်ပြုခြင်းက လက်တွေ့ထင်ရှားပြသရန် လိုအပ်ပါသည်။

၂။ လွှမ်းခြုံအကဲဖြတ်စိစစ်မှုလုပ်ငန်းစဉ်နှင့်အညီ လွှမ်းခြုံလိုက်နာမှုနှင့် အီးအိုင်တီအိုင် စံနှုန်းများတွင်ပါရှိ သည့် လိုအပ်ချက်အားလုံးပေါ်တွင် အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အကဲဖြတ်စိစစ်မှုတစ်ရပ် ပြုလုပ်ပါ လိမ့်မည်။ တိုင်းပြည်တစ်ပြည်၏ လွှမ်းခြုံအကဲဖြတ်စိစစ်မှုတစ်ခုကို စိစစ်သတ်မှတ်ရာတွင် အီးအိုင်တီအိုင် ဘုတ် အဖွဲ့သည် အထက်တွင် ဖော်ပြပါ သတ်မှတ် ချက် ၈.၃(၁)တွင် သတ်မှတ်ပေးထားသော လိုအပ်ချက် တစ်ခုချင်းအား အကဲဖြတ်စိစစ်မှုအတွက် အသုံးပြုခဲ့သည့်အတိုင်း လွှမ်းခြုံအကဲဖြတ် စိစစ်မှုအတွက် အလားတူ အနည်းဆုံး အခွန်ရှုထောင့်မှ ယုတ္တိတန်ခြင်း သတ်မှတ်ချက် **(Threashold)**စမ်းသပ်မှုများကို သုံးစွဲပါလိမ့်မည်။ အီးအိုင်တီအိုင်ဘုတ်အဖွဲ့သည် သတ် မှတ်ချက် ၈.၃ (ဂ) (၁) နှင့် အောက်ဖော်ပြပါ အခြေ ခံ အကြောင်းရင်း များကို လည်း ထည့်သွင်း စဉ်းစားပါလိမ့်မည်။

- လေ့လာဆန်းစစ်အတည်ပြုသူများနှင့် လေ့လာဆန်းစစ်အတည်ပြုခြင်းကော်မတီ၏ အကြံပြုချက်နှင့် ထောက်ခံအကြံပြုချက်များ
- ဆောင်ရွက်ရန် ကျန်ရှိသည့် လိုအပ်ချက်များ၏ သဘာဝနှင့် ယင်းလိုအပ်ချက်ပြီးပြည့်စုံရန် မည်မျှ နီးကပ် နေသည်
- တိုင်းပြည်က တွင်းထွက် သယံဇာတ အရင်းအမြစ် ကဏ္ဍ၏ လုပ်ငန်းကြီးမားမှုနှင့် ခက်ခဲရှုပ်ထွေးမှု
- လိုအပ်ချက်များကို အောင်မြင်စွာ ဖြည့်ဆည်းရန် အခြားအတားအဆီးများဖြစ်သည့် ဥပမာ နိုင်ငံတော်၏

မတည်ငြိမ်မှုနှင့် မကြာမီက သို့မဟုတ် ဖြစ်နေသော နိုင်ငံရေးပြောင်းလဲမှုနှင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့က ရင်ဆိုင်နေရသော အတားအဆီးများ ကျော်လွှားရန် ဆောင်ရွက် မည့်လုပ်ငန်းများကို မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်မည်။

- လိုအပ်ချက်များအား လိုက်နာရန် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့က ကောင်းမွန်သော ယုံကြည်ချက်ဖြင့် ကြိုးပမ်းအားထုတ် ဆောင်ရွက်မှု
- လိုအပ်ချက်များအား လိုက်နာမှုမရှိသည့်အတွက် အကြောင်းပြချက်များနှင့် အကျိုးအကြောင်းဖော်ပြချက်များနှင့်
- အနာဂတ်တွင် လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းရန် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့က သဘောတူခဲ့သည့် မည်သည့် လုပ်ငန်းအစီအစဉ်များမဆို

၃။ **လိုအပ်ချက်များကို ကျော်၍ ဆောင်ရွက်သည့် ကြိုးပမ်းအားထုတ်မှုများ**

လိုအပ်ချက်များကို အကဲဖြတ် စိစစ်ချက် အပြင် လေ့လာဆန်းစစ်အတည်ပြုခြင်းသည် အောက်ပါတို့ကို မှတ်တမ်းတင်ထားလိမ့်မည်။

- **အီးအိုင်တီအိုင်လိုအပ်ချက်များကို ကျော်လွန်သော ကြိုးပမ်းအားထုတ်မှုများ**

ဤတွင် အီးအိုင်တီအိုင် စံနှုန်းများ၏ အားပေးတိုက်တွန်းသော "သို့မဟုတ်" ထောက်ခံအကြံပြုသော ကဏ္ဍများကို အလေးထား ဆောင်ရွက်ရန် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့က ကြိုးပမ်းအားထုတ်မှုများ ပါဝင်ပါလိမ့်မည်။ ဤတွင် အီးအိုင်တီအိုင်စံနှုန်းများ၏ နယ်ပယ်အပြင်တွင် ကျရောက်သော မည်သည့်လုပ်ငန်းအစီအစဉ် ရည်ရွယ်ချက်များကိုမဆို အောင်မြင်အောင် ဆောင်ရွက်ရန် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ ကြိုးပမ်းအားထုတ်မှုများလည်း ပါဝင်ပါသည်။ ယင်းတို့သည် သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့က သဘာဝသယံဇာတအရင်းအမြစ်များ ကဏ္ဍအတွက် အမျိုးသားအဆင့်ဦးစားပေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်ရန် အီးအိုင်တီအိုင်အတွက် အမှန်တကယ်လိုအပ်သည့် ရည်ရွယ်ချက်များအဖြစ် ရှာဖွေဖော်ထုတ်ခြင်းဖြစ်ကြပါသည်။ ဤကြိုးပမ်းအားထုတ်မှုများကို လေ့လာဆန်းစစ်အတည်ပြုခြင်း လုပ်ငန်းစဉ်တွင် မှတ်တမ်းတင်မည် ဖြစ်ပါသည်။ သို့သော် အီးအိုင်တီအိုင်စံနှုန်းများလိုက်နာမှုကို အကဲဖြတ်စိစစ်ရာတွင် ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ လေ့လာဆန်းစစ်အတည်ပြုခြင်းလုပ်ငန်းက သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် အီးအိုင်တီအိုင် စံနှုန်းများ၏ တိုက်တွန်းအားပေးသော သို့မဟုတ် ထောက်ခံအကြံပြုသောကဏ္ဍများကို ပြည့်စုံစွာ အကောင်အထည်ဖော်ခဲ့ကြောင်းနှင့် သို့မဟုတ် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ လုပ်ငန်းအစီအစဉ် ရည်ရွယ်ချက်များကို ပြည့်စုံစွာ အကောင်အထည်ဖော်ခဲ့ကြောင်း အပြီးသတ်အစီရင်ခံခဲ့သော နေရာတွင် အီးအိုင် တီအိုင် ဘုတ်အဖွဲ့က အကဲဖြတ် စီစစ်ချက် ကဒ်ပြားတွင် ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုဖော်ပြပေးပါမည်။

- နိုင်ငံ၏ ယခင်ပြန်လည်ဆန်းစစ်အတည်ပြုချက်များနှင့် နှိုင်းယှဉ်လျက် အီးအိုင်တီအိုင် လိုအပ်ချက်တစ်ခုစီ ဖြည့်ဆည်းမှုကိုဦးတည်သည့် တိုးတက်မှု အကောင်အထည်မှုသည် ပိုမိုတိုးတက်လာခြင်း သို့မဟုတ် ပိုမိုယို ယွင်းဆုတ်ယုတ်လာခြင်းကို ညွှန်ပြပါသည်။
- ပြန်လည်ဆန်းစစ်အတည်ပြုခြင်း လမ်းညွှန်ချက်နှင့်အညီ အကဲဖြတ်စီစစ်မှု၏ ရလဒ်များကို အကဲဖြတ်စီစစ်ချက် ကဒ်ပြားတစ်ခုတွင်လည်းကောင်း၊ အကြောင်းပြ အစီရင်ခံစာတစ်ခု တွင်လည်းကောင်း သက်သေခံအချက်အလက်များ ပါဝင်ပတ်သက်ဆက်စပ်သူများ၏ အမြင်များ ရည်ညွှန်းချက်များနှင့် သုံးသပ်ချက်များ ဖော်ပြ၍ မှတ်တမ်းတင်မည်ဖြစ်ပါ သည်။

**(ဃ) လိုက်နာမှု၏ အကျိုးဆက်များ**

နိုင်ငံတစ်နိုင်ငံသည် လိုအပ်ချက်များ အားလုံးပေါ်တွင် ကျေနပ်မှုရှိသော တိုးတက်မှုပြုလုပ်ခဲ့သည်ဟု ပြန်လည်

## ၈။ အကောင်အထည်ဖော်သည့်နိုင်ငံများအတွက် လိုက်နာမှုနှင့် အလုပ်ပြီးစီးရမည့်အချိန်များ

ဆန်းစစ်အတည်ပြုခြင်းက မှန်ကန်ကြောင်း အတည်ပြုသည့်အခါတွင် အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အီးအိုင်တီအိုင် အပြည့်အဝလိုက်နာသော နိုင်ငံအဖြစ် ၎င်းနိုင်ငံအား သတ်မှတ်ပေးပါလိမ့်မည်။

အပြည့်အဝလိုက်နာသော နိုင်ငံအဆင့်ကို ထိန်းထားနိုင်ရန်အလို့ငှာ အီးအိုင်တီအိုင် လုပ်ငန်းစဉ်များကို အပြည့်အဝလိုက်နာသော နိုင်ငံများသည် အီးအိုင်တီအိုင် အခြေခံမူများနှင့် လိုက်အပ်ချက်များကို စဉ်ဆက်မပြတ် လိုက်နာထိန်းသိမ်းရပါမည်။ နိုင်ငံတစ်နိုင်ငံသည် အီးအိုင်တီအိုင် အပြည့်အဝလိုက်နာသော နိုင်ငံအဖြစ်ရောက်ရှိသောနေရာတွင် ယင်းနိုင်ငံ၏ အီးအိုင်တီအိုင် အကောင်အထည်ဖော်မှုသည် နောက်ပိုင်းတွင် အီးအိုင်တီအိုင် စံနှုန်းအောက်သို့ ရောက်ရှိလာသည်ဟု စိုးရိမ်စရာမြင့်တက်လာပါက အီးအိုင်တီအိုင်ဘုတ်အဖွဲ့က ယင်းနိုင်ငံအား လေ့လာဆန်းစစ်အတည်ပြုခြင်း အသစ်တစ်ရပ် ပြုလုပ်ရန်လိုအပ်သည်ဟု ဆုံးဖြတ်ပိုင်ခွင့် ရှိပါသည်။ ပါဝင်ပတ်သတ်ဆက် စပ်သူများက အီးအိုင်တီအိုင် အပြည့်အဝ လိုက်နာမှုအဆင့်ကို ပြန်လည်သုံးသပ်သင့်သည်ဟု စဉ်းစားခဲ့လျှင် အီးအိုင်တီအိုင်ဘုတ်အဖွဲ့သို့ အသနားခံစာ ပန်ကြားလွှာ တင်ပြနိုင်ပါသည်။ ဤပန်ကြားချက်ကို အီးအိုင်တီအိုင်ဘုတ်အဖွဲ့တွင် ပါဝင်သော ပါဝင်ပတ်သတ်ဆက်စပ်သူများအစုအဖွဲ့ကိုယ်စားလှယ်များမှ တစ်ဆင့် ဖျန်ဖြေပေးနိုင်ပါသည်။ အီးအိုင်တီအိုင်ဘုတ်အဖွဲ့သည် အခြေအနေကို ပြန်လည်သုံးသပ်မည်ဖြစ်ပြီး လေ့လာဆန်းစစ်အတည်ပြုခြင်းကို စောစီးစွာဆောင်ရွက် သင့်မသင့် မိမိ၏လုပ်ပိုင်ခွင့်အရ ဆုံးဖြတ်မည်ဖြစ်ပါသည်။ ထိုအကဲဖြတ် စိစစ်မှုပေါ်တွင် အခြေခံလျက် အီးအိုင် တီအိုင်ဘုတ်အဖွဲ့သည် နိုင်ငံ၏အဆင့်ကို ပြန်လည် ဆုံးဖြတ်ပါမည်။

အပြည့်အဝလိုက်နာသော နိုင်ငံတစ်နိုင်ငံသည် ပြန်လည်လေ့လာဆန်းစစ်အတည်ပြုခြင်း ဆောက်ရွက်ပြီးစီးပြီးနောက် ထိုနိုင်ငံသည် အီးအိုင်တီအိုင်လိုအပ်ချက်များကို မဖြည့်ဆည်းနိုင်ကြောင်း အပြီးသတ်သုံးသပ်ရရှိသည့်နေရာတွင် အောက်ဖော်ပြပါ အပိုဒ် (ဂ)ပါ အကျိုးဆက်များ ခံယူရပါမည်။

### (ဂ) လိုက်နာမှုမရှိခြင်း၏ အကျိုးဆက်များ

၁။ နိုင်ငံတစ်နိုင်ငံသည် အဆင့်လျှော့ချခြင်းမှ ရှောင်လွှဲနိုင်ရန် အလို့ငှာ အောက်ဖော်ပြပါ လိုအပ်ချက် (၄)ရပ်ပေါ်တွင် ကျေနပ်မှုရှိသောတိုးတက်မှုကို အောင်မြင်ရရှိရမည်ဖြစ်ပါသည်။ အစိုးရ၏ထိတွေ့ဆက်ဆံပါဝင်မှု (၁.၁) ၊ ကုမ္ပဏီ၏ထိတွေ့ဆက်ဆံပါဝင်မှု (၁.၂)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ထိတွေ့ဆက်ဆံပါဝင်မှု (၁.၃)၊ နှင့် အချိန်မီ အစီရင်ခံစာတင်ပြနိုင်ခြင်း (၄.၈)၊ နိုင်ငံတစ်နိုင်ငံသည် အချက်အလက်များ၏ အရည်အသွေး (၄.၉) နှင့် အချက်အလက်များ ပြည့်စုံမှု (၄.၁) ပေါ်တွင် **အဓိပ္ပါယ်ရှိသော တိုးတက်မှုအောက်တွင်** ရောက်ရှိအောင်မြင်သောနေရာတွင် အချက်အလက်များ၏ အားကိုးအားထားရမှုနှင့် ပြည့်စုံမှုတွင် အားနည်းမှုများကို အလေးထားဆောင်ရွက်မည့် အချိန်ဇယားပါရှိသည့် ရှေ့လုပ်ငန်းစဉ်တစ်ရပ်ကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က ထုတ်ဖော်တင်ပြရန် လိုအပ်မည်ဖြစ်ပါသည်။ ဤရှေ့လုပ်ငန်းစဉ်အကောင်အထည်ဖော်မှု၏ တိုးတက်မှုကို နောက်လာမည့် လေ့လာဆန်းစစ်အတည်ပြုခြင်းတွင် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။ အခြားအီးအိုင်တီအိုင် လိုအပ်ချက်များနှင့် ပတ်သက်၍ လိုက်နာမှုမရှိခြင်း၏ အကျိုးဆက်များမှာ ဘုတ်အဖွဲ့၏ တိုးတက်မှု တစ်ရပ်လုံးအပေါ် အကဲဖြတ် စိစစ်မှုပေါ်တွင် မူတည်ပါသည်။

၂။ တိုးတက်မှုလုံးဝမရှိသော နိုင်ငံအား စာရင်းမှပယ်ဖျက်ပါမည်။

၃။ **မပြည့်စုံသောတိုးတက်မှု**၊ ၎င်းနိုင်ငံအား အဆင့်ခေတ္တလျှော့ချမည်ဖြစ်ပြီး ဒုတိယလေ့လာဆန်းစစ်အတည်ပြုခြင်းမတိုင်မီ မှန်ကန်သောဆောင်ရွက်ချက်များပြုလုပ်ရန် မေတ္တာရပ်ခံပါလိမ့်မည်။ အဆင့်လျှော့ချခြင်းကို ပယ်ဖျက်ပေးနိုင်ရန် ၎င်းနိုင်ငံသည် ဒုတိယအကြိမ် လေ့လာဆန်းစစ်အတည်ပြုခြင်းကို အဓိပ္ပာယ်ရှိသော တိုးတက် မှုရှိကြောင်း အနည်းဆုံး လက်တွေ့သက်သေပြရမည်ဖြစ်ပါသည်။

အကယ်၍ နိုင်ငံတစ်နိုင်ငံသည် ဒုတိယအကြိမ် တိုက်ဆိုင်စစ်ဆေးမှုတွင် အဓိပ္ပာယ်ရှိသော တိုးတက်

အောင်မြင်မှုရရှိခဲ့လျှင် အောက်ဖော်ပြပါအပိုဒ် (၄) (၂)ပါ လုပ်ထုံးလုပ်နည်းကို အသုံးချပါသည်။ အကယ်၍ ထို နိုင်ငံသည် ဒုတိယလေ့လာဆန်းစစ်အတည်ပြုခြင်းတွင် မပြည့်စုံသောတိုးတက်မှုကိုသာ ရရှိခဲ့လျှင် အထက်ဖော်ပြပါ အပိုဒ် (၂)ပါ သတ်မှတ်ချက်ကို အသုံးချပါသည်။

၄။ **အဓိပ္ပာယ်ရှိသော တိုးတက်မှု**၊ ထိုနိုင်ငံအား အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်းနိုင်ငံတစ်နိုင်ငံဟု စဉ်းစားမည်ဖြစ်ပြီး ဒုတိယအကြိမ် လေ့လာဆန်းစစ်အတည်ပြုခြင်းမတိုင်မီ မှန်ကန်သောဆောင်ရွက်ချက်များ ပြုလုပ်ရန် မေတ္တာရပ်ခံပါလိမ့်မည်။

(၁) အကယ်၍ ထိုနိုင်ငံသည် ဒုတိယလေ့လာဆန်းစစ်အတည်ပြုခြင်း လုပ် ရာ၌ လုပ်ငန်းတစ်ရပ်လုံးသည် အဓိပ္ပါယ်ရှိသော တိုးတက်မှုကို အောင်မြင်ရရှိလျှင် သို့သော် လိုအပ်ချက် တစ်ခုချင်းပေါ်တွင် တိုးတက်ကောင်းမွန်မှုမရှိလျှင် ထိုနိုင်ငံအားအဆင့်လျှော့ချသတ်မှတ်မည်ဖြစ်ပြီး တတိယအကြိမ်လေ့လာဆန်းစစ်အတည်ပြုခြင်းမတိုင်မီမှန်ကန်သောဆောင်ရွက်မှုများပြုလုပ်ရန် မေတ္တာရပ်ခံပါလိမ့်မည်။ အကယ်၍ နိုင်ငံသည် လိုအပ်ချက် တစ်ခုချင်းပေါ်တွင် တိုးတက်ကောင်းမွန်မှု မရှိသော်လည်း တတိယအကြိမ်လေ့လာဆန်းစစ်အတည်ပြုခြင်းလုပ်ရာ၌ လုပ်ငန်းတစ်ရပ်လုံးသည် အဓိပ္ပါယ်ရှိသော တိုးတက်မှုကို ရရှိအောင်မြင်လျှင် ၎င်းနိုင်ငံကို စာရင်းမှ ပယ်ဖျက်ပါလိမ့်မည်။ အကယ်၍ နိုင်ငံသည် လိုအပ်ချက်တစ်ခုချင်း တိုးတက်အောင်မြင်မှုအချို့ (အားလုံးမဟုတ်သောလည်း အချို့မှအောင်မြင်သေးသည်ကို အောင်မြင်အောင်ဆောင်ရွက်ခြင်း)ရှိခဲ့ပြီး တတိယအကြိမ်လေ့လာဆန်းစစ်အတည်ပြုခြင်းပြုလုပ်ရာတွင် လုပ်ငန်းတစ်ရပ်လုံးသည် အဓိပ္ပါယ်ရှိသောတိုးတက်မှုကို အောင်မြင်ရရှိခဲ့လျှင် ထိုနိုင်ငံသည် အဆင့်လျှော့ချသည့် နေရာတွင် ဆက်လက်ရှိနေပါမည်။ ဘုတ်အဖွဲ့သည် မှန်ကန်သော ဆောင်ရွက်မှု အသစ်များကို ချမှတ် ပေးပါမည်။ စတုတ္ထလေ့လာဆန်းစစ်အတည်ပြုခြင်းတွင် ပါရှိသော လိုအပ်ချက်များကို အောင်မြင်အောင် မဆောင်ရွက်နိုင်လျှင် စာရင်းမှ ပယ်ဖျက်မှုခံရပါလိမ့်မည်။

(၂) နိုင်ငံ တစ်နိုင်ငံသည် လိုအပ်ချက်တစ်ခုချင်း တိုးတက် အောင်မြင်မှုအချိုး (အားလုံးမဟုတ်သော်လည်း အချို့မအောင်မြင်သေးသည်ကို အောင်မြင်အောင်ဆောင်ရွက်ခြင်း သိသိသာသာရှိခဲ့ပြီး ဒုတိယလေ့လာ ဆန်းစစ်အတည်ပြုခြင်းပြုလုပ်ရာတွင် လုပ်ငန်းတစ်ရပ်လုံးသည် အဓိပ္ပာယ်ရှိသော တိုးတက်မှုကို အောင်မြင်ရရှိခဲ့လျှင် ထိုနိုင်ငံကို မှန်ကန်သော ဆောင်ရွက်ချက်များ ပြုလုပ်နေသော အီးအိုင်တီအိုင်အဖွဲ့ဝင်လောင်း နိုင်ငံအဖြစ် စဉ်းစားပေးပါမည်။ နိုင်ငံသည် တတိယ လေ့လာဆန်းစစ်အတည်ပြုခြင်းတွင် လုပ်ငန်းတစ်ရပ်လုံးသည် အဓိပ္ပါယ်ရှိသောတိုး တက်မှုအဖြစ်မအောင်မြင်ခဲ့လျှင် နိုင်ငံကို အဆင့်လျှော့ချပါမည်။ ဘုတ်အဖွဲ့သည် မှန်ကန်သော ဆောင်ရွက်ချက်အသစ်များကို သတ်မှတ်ပေးပါမည်။ စတုတ္ထလေ့လာ ဆန်းစစ်အတည်ပြုခြင်းတွင် လိုအပ်ချက်အားလုံးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်း မရှိပါက အဆင့်လျှော့ချခြင်း သို့မဟုတ် စာရင်းမှ ပယ်ဖျက်ခြင်းရလဒ်ကို ရရှိပါမည်။

(၃) အကယ်၍ နိုင်ငံသည် ဒုတိယသို့မဟုတ် နောက်ပိုင်းလေ့ လာဆန်းစစ်အတည်ပြုခြင်းတွင် မပြည့်စုံသော တိုးတက်မှုကို အောင်မြင်ရရှိခဲ့လျှင် အထက်အပိုဒ် (၂)ပါ လုပ်ထုံးလုပ်နည်းကို အသုံးချရပါမည်။

## (ဃ) လိုက်နာမှု အောင်မြင်စွာရရှိရန်အတွက် အချိန်ဇယားမူဘောင်များ

၁။ အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်းနိုင်ငံများသည် အီးအိုင်တီအိုင်အဖွဲ့ဝင်လောင်း နိုင်ငံတစ်နိုင်ငံဖြစ်လာသည့်အချိန်မှ နှစ်နှစ်ခွဲအတွင်း ပထမလေ့လာဆန်းစစ်အတည်ပြုခြင်းကို စတင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သတ်မှတ်ချက် ၈.၅ နှင့်အညီ နိုင်ငံတစ်နိုင်ငံသည် ဤအချိန် သတ်မှတ်ချက်မူဘောင်ကို တိုးပေးရန် ပန်ကြားနိုင်ပါသည်။ အီးအိုင်တီအိုင်ဘုတ်အဖွဲ့က သတ်မှတ်ထားသည့် အချိန်ထက်စော၍ လေ့လာဆန်းစစ်အတည်ပြုခြင်းကို စတင်နိုင်ရန် နိုင်ငံတစ်နိုင်ငံက မေတ္တာရပ်ခံနိုင်ပါသည်။

၈။ အကောင်အထည်ဖော်သည့်နိုင်ငံများအတွက် လိုက်နာမှုနှင့် အလုပ်ပြီးစီးရမည့်အချိန်များ

၂။ နိုင်ငံတစ်နိုင်ငံသည် လိုက်နာလုပ်ဆောင်မှုကိုအောင်မြင်အောင် မလုပ်ဆောင်နိုင်ကြောင်း လေ့လာဆန်းစစ်အတည်ပြုခြင်းကအတည်ပြုသောနေရာတွင် အီးအိုင်တီအိုင် ဘုတ်အဖွဲ့က ယင်းနိုင်ငံက တာဝန်ယူဆောင်ရွက်ပေးရန် လိုအပ်သော မှန်ကန်သည့်ဆောင်ရွက်ချက်များကို သတ်မှတ်ပေးပါမည်။ မှန်ကန်သော ဆောင်ရွက်ချက်များ လုပ်ဆောင်ချက်တိုးတက်မှုကို လေ့လာဆန်းစစ်အတည်ပြုရန် အချိန်ဇယားကို ၃လ မှ ၁၈လအထိ အကဲဖြတ်စိစစ်ရန် တိုးပေးပါလိမ့်မည်။ မှန်ကန်သော ဆောင်ရွက်ချက်များ ပြီးစီးအောင် ဆောင်ရွက်ရန်အတွက် အချိန်ဇယား သတ်မှတ်ပေးရာတွင် အီးအိုင်တီအိုင် ဘုတ်အဖွဲ့သည် မှန်ကန်သော ဆောင်ရွက်ချက်များ၏ သဘာဝနှင့် ဒေသအကြောင်းတို့ကို ထည့်သွင်းစဉ်းစားပါမည်။ ဘုတ်အဖွဲ့တွင် အချိန်ဇယားမူဘောင်ကို အချိန်တို သို့မဟုတ် အချိန်ရှည်ကာလ သတ်မှတ်ပေးပိုင်ခွင့်ရှိပါသည်။ သတ် မှတ်ချက် ၈.၅ နှင့်အညီ နိုင်ငံတစ်နိုင်ငံသည် အချိန်ဇယား မူဘောင်ကို တိုးချဲ့ပေးရန် မေတ္တာရပ်ခံနိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံသည် အီးအိုင်တီအိုင်က သတ်မှတ်ပေးထားသော အချိန်ထက်စော၍ လေ့လာဆန်းစစ်အတည်ပြုခြင်းကို စတင်ပြုလုပ်ရန် မေတ္တာရပ်ခံနိုင်ပါသည်။

၃။ အထက်ဖော်ပြပါ သတ်မှတ်ချက်ကို (၈.၃.ဂ) နှင့် (၈.၃.ဃ) (၁-၂) တို့နှင့်အညီ နိုင်ငံတစ်နိုင်ငံသည် အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်း နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ပေးခဲ့သည့်ရက်စွဲမှ အများဆုံး (၇)နှစ်အထိ အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်း နိုင်ငံတစ်နိုင်ငံ အဆင့်ဖြစ် ဆက်လက်တည်ရှိနိုင်ပါသည်။

## ၈.၄ နှစ်ပါတ်လည်တိုးတက်မှု အစီရင်ခံစာ တင်ပြရမည့် အချိန်များ

သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သည် နှစ်ပါတ်လည် တိုးတက်မှု အစီရင်ခံစာများ (လိုအပ်ချက် ၇.၄) ကို ပြည်သူလူထုသိအောင်ထုတ်ဝေရန် လိုအပ်ပါသည်။ ယခင်နှစ်လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို လာမည့်ဇူလိုင်လ(၁)ရက်နေ့တွင် ထုတ်ဝေရပါမည်။ အီးအိုင်တီအိုင်အဖွဲ့ဝင်လောင်းနိုင်ငံအသစ်များအတွက် ထုတ်ဝေရမည့် အချိန်ကို အီးအိုင်တီအိုင်ဘုတ်အဖွဲ့က သတ်မှတ်ပေးပါလိမ့်မည်။ အကယ်၍နှစ်ပတ်လည်တိုးတက်မှုအစီရင်ခံစာ ထုတ် ပြန်ရမည့်နေ့မှ ခြောက်လအတွင်း လာမည့် ဒီဇင်ဘာလ (၃၁)ရက်နေ့အထိ မတင်ပြနိုင်လျှင် ထုတ်ပြန်ရမည့် တိုး တက်မှု အစီရင်ခံစာ တင်ပြမှုအပေါ် အီးအိုင်တီအိုင် ဘုတ်အဖွဲ့က ကျေနပ်သည့် အချိန်အထိ ယင်းနိုင်ငံကို ခေတ္တအဆင့်လျှော့ချထားပါ လိမ့်မည်။

## ၈.၅ သက်တမ်းတိုးပေးခြင်း

အထက်ဖော်ပြပါ သတ်မှတ်ချက်များ ၈.၂-၈.၄ တွင် အတိအကျဖော်ပြထားသော မည်သည့်အလုပ်ပြီးစီးရမည့်အချိန်များကို အချိန်မီ လုပ်နိုင်စွမ်းမရှိပါက အကောင်အထည်ဖော်သည့် နိုင်ငံတစ်နိုင်ငံသည် သက်တမ်းတိုးပေးရန် လျှောက်ထားနိုင်ပါသည်။ မည်သည့် အချိန်တိုးပေးရန် မေတ္တာရပ်ခံချက်ကိုမဆို အကဲဖြတ်စိစစ်ရာတွင် အောက်ဖော်ပြပါစစ်ဆေးချက်များကို အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အသုံးပြုပါလိမ့်မည်။

(က) မေတ္တာရပ်ခံချက်ကို သတ်မှတ်ထားသော အချိန်မတိုင်မီ ကြိုတင်ပြုလုပ်ရမည်ဖြစ်ပြီး သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်းအဖွဲ့က ထပ်ဆင့် ထောက်ခံတင်ပြရပါမည်။

(ခ) အစီရင်ခံစာတင်ပြရန် သတ်မှတ်ချိန်ကို မီရန် စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်နေကြောင်းနှင့် ထူးခြားသော အခြေအနေများကြောင့် နှောင့်နှေးခြင်းဖြစ်ကြောင်းကို သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့က လက်တွေ့သက်သေပြ ရပါ မည်။ စဉ်ဆက်မပြတ် တိုးတက်မှုကို အကဲဖြတ်စိစစ်ရာ၌ အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အောက်ပါတို့ကို စဉ်းစားပါမည်။

၁။ အီးအိုင်တီအိုင်လုပ်ငန်းစဉ် အထူးသဖြင့်သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့၏ လုပ်ငန်းများလည်ပတ်လုပ်ဆောင်ပုံနှင့် အစိုးရ၏ ရှင်းလင်းခိုင်မာသော ကတိကဝတ်ပြုပူးပေါင်းပါဝင်မှု

၂။ လိုအပ်ချက် ၄.၈ အရ အချိန်မီအစီရင်ခံစာတင်ပြခြင်းအတွက် လိုအပ်ချက်များကို ပြည့်မီအောင်

၈။ အကောင်အထည်ဖော်သည့်နိုင်ငံများအတွက် လိုက်နာမှုနှင့် အလုပ်ပြီးစီးရမည့်အချိန်များ

ဆောင်ရွက်ရာတွင် အဓိပ္ပါယ်ရှိသော တိုးတက်မှုနှင့် အီးအိုင်တီအိုင်အစီရင်ခံစာ တင်ပြခြင်းနှင့် ပုံမှန်တိုးတက်ကောင်းမွန်ရေးအတွက် ထောက်ခံအကြံပြုချက်များအပေါ် အလေးထားကြိုးပမ်းဆောက်ရွက်မှုများ အပါအဝင် အီးအိုင်တီအိုင် အစီရင်ခံစာတင်ပြခြင်း၏ အဆင့်အတန်းနှင့် အရည်အသွေး

(ဂ) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ တင်ပြသော မေတ္တာရပ်ခံချက်တွင် ထူးခြားသောအခြေအနေများကို ရှင်းလင်းဖော်ပြရပါမည်။

(ဃ) အဖွဲ့ဝင်လောင်းနိုင်ငံအတွက် ခွင့်ပြုသော အများဆုံးကာလထက် ပိုမိုစေမည့် မည်သည့်သက်တမ်းတိုးပေးမှုကိုမျှ ခွင့်ပြုလိမ့်မည် မဟုတ်ပါ။

## ၈.၆ ဆိုင်းငံ့ခြင်း

### (က)အီးအိုင်တီအိုင်၏ အခြေခံမူများနှင့် လိုအပ်ချက်များကို ဖောက်ဖျက်ခြင်းကြောင့် ဆိုင်းငံ့ခြင်း

အကောင်အထည်ဖော်သည့်  နိုင်ငံတစ်နိုင်ငံက အီးအိုင်တီအိုင် အခြေခံမူများနှင့် လိုအပ်ချက်များမှ ထင်ရှားသော ကဏ္ဍတစ်ခုကို သိသာထင်ရှားစွာ လိုက်နာခြင်း မရှိသော နေရာတွင် အီးအိုင်တီအိုင် ဘုတ်အဖွဲ့သည် ယင်းနိုင်ငံအား ဆိုင်းငံ့ခြင်းသို့မဟုတ် စာရင်းမှ ပယ်ဖျက်ခြင်း ပြုပါလိမ့်မည်။ သတ်မှတ်ချက် (၈.၂၊ ၈.၄) နှင့်အညီ ယင်းတွင် ပါရှိသော ကိစ္စရပ်များ ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံသည် အီးအိုင်တီအိုင် အစီရင်ခံစာကို အချိန်မီတင်ပြရန်၊ နှစ်ပတ်လည်တိုးတက်မှု အစီရင်ခံစာများ တင်ပြရန်နှင့် သို့မဟုတ် အီးအိုင်တီအိုင် လိုအပ်ချက်များကို လိုက်နာဆောင်ရွက် အောင်မြင်မှု တို့အတွက် အီးအိုင်တီအိုင် ဘုတ်အဖွဲ့က သတ်မှတ်သောပြီးစီးရမည့်အချိန်ကိုမီအောင် ဆောင်ရွက်နိုင်မှုမရှိသော ကိစ္စရပ်များ ပါဝင်ပါသည်။ အီးအိုင်တီအိုင် အခြေခံမူများနှင့် လိုအပ်ချက်များကို လိုက်နာမှုနှင့်  စပ်လျဉ်း၍ ညှိနှိုင်းမှု နှင့် အီးအိုင်တီအိုင် ဘုတ်အဖွဲ့က သက်ဆိုင်ရာ နေ့ရာတွင် အီးအိုင်တီအိုင် ဘုတ်အဖွဲ့သို့အခြေ အနေနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် အစီရင်ခံစာ တစ်ခုတင်ပြရန် အီးအိုင်တီအိုင် အတွင်းရေးမှူးရုံးအား တာဝန်ပေးနိုင်ပါသည်။

အကောင်အထည်ဖော်သည့် နိုင်ငံတစ်နိုင်ငံအား ဆိုင်းငံ့ခြင်း မှာ ယာယီယန္တရားတစ်ရပ် ဖြစ်ပါသည်။ ယင်းသည် အဖွဲ့ဝင်လောင်းနိုင်ငံအတွက် အများဆုံးအချိန်ကာလနှင့် ဆက်စပ် ပါသည်။

အထက်ဖော်ပြပါ သတ်မှတ်ချက် (၈.၂၊ ၈.၄) နှင့်အညီ အီးအိုင်တီအိုင် ဘုတ်အဖွဲ့သည် အကောင်အထည်ဖော်သည့် နိုင်ငံအား အီးအိုင်တီအိုင် စံနှုန်းများကို ဖောက်ဖျက်ခြင်းအပေါ် အလေးထား ပြုပြင်ရန် အချိန်ကာလကန့်သတ်ချက် တစ်ရပ်ကို သတ်မှတ်ပေးရပါမည်။ ဆိုင်းငံ့ခံရသည့် ကာလအတွင်း နိုင်ငံသည် ဆိုင်းငံ့ခြင်းဆိုသည့် အဆင့်အတန်းကို ရရှိပါလိမ့်မည်။ အကယ်၍ နိုင်ငံသည် သတ်မှတ်ထားသော ပြီးစီးအောင် ဆောင်ရွက်ရမည့်အချိန်တွင် အရေးကိစ္စကို ဖြေရှင်းပြီး အီးအိုင်တီအိုင် ဘုတ်အဖွဲ့၏ ကျေနပ်မှုကို ရရှိခဲ့လျှင် နိုင်ငံ၏ အဖွဲ့ဝင်းလောင်း သို့မဟုတ် အပြည့်အဝလိုက်နာသည့် အဆင့်အတန်းကို ပြန်လည်ရရှိစေလိမ့် မည်ဖြစ်ပါသည်။ အကယ်၍ ပြီးစီးအောင် ဆောင်ရွက်ရမည့်အချိန်တွင် အရေးကိစ္စကို ဖြေရှင်းနိုင်ခြင်း မရှိခဲ့လျှင် ထိုနိုင်ငံကို အီးအိုင် တီအိုင် ဘုတ်အဖွဲ့အစည်းမှ ပယ်ဖျက်ပါလိမ့်မည်။

### (ခ)နိုင်ငံရေးမတည်ငြိမ်မှု သို့မဟုတ် ပဋိပက္ခကြောင့် ဆိုင်းငံ့ခြင်း

နိုင်ငံရေး မတည်ငြိမ်မှု သို့မဟုတ်  ပဋိပက္ခက နိုင်ငံအား အီးအိုင်တီအိုင် အခြေခံမူများနှင့် လိုအပ်ချက်များ၏ ထူးခြားသည့်ကဏ္ဍ တစ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမှ သိသာထင်ရှားစွာ တားဆီးခြင်း ဖြစ်နေသော နေရာတွင် အီးအိုင်တီအိုင်ဘုတ်အဖွဲ့က ထိုနိုင်ငံများအား ဆိုင်းငံ့နိုင်ပါသည်။ ထူးခြားသော နိုင်ငံရေး မတည်ငြိမ်မှု သို့မဟုတ် ပဋိပက္ခနှင့် တွေ့ကြုံနေရသော နိုင်ငံများသည်လည်း မိမိတို့ ဆန္ဒအလျောက် ဆိုင်းငံ့ခွင့်ပြုရန် လျှောက်လွှာ တင်ပြသင့်ပါသည်။ အစိုးရ၏ လျှောက်လွှာတွင် သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့၏ အမြင်များ ကို မှတ်သားဖော်ပြသင့်ပါ သည်။

နိုင်ငံရေးမတည်ငြိမ်မှု သို့မဟုတ် ပဋိပက္ခကြောင့် ဆိုင်းငံ့ခံရသော နိုင်ငံများကိစ္စတွင် အဆင့်လျော့ခံရသည့် ကာလကို အဖွဲ့ဝင်လောင်း နိုင်ငံအတွက် အများဆုံးခွင့်ပြုသည့် ကာလရေတွက်ရာ၌ အစိတ်အပိုင်းအဖြစ်ထည့်သွင်းမည်

မဟုတ်ပါ။ အီးအိုင်တီအိုင်အဖွဲ့က အခြေအနေကို ပုံမှန်စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ကို ပြုလုပ်ပါမည်။ နိုင်ငံအား ဆိုင်းငံ့ခြင်းကာလ သက်တမ်းတိုးခြင်း သို့မဟုတ် စာရင်းမှ ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်ပိုင်ခွင့်သည် အီးအိုင်တီအိုင်ဘုတ်အဖွဲ့တွင် ရှိပါသည်။

**(ဂ)ဆိုင်းငံ့ခြင်းကို ရုပ်သိမ်းခြင်း**

အဖွဲ့ဝင်နိုင်ငံ၏အစိုးရသည် မည်သည့်အချိန်တွင်မဆို ဆိုင်းငံ့ခြင်းအား ရုပ်သိမ်းပေးရန်လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာသည် အီးအိုင်တီအိုင် အကောင်အထည်ဖော်မှုနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ပြန်လည်စတင်ရန် ပါဝင်ပတ်သတ်ဆက်စပ်သူများမှ သဘောတူညီခဲ့သောအဆင့်များနှင့် လိုက်နာရန်ကိစ္စရပ်များအောင်မြင်စွာ ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်တို့ကို မှတ်တမ်းတင်သင့်ပါသည်။ အီးအိုင်တီအိုင်ဘုတ်အဖွဲ့က ဆိုင်းငံ့ခြင်းအတွက် အကြောင်းပြချက်များပေါ်တွင်ကျေနပ်လျှင် ဆိုင်းငံ့ခြင်းကို ရုပ်သိမ်းပေးပါမည်။ ယင်းသို့ ဆိုင်းငံ့ခြင်းကို ရုပ်သိမ်းပြီးသည့်အခါ အီးအိုင်တီအိုင်ဘုတ်အဖွဲ့သည် အစီရင်ခံတင်ပြခြင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းအတွက် ပြီးစီးရမည့် အချိန်ကိုသင့်လျော်သလို စဉ်းစားသတ်မှတ်ပေးပါမည်။ လုပ်ငန်းစဉ်၏ အဆင့်အားလုံး၌ အီးအိုင်တီအိုင်ဘုတ် အဖွဲ့သည် ၎င်း၏သက်ဆိုင်မှုနှင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်သည့်နိုင်ငံနှင့် ရှင်းလင်းစွာ ဆက် သွယ်ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

**၈.၇ စာရင်းမှ ပယ်ဖျက်ခြင်း**

ဥပမာအားဖြင့် အီးအိုင်တီအိုင်အကောင်အထည်ဖော်သည့်နိုင်ငံအဖြစ်မှ နိုင်ငံတစ်နိုင်ငံအဆင့်အတန်းကို ရုပ်သိမ်းခြင်းကို အောက်ပါတို့မှ တစ်ခုခုဖြစ်ပေါ်လျှင် စာရင်းမှ ပယ်ဖျက်ခြင်းဖြစ်ပေါ်လိမ့်မည်။

၁။ သတ်မှတ်ချက် ၈.၆ နှင့်အညီ အကောင်အထည်ဖော်သည့် နိုင်ငံတစ်နိုင်ငံသည် ဆိုင်းငံ့ခြင်း နှင့် သဘောတူညီထားသည့် ပြီးစီးသည့်အချိန်တွင် အရေးကိစ္စကို အီးအိုင်တီအိုင် ဘုတ်အဖွဲ့ကျေနပ်လောက်သည့် ဖြေရှင်းဆောင်ရွက်မှုမပြုခြင်း

၂။ သတ်မှတ်ချက် ၈.၃ နှင့်အညီ နိုင်ငံတစ်နိုင်ငံသည် သတ်မှတ်ထားသော အချိန်ဇယားမူဘောင်အတွင်း အီးအိုင် တီအိုင်လုပ်ငန်းစဉ် အကောင်အထည်ဖော်ရာတွင် ကျေနပ်လောက်သည့် တိုးတက်မှုရရှိအောင် မဆောင်ရွက်နိုင်ဟု အီးအိုင်တီအိုင်ဘုတ်အဖွဲ့က သုံးသပ်ဆုံးဖြတ်ခြင်း

အကောင်အထည်ဖော်သည့် နိုင်ငံတစ်နိုင်ငံသည် အီးအိုင်တီအိုင်အခြေခံမူများနှင့် လိုအပ်ချက်များ၏ ထူးခြားသော ကဏ္ဍတစ်ရပ်ကို သိသာထင်ရှား ရှင်းလင်းစွာ လိုက်နာနိုင်ခြင်းမပြုနိုင်သည့်အခါတွင် ယင်းနိုင်ငံအား အီးအိုင်တီအိုင်ဘုတ်အဖွဲ့က စာရင်းမှပယ်ဖျက် ပိုင်ခွင့်ရှိပါသည်။ စာရင်းမှပယ်ဖျက်ခံရသည့် နိုင်ငံသည် မည်သည့်အချိန်တွင်မဆို အီးအိုင်တီအိုင်ဘုတ် အဖွဲ့ဝင် လောင်း နိုင်ငံတစ်နိုင်ငံအဖြစ် ဝင်ခွင့်ပြုရန်အတွက် ပြန်လည်လျှောက်ထားနိုင်ပါသည်။ အီးအိုင်တီအိုင် အဖွဲ့ဝင် လောင်းနိုင်ငံလျှောက်လွှာများ အကဲဖြတ်စိစစ်ခြင်းနှင့် ပတ်သတ်၍ သဘောတူညီထားသော လုပ်ထုံးလုပ်နည်းများကို အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အသုံးပြုမည်ဖြစ်ပါသည်။ ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် ယခင် တွေ့ကြုံရသော အတားအဆီးများနှင့် ကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်သော အစီအမံများကို အကောင်အထည်ဖော်ခြင်း အပါအဝင် အီးအိုင်တီအိုင် အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်းသည့် ယခင် အတွေ့အကြုံ ကိုလည်း အကဲဖြတ်စိစစ်ပါလိမ့်မည်။

**၈.၈ အသနားခံခြင်း**

ဆိုင်းငံ့ခြင်း၊ စာရင်းမှပယ်ဖျက်ခြင်း သို့မဟုတ် နိုင်ငံတစ်နိုင်ငံအား အီးအိုင်တီအိုင်အဖွဲ့ဝင်လောင်း နိုင်ငံသို့ မဟုတ် တိုက်ဆိုင်စစ်ဆေးမှုကို လိုက်နာသော အီးအိုင်တီအိုင်အပြည့်အဝလိုက်နာသည့်နိုင်ငံ သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များကို အီးအိုင်တီအိုင်ဘုတ်အဖွဲ့က ပြန်လည်သုံးသပ်ရန် သက်ဆိုင်ရာအကောင်အထည်ဖော်သည့် နိုင်ငံက အသနားခံစာ တင်သွင်းနိုင်ပါသည်။ ယင်းအသနားခံစာကို ပြန်လည်ဆုံးဖြတ်ရာ၌ ကိစ္စရပ်များ၏

၈။ အကောင်အထည်ဖော်သည့်နိုင်ငံများအတွက် လိုက်နာမှုနှင့် အလုပ်ပြီးစီးရမည့်အချိန်များ

အချက်အလက်များ အီးအိုင်တီအိုင်၏ရိုးသားဖြောင့်မတ်မှုကို ထိန်းသိမ်းရန် လိုအပ်ချက်နှင့် နိုင်ငံများအကြား ရှေ့နောက်ညီညွတ်သော ဖြည့်ဆည်းပေးမှုအခြေခံမှုများကို အီးအိုင်တီအိုင်ဘုတ်အဖွဲ့က စဉ်းစားဆင်ခြင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ အီးအိုင်တီအိုင်ဘုတ်အဖွဲ့၏ အဆုံးအဖြတ်သည် အတည်ဖြစ်ပါသည်။ သင်းဖွဲ့စည်းမျဉ်း အပိုဒ် ၈ အောက်ရှိ ကြိုတင်အသိပေးရမည့်ကာလထက်စော၍ သက်ဆိုင်ရာနိုင်ငံသည် အီးအိုင်တီအိုင်ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်တစ်ရပ်ကို နောက်တစ်ကြိမ်ကျင်းပမည့်အဖွဲ့ဝင်များအစည်းအဝေးသို့ အသနားခံနိုင်ပါသည်။

### ပထမ
ကျိုးကြောင်းညီညွတ်စေခြင်း
၂-၅နှစ်ကြာပြီးနောက်

တိုးတက်မှုတစ်ရပ်လုံးအပေါ် ဘုတ်အဖွဲ့၏အကဲဖြတ်စိစစ်ချက်

- ၁။ ကျေနပ်မှုရှိသောတိုးတက်မှု — အဖွဲ့ဝင်
- ၂။ အဓိပ္ပါယ်ရှိသောတိုးတက်မှု — အဖွဲ့ဝင်လောင်း
- ၃။ မပြည့်စုံသော တိုးတက်မှု — ဆိုင်းငံ့
- ၄။ တိုးတက်မှုမရှိ — စာရင်းမှပယ်ဖျက်

အောင်မြင်စွာ လိုက်နာဆောင်ရွက်သော နိုင်ငံများသည် ၃ နှစ် ကြာပြီးနောက် ထပ်မံ၍ ကျိုးကြောင်းညီညွတ်စေခြင်းကို လုပ်ဆောင်ပါသည်။

### ဒုတိယ
ကျိုးကြောင်းညီညွတ်စေခြင်း
၃လ-၁၈လကြာပြီးနောက်

- ၁။ ကျေနပ်မှုရှိသောတိုးတက်မှု — အဖွဲ့ဝင်
- ၂။ အဓိပ္ပါယ်ရှိသောတိုးတက်မှု (တိုးတက်မှုဖြင့်) — အဖွဲ့ဝင်လောင်း
- ၃။ အဓိပ္ပါယ်ရှိသောတိုးတက်မှု (တိုးတက်မှုမရှိ) — ဆိုင်းငံ့
- ၄။ မပြည့်စုံသော တိုးတက်မှု — စာရင်းမှပယ်ဖျက်
- ၅။ တိုးတက်မှုမရှိ — စာရင်းမှပယ်ဖျက်

- ၁။ ကျေနပ်မှုရှိသောတိုးတက်မှု — အဖွဲ့ဝင်
- ၂။ အဓိပ္ပါယ်ရှိသောတိုးတက်မှု — အဖွဲ့ဝင်လောင်း
- ၃။ မပြည့်စုံသော တိုးတက်မှု — စာရင်းမှပယ်ဖျက်
- ၄။ တိုးတက်မှုမရှိ — စာရင်းမှပယ်ဖျက်

### တတိယ
ကျိုးကြောင်းညီညွတ်စေခြင်း
၃လ-၁၈လကြာပြီးနောက်

- ၁။ ကျေနပ်မှုရှိသောတိုးတက်မှု — အဖွဲ့ဝင်
- ၂။ အဓိပ္ပါယ်ရှိသောတိုးတက်မှု — ဆိုင်းငံ့
- ၃။ မပြည့်စုံသော တိုးတက်မှု — စာရင်းမှပယ်ဖျက်
- ၄။ တိုးတက်မှုမရှိ — စာရင်းမှပယ်ဖျက်

- ၁။ ကျေနပ်မှုရှိသောတိုးတက်မှု — အဖွဲ့ဝင်
- ၂။ အဓိပ္ပါယ်ရှိသောတိုးတက်မှု (တိုးတက်မှုဖြင့်) — ဆိုင်းငံ့
- ၃။ အဓိပ္ပါယ်ရှိသောတိုးတက်မှု (တိုးတက်မှုမရှိ) — စာရင်းမှပယ်ဖျက်
- ၄။ မပြည့်စုံသော တိုးတက်မှု — စာရင်းမှပယ်ဖျက်
- ၅။ တိုးတက်မှုမရှိ — စာရင်းမှပယ်ဖျက်

### စတုတ္ထ
ကျိုးကြောင်းညီညွတ်စေခြင်း
၃လ-၁၈လကြာပြီးနောက်

- ၁။ ကျေနပ်မှုရှိသောတိုးတက်မှု — အဖွဲ့ဝင်
- ၂။ အဓိပ္ပါယ်ရှိသောတိုးတက်မှု — စာရင်းမှပယ်ဖျက်
- ၃။ မပြည့်စုံသော တိုးတက်မှု — စာရင်းမှပယ်ဖျက်
- ၄။ တိုးတက်မှုမရှိ — စာရင်းမှပယ်ဖျက်

ဤအခန်းသည် အီးအိုင်တီအိုင် တိုက်ဆိုင်စစ်ဆေးခြင်းနှင့် သက်ဆိုင်ပါသည်။ တိုက်ဆိုင်စစ်ဆေးခြင်း၏ ရည်ရွယ်ချက်မှာ အခန်း ၃ တွင် သတ်မှတ်ထားသော အီးအိုင်တီအိုင် လိုအပ်ချက်များကို လိုက်နာမှုအပေါ် အကဲဖြတ်စိစစ်ရန် ဖြစ်ပါသည်။

## ပြန်လည်ဆန်းစစ်အတည်ပြုခြင်း ရည်မှန်းချက်များ

တိုက်ဆိုင်စစ်ဆေးခြင်းသည် အီးအိုင်တီအိုင်လုပ်ငန်းစဉ်၏ မုချလိုအပ်သော အင်္ဂါရပ်တစ်ခုဖြစ်ပါသည်။ ယင်းက နိုင်ငံအဆင့် လုပ်ကိုင်ဆောင်ရွက်ချက်နှင့် ဆွေးနွေးမှုနှင့် သင်ယူလေ့လာမှုကို မြှင့်တင်မှုတို့ကို အကဲဖြတ်စိစစ်ခြင်းကို ဖြည့်ဆည်းပေးပါသည်။ ဤလုပ်ငန်းက အကောင်အထည်ဖော်သည့် နိုင်ငံများအားလုံးက တူညီသော တကမ္ဘာလုံးဆိုင်ရာ စံနှုန်းများကို လိုက်နာခြင်းအားဖြင့် အီးအိုင်တီအိုင်၏ ပြီးပြည့်စုံသော အနှစ်သာရကိုလည်း ကာကွယ် စောင့်ရှောက်ပေးပါသည်။ ဤလုပ်ငန်းက အီးအိုင်တီအိုင်လုပ်ငန်းစဉ် အကောင်အထည်ဖော်သည့် နိုင်ငံတစ်နိုင်ငံ တွင် အီးအိုင်တီအိုင် စံနှုန်းပါ သတ်မှတ်ချက်နှင့် ဆီလျော်ညီညွတ်စွာ ဆောင်ရွက်ခြင်းရှိမရှိ ဘက်မလိုက်သော အကဲဖြတ်စိစစ်မှုတစ်ခုကို ပါဝင်ပတ်သက်ဆက်စပ်သူများ အားလုံးကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါသည်။ ထို့ပြင် တိုက်ဆိုင်စစ်ဆေးခြင်း အစီရင်ခံစာက တိုက်ဆိုင်စစ်ဆေးခြင်းခံယူသည့် နိုင်ငံတွင် အီးအိုင်တီအိုင် အကျိုးသက်ရောက်မှု အီးအိုင်တီအိုင် စံနှုန်းက အားပေးတိုက်တွန်းသော လုပ်ငန်းရပ်များ အကောင်အထည်ဖော်ခြင်း အီအိုင် တီအိုင် အကောင်အထည်ဖော်ခြင်းမှ လေ့လာဆည်းပူးရရှိသည့် သင်ခန်းစာများ အနာဂတ် အီးအိုင်တီအိုင် အကောင်အထည်ဖော်ခြင်းအတွက် ပါဝင်ပတ်သက်ဆက်စပ်သူများမှ ဖော်ပြသော မည်သည့်သက်ဆိုင်သည့်ကိစ္စမဆိုနှင့် ထောက်ခံအကြံပြုချက်များကို အလေးပေးဖော်ပြပေးပါလိမ့်မည်။

## ပြန်လည်ဆန်းစစ်အတည်ပြုခြင်းနည်းပညာ

အခန်း ၃ တွင် သတ်မှတ်ထားသော အီးအိုင်တီအိုင် လိုအပ်ချက်များ လိုက်နာမှုကို တိုက်ဆိုင်စစ်ဆေးခြင်းက အကဲဖြတ်စိစစ်ပါသည်။ နည်းပညာကို တိုက်ဆိုင်စစ်ဆေးခြင်းလမ်းညွှန်တွင် သတ်မှတ်ချက် တစ်ခုစီအလိုက် အကဲဖြတ်စိစစ်မှုအပေါ် လမ်းညွှန်ချက်နှင့်အတူ သတ်မှတ်ထားပါသည်။ အချို့ကိစ္စများတွင် တိုက်ဆိုင်စစ်ဆေးခြင်း လမ်းညွှန်က တိုက်ဆိုင်စစ်ဆေးသူက သတ်မှတ်ချက်တစ်ခုကို သေချာစွာ ကျေနပ်မှုရရှိရန် အသုံးပြုရမည့် သက်သေအထောက်အထားကို အထူးပြုဖော်ပြထားသည်။ အခြားကိစ္စရပ်များတွင် အီးအိုင်တီအိုင် သတ်မှတ်ချက်တစ်ခုကို အလေးထားစစ်ဆေးရာ၌ နိုင်ငံတစ်နိုင်ငံက အလေးထားနိုင်သည့် ကွဲပြားသော ရှုမြင်ချဉ်းကပ်မှုများ ရှိပါသည်။ တိုက်ဆိုင်စစ်ဆေးခြင်းလမ်းညွှန်က တိုက်ဆိုင်စစ်ဆေးသူ စဉ်းစားအသုံးပြုနိုင်မည့် သက်သေအထောက်အထား အမျိုးအစားများ ဥပမာများကို ဖြည့်ဆည်းပေးပါသည်။


## ပြန်လည်ဆန်းစစ်အတည်ပြုခြင်း လုပ်ထုံးလုပ်နည်း

အီးအိုင်တီအိုင်၏ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ သဘာဝနှင့် တွေ့ဆုံဆွေးနွေး အခြေအတင်ပြောဆိုခြင်း၏ အရေးပါမှုတို့ကို ဖော်ပြထားရာ တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းက ပါဝင်ပတ်သက်ဆက်စပ်သူများနှင့် တိုင်ပင်ဆွေးနွေး ညှိနှိုင်းမှုပေါ်တွင် အလေးထားပါသည်။ တိုက်ဆိုင်စစ်ဆေးခြင်းကို အဆင့်သုံးဆင့်အားဖြင့် ဆောင်ရွက်ပါသည်။


၁။ ပြန်လည်ဆန်းစစ်အတည်ပြုခြင်းအတွက်ပြင်ဆင်ခြင်း ပြန်လည်ဆန်းစစ်အတည်ပြုခြင်း လုပ်ငန်းမစတင်မီကြိုတင်၍အီးအိုင်တီအိုင်စံနှုန်းများလိုက်နာဆောင်ရွက်မှုအပေါ်သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့(အမ်အက်စ်ဂျီ)က မိမိကိုယ်တိုင်ပြုလုပ်သည့် ချင့်ချိန်အကဲဖြတ်ခြင်း ကို ပြုလုပ်ရန်အားပေးပါသည်။ ပြန်လည်ဆန်းစစ်အတည်ပြုခြင်းလမ်းညွှန်ချက်တွင် သတ်မှတ်ချက်တစ်ခုပါဝင်ပါသည်။ယင်းမှာ " သုံးပွင့်ဆိုင်ညွှန့် ပေါင်း

# EITI လုပ်ငန်းစဉ်

**သဘာဝသယံဇာတများမှ ရလဒ်များကို ရှုမြင်ခြင်း**




၁ အမျိုးအသားအဆင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့(အစိုးရ၊ ပုဂ္ဂလိကနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း များ)က ၄င်းတို့၏ အီးအိုင်တီအိုင်လုပ်ငန်းစဉ်အား မည်သို့ဆောင်ရွက်သင့်သည်ကို ဆုံးဖြတ်ပါသည်။



၂ ကဏ္ဍ၏စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်တိုးတက်ရေးအတွက် ထောက်ခံအကြံပြုချက်များနှင့်အတူ ကဏ္ဍ၏စီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ အဓိကသတင်းအချက်အလက်များကို နှစ်စဉ်အစီရင်ခံပါသည်။



၃ ဤသတင်းအချက်အလက်များကို အများပြည်သူတို့ ဝေဖန်ဆွေးနွေးရန် ကျယ်ကျယ်ပြန့်ပြန့် သတင်းပြန်ကြားပေးပြီး ထောက်ခံအကြံပြုချက်များအား ဆက်လက်ဖော်ဆောင်သည်ကို သေချာစေပါသည်။



အဖွဲ့၏ လုပ်ငန်းစီမံကိန်းနှင့်အညီ သတ်မှတ်ထားသောရည်ရွယ်ချက်များ (သို့မဟုတ်) လုပ်ငန်းရပ်များအား ချင့်ချိန်အကဲဖြတ်ရန် ပြန်လည်ဆန်းစစ်အတည်ပြုခြင်း လုပ်ငန်းက အထူးအလေးပေးစေလိုသည့် ဆန္ဒ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တွင်ရှိပါက ယင်းတို့ကိုသုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ မေတ္တာရပ်ခံချက်အပေါ်၌ အလေးထားဆောင်ရွက်သင့်ပါသည်။ အမျိုးသားအဆင့် အတွင်းရေးမှူးရုံးအား သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့(အမ်အက်စ်ဂျီ) အစည်းအဝေးမှတ်တမ်းများအပါအဝင် လိုက်နာဆောင်ရွက်မှုကို သရုပ်ဖော်ပြသော အထောက်အထားအချက်အလက်များနှင့် အခြားရင်းမြစ်များအား စုစည်းစီစဉ်ရန် မေတ္တာရပ်ခံအပ်ပါသည်။ ပါဝင်ပတ်သတ်သူများအားလည်း ၄င်းတို့ကသက်ဆိုင်သည်ဟု စဉ်းစားသည့် မည်သည့် အထောက်အထားစာရွက်စာတမ်းများကိုမဆို ပြင်ဆင်ပြုစုကြရန် ဖိတ်ခေါ်ပါသည်။ ပြန်လည်ဆန်းစစ်အတည်ပြုခြင်းလုပ်ငန်းအတွက် ပြင်ဆင်ခြင်းအပေါ်တွင် လမ်းညွှန်ချက်မှတ်စု တစ်ခုကို ရရှိနိုင်ပါသည်။[၈]

၂။ ကနဦးအချက်အလက်များ ကောက်ယူခြင်းနှင့် ပါဝင်ပတ်သတ်ဆက်စပ်သူများနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းခြင်း ဤလုပ်ငန်းကို အပြည်ပြည်ဆိုင်ရာ အီးအိုင်တီအိုင်အတွင်းရေးမှူးရုံးက ဆောက်ရွက်ပါသည်။ အပြည်ပြည်ဆိုင်ရာ အီးအိုင်တီအိုင်အတွင်းရေးမှူးရုံးက သတ်ဆိုင်ရာ စာရွက်စာတမ်းများကို သုံးသပ်ခြင်း သက်ဆိုင်ရာနိုင်ငံသို့ သွား ရောက်လေ့လာခြင်းနှင့် ပါဝင်ပတ်သတ်ဆက်စပ်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းများ ပြုလုပ်ပါသည်။ ယင်းတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခြင်း လွတ်လပ်သော တိုက်ဆိုင်စစ်ဆေးသူနှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့တွင်တိုက်ရိုက်ပါဝင်ခြင်းမရှိသော်လည်း ကိုယ်စားပြုသော ပါဝင်ပတ်သက်ဆက်စပ်သူများ အပါအဝင် အခြား သော့ချက်ကျသော ပါဝင်ပတ်သက်ဆက်စပ်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ပါဝင်ပါလိမ့်မည်။ အချက်အလက် ကောက်ယူခြင်းအတွက် ဘုတ်အဖွဲ့က စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းတစ်ခုကို ထိန်းသိမ်းသုံးစွဲပါသည်။ ပါဝင်ပတ်သတ်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ပဏာမချင့်ချိန်အကဲဖြတ်မှုပြီးစီးရန်အတွက် သတ်မှတ်ထားသည့် အချိန်များပေါ်၌ ဦးစားပေးဆောင်ရွက်ရန်ဖြစ်ပါသည်။

ဤတိုင်ပင်ဆွေးနွေးချက်များပေါ်တွင် အခြေခံ၍ အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံးသည် ပြန်လည်ဆန်းစစ်အတည်ပြုခြင်း လမ်းညွှန်ချက်နှင့်အညီ လိုအပ်ချက်များ ယှဉ်လျှက် တိုးတက်လာမှုအား ပဏာမ အကဲဖြတ် ဆန်းစစ်မှုတစ်ခုကို ပြုလုပ်သည့် အစီရင်ခံစာတစ်စောင်ကို ပြုစုမည်ဖြစ်ပါသည်။ ပဏာမချင့်ချိန် အကဲဖြတ်မှုတွင် လိုက်နာမှုတစ်ရပ်လုံးပေါ်တွင် လွှမ်းခြုံချင့်ချိန် အကဲဖြတ်မှုတစ်ရပ် ပါဝင်လိမ့်မည် မဟုတ် ပါ။

အစီရင်ခံစာကို ပြန်လည်ဆန်းစစ်အတည်ပြုသူထံသို့ တင်ပြပါသည်။ အမျိုးသားညှိနှိုင်းရေးမှူးသည် မိတ္တူတစ်စောင်ကို ရရှိပါသည်။ အချက်အလက်များအပေါ် သဘောထားမှတ်ချက်များအား ကြိုဆိုပါသည်။ သို့သော် အမျိုးသားညှိနှိုင်းရေးမှူးများနှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တို့သည် မည်သည့်အဓိက အရေးပါသည့် သဘောထားမှတ်ချက်ကိုမဆို ပြန်လည်ဆန်းစစ်အတည်ပြုသူ၏ အစီရင်ခံစာမူကြမ်း ၄င်းတို့ရရှိသည့်တိုင်အောင် ရွှေ့ဆိုင်းထားရန် အားပေးပါသည်။

၃။ လွတ်လပ်သော ပြန်လည်ဆန်းစစ်အတည်ပြုခြင်း၊ ဘုတ်အဖွဲ့သည် လွတ်လပ်သော ပြန်လည်ဆန်းစစ်အတည်ပြုသူတစ်ဦးကို ပွင့်လင်းပြီးယှဉ်ပြိုင်ရသော တင်ဒါခေါ်ယူခြင်း လုပ်ငန်းစဉ်မှ တဆင့်ခန့်ထားပါလိမ့်မည်။ ပြန်လည်ဆန်းစစ် အတည်ပြုသူသည် ပြန်လည်ဆန်းစစ် အတည်ပြုခြင်းကော်မတီမှ တဆင့် ဘုတ်အဖွဲ့သို့ အစီရင်ခံပါလိမ့်မည်။

ပြန်လည်ဆန်းစစ် အတည်ပြုသူက အတွင်းရေးမှူးရုံး၏ ပဏာမချင့်ချိန် အကဲဖြတ်မှုအပေါ်တွင် ပြန်လည်ဆန်းစစ် အတည်ပြုခြင်းလမ်းညွှန်နှင့်အညီ အကဲဖြတ်ပါသည်။ အဆိုပါ အစီရင်ခံစာတွင် သက်ဆိုင်ရာ

၈။ အပြည်ပြည်ဆိုင်ရာအတွင်းရေးမှူးရုံးထဲတွင်ရရှိနိုင်ပြီး အွန်လိုင်းပေါ်တွင် eiti.org/guidance,guidance.mote23 ၌ရရှိနိုင်ပါသည်။

စာရွက်စာတမ်းများအား လိုအပ်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ အတွင်းရေးမှူးရုံး၏ ပဏာမချင့်ချိန် အကဲဖြတ်မှုများအပေါ်တွင် လိုအပ်ချက်များအား အသေးစိတ်စစ်ဆေးခြင်း၊ အန္တရာယ်များသည့် ချဉ်းကပ်မှုများ အပေါ်စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း စသည့်တို့ပါဝင်ပါသည်။ ဘုတ်အဖွဲ့မှ ပြန်လည်ဆန်းစစ် အတည်ပြုသူထံသို့ တိကျသော လိုအပ်ချက်များနှင့် ပတ်သက်ပြီး တာဝန်ယူ စစ်ဆေးရန်တောင်းဆိုနိုင်ပါသည်။

ပြန်လည်ဆန်းစစ်အတည်ပြုသူက အတွင်းရေးမှူးရုံး၏ ပဏာမချင့်ချိန် အကဲဖြတ်မှုအပေါ်တွင် သဘောထား မှတ်ချက်ပေးပြီး ပြန်လည်ဆန်းစစ် အတည်ပြုခြင်း အစီရင်ခံစာအကြမ်းတစ်စောင်ကို ပြုစုပါသည်။ ပြန်လည် ဆန်းစစ်အတည်ပြုခြင်း အစီရင်ခံစာအကြမ်းပေါ်တွင် သဘောထားမှတ်ချက်ပေးရန် သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်းအဖွဲ့ ကို ဖိတ်ခေါ်ပါသည်။ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့၏ သဘောထားမှတ်ချက်များကို ထည့်သွင်းစဉ်းစားပြီး ပြန်လည် ဆန်းစစ်အတည်ပြုသူက အပြီးသတ်ပြန်လည်ဆန်းစစ် အတည်ပြုခြင်း အစီရင်ခံစာကို တပေါင်းတည်းစုစည်း ပါသည်။ ပြန်လည်ဆန်းစစ် အတည်ပြုသူက သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်း အဖွဲ့အား ၎င်းတို့၏ သဘောထားမှတ်ချက်များ အားမည်ကဲ့သို့ထည့်သွင်းစဉ်းစားခဲ့သည်ကို စာအရေးအသားဖြင့် ရှင်းပြပါသည်။ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သည် အပြီးသတ်ပြန်လည်ဆန်းစစ် အတည်ပြုမှု အစီရင်ခံစာမိတ္တူတစ်စောင်ကို ရရှိပါသည်။

အပြီးသတ် ပြန်လည်ဆန်းစစ်အတည်ပြုမှု အစီရင်ခံစာတွင် သတ်မှတ်ချက်တစ်ခုစီအား လိုက်နာဆောင်ရွက်မှု အပေါ် ပြန်လည်ဆန်းစစ်အတည်ပြုသူ၏ ချင့်ချိန်အကဲဖြတ်မှု ပါဝင်မည်ဖြစ်ပါသည်။ သို့သော် လိုက်နာ ဆောင်ရွက်မှုအားလုံးအပေါ် လွှမ်းခြုံသုံးသပ်မှု အားလုံးပါဝင်မည် မဟုတ်ပါ။ ပြန်လည်ဆန်းစစ် အတည်ပြုသူအား ၎င်းတို့တွေ့ရှိချက်များကို ပြန်လည်ဆန်းစစ် အတည်ပြုခြင်းကောင်မတီသို့ တင်ပြရန် ဖိတ်ခေါ်ပါ လိမ့်မည်။

၄။ ဘုတ်အဖွဲ့၏သုံးသပ်ချက် ပြန်လည်ဆန်းစစ်အတည်ပြုရေးကော်မတီသည် ပြန်လည်ဆန်းစစ်အတည်ပြုမှုအပြီး သတ်အစီရင်ခံစာနှင့် အထောက်အထားစာရွက်စာတမ်းများ ( သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့၏ သဘောထားမှတ် ချက်များ အပါအဝင်)အား သုံးသပ်မည်ဖြစ်ပါသည်။ ထို့နောက်ပြန်လည်ဆန်းစစ်အတည်ပြုရေးကော်မတီသည် နိုင်ငံ၏ အီးအိုင်တီအိုင်လိုအပ်ချက်များအပေါ် လိုက်နာဆောင်ရွက်မှုများအပေါ် အီးအိုင်တီအိုင်ဘုတ်အဖွဲ့သို့ ထောက်ခံအကြံပြုချက်တစ်ရပ်ကို ပြုလုပ်မည်ဖြစ်ပြီး သက်ဆိုင်သည့်နေရာတွင်ဆောင်ရွက်ရန်လိုအပ်မည့် မည်သည့်ပြင်ဆင်ရမည့်အရေးယူဆောင်ရွက်ချက်ကိုမဆို ထောက်ခံအကြံပြုမည်ဖြစ်ပါသည်။

အီးအိုင်တီအိုင်ဘုတ်အဖွဲ့သည် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မှုရှိသည် (သို့မဟုတ်) မရှိနှင့် နိုင်ငံ၏ လိုက်နာ ဆောင်ရွက်မှုသည် အီးအိုင်တီအိုင်စံနှုန်းသတ်မှတ်ချက် ၈.၃.က.၂ နှင့်အညီ ဆောင်ရွက်ခြင်းဟုတ်မဟုတ်ဆို သည်ကို အပြီးသတ်ဆုံးဖြတ်ပေးမည်ဖြစ်ပါသည်။

ပဏာမချင့်ချိန်အကဲဖြတ်ပြန်လည်ဆန်းစစ်အတည်ပြုမှုအစီရင်ခံစာနှင့် ဆက်စပ်ပါရှိသောသုံးပွင့်ဆိုင်ညှိနှိုင်းပေါင်း အဖွဲ့၏ သဘောထားမှတ်ချက်များကို ဘုတ်အဖွဲ့၏ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်သည့်တိုင်အောင် လျှို့ဝှက်အဆင့် ဟု စဉ်း စားထားရှိပါသည်။

## ၁။ နိဒါန်း

အခြေခံမူ ၄ က "အစိုးရ၏ အချိန်ကာလတစ်လျှောက် အခွန်အကောက်ရငွေများနှင့် အသုံးစရိတ်များကို ပြည်သူလူထု နားလည် သဘောပေါက်ခြင်းက ပြည်သူလူထုအခြေအတင် ဆွေးနွေးပွဲနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် လျော်ကန်သင့်မြတ် သော အမှန်တကယ်ရွေးချယ်နိုင်သည့် အချက်များကို ရွေးချယ်ရာတွင် အသိပေးရာ၌ ကူညီနိုင်သည်" ဖော်ပြထားသည့်အချက် အပါအဝင်၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုသည် အီးအိုင်တီအိုင် လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်များ အောင်မြင်စေရေးအတွက် အခြေခံအချက်ဖြစ်ပါသည်။ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ တက်တက်ကြွကြွ ပူးပေါင်းပါဝင်မှုသည် အီးအိုင်တီအိုင် မှ ဖန်တီးသော ပွင့်လင်းမြင်သာ မှုက အမြင့်မားဆုံး တာဝန်ယူမှု၊ တာဝန်ခံမှုကို ဦးဆောင်ရာ၌ သော့ချက်ကျသည့် အခန်းမှ ရပ်တည်နေပါသည်။ အီးအိုင် တီအိုင် စံနှုန်းများကို ရွေးချယ်ရန်အတွက် အခြေခံ စေ့ဆော်တိုက်တွန်းချက်တစ်ရပ်မှာ၊ပိုမိုသက်ဆိုင်၊ ပိုမိုအားကိုးထိုက်ပြီး ပိုမိုအသုံးဝင်သော သတင်းအချက်အလက်များ ထုတ်လုပ်လိုသည့် ဆန္ဒဖြစ်ပြီး၊ ဤသတင်းအချက်အလက်များကို တွင်းထွက် သယံဇာတအရင်းအမြစ်ထုတ်လုပ်ရေး ကဏ္ဍ၏ စီမံအုပ်ချုပ်မှု သို့မဟုတ် ပြည်သူလူထု၏ စာရင်းကိုင်စီမံခန့်ခွဲမှု နှင့် အခွန်အကောက်စီမံခန့်ခွဲမှုတို့တွင် ပြုပြင်ပြောင်းလဲမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရန်၊ ပိုမိုကောင်းမွန်သော ချိတ် ဆက်မှုကို ပြုလုပ်လိုသော ဆန္ဒဖြစ်ပါသည်။ ထို့ကြောင့် အီးအိုင်တီအိုင်မှ ရရှိလာသော သတင်းအချက်အလက်များကို အသုံးပြုရန် နိုင်ငံသားများ၏ တက်တက်ကြွကြွ လုပ်ကိုင်နိုင်စွမ်းသည် အီးအိုင်တီအိုင် လုပ်ငန်းစဉ်အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်နှင့် အီးအိုင် တီအိုင်တွင် အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုတွင် ပဓာနကျသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။

အီးအိုင်တီအိုင် လုပ်ငန်းစဉ်တွင်၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကို၊ အီးအိုင်တီအိုင်အကောင်အထည် ဖော်မှု လုပ်ငန်းစဉ်၏ အဆင့်နစ်ဆင့်တွင်၊ တရားဝင်အကဲဖြတ်စီစစ်ပါသည်။ အဖွဲ့ဝင်လောင်း အကဲဖြတ်စီစစ်မှု ကာလ အတွင်းနှင့် တိုက်ဆိုင်စစ်ဆေးမှုလုပ်ငန်းစဉ်ကာလအတွင်းတို့တွင် ဖြစ်ပါသည်။ အရပ်ဖက် လူမှုအဖွဲ့အစည်းပူးပေါင်း ပါဝင်မှု အကဲဖြတ် စီစစ်ခြင်းကို၊ အကောင်အထည်ဖော်သည့် နိုင်ငံတစ်နိုင်ငံ၏ အခြေအနေအကြောင်းနှင့်ပတ်သက်၍ သက်ဆိုင် သည့် ကိစ္စတစ်ရပ်ရပ်ကို ဘုတ်အဖွဲ့က အကြောင်းကြားရန်၊ တုံ့ပြန်ပြောကြားရန် ထူးခြားသော ကိစ္စရပ် ပေါ်တွင် အခြေခံသည့် ကိစ္စတွင်လည်း ပြုလုပ်နိုင်ပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှု (၁.၃) နှင့်ပတ်သက် သည့် သတ်မှတ် ချက်များကို ပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်ခြင်း ရှိမရှိနှင့် ယင်းမေးခွန်းများကို ဖြေကြားရာတွင် အသုံးပြုမည့် သက်သေ အထောက်အထား အမျိုးအစားတို့ကို အကဲဖြတ် ဆန်းစစ်ရာတွင် အီးအိုင်တီအိုင် ဘုတ်အဖွဲ့ (ကော်မတီများ အပါအဝင်) နှင့်တိုက် ဆိုင်စစ်ဆေးသူများက စဉ်းစားသင့်သည့် မေးခွန်းများကို၊ ဤကဏ္ဍမှ သတ်မှတ်ပေးပါသည်။ အီးအိုင်တီအိုင် လုပ်ငန်းစဉ် အကောင်အထည်ဖော်သည့် အဆင့်တိုင်းတွင် အီးအိုင်တီအိုင်လုပ်ငန်းစဉ်တွင် အရပ်ဖက် လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုနှင့် ဆက်နွယ်သည့် သတ်မှတ်ချက်များသည် ရှေ့နောက်ဆီလျော်ညီညွတ်မှုရှိနေပြီး၊ လိုအပ်သော သတ်မှတ်ချက်များကို အကဲဖြတ် ဆန်းစစ်ရန် အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အသုံးပြုသည့် သက်သေအထောက်အထား သည် နိုင်ငံ၏ အခြေအနေများ၊ အကောင်အထည် ဖော်သည့်အဆင့်နှင့် သတင်းအချက်အလက်များ ရရှိမှုတို့ပေါ်တွင် မူတည်၍ ကွဲပြားခြားနားမှုရှိပါသည်။ အောက်ဖော်ပြပါ ၂.၁ ၊ ၂.၅ တွင် ဖော်ပြထားသော မေးခွန်းများ၊ သတ်မှတ်ချက်များ မဟုတ်သလို၊ ပြည့်စုံစေ့စပ်သော စာရင်းတစ်ခု မဟုတ်သည်ကို မှတ်သားသင့်ပါသည်။ သို့ရာတွင် အရပ်ဖက် လူမှုအဖွဲ့ အစည်းများနှင့် ဆက်နွယ်သည့် သတ်မှတ်ချက်အတွက် အကဲဖြတ်စီစစ်မှု မူဘောင်တစ်ခုကို ဖြည့်ဆည်းပေး ပါသည်။

## ၂။အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်ပတ်သက်၍ သတ်မှတ်ချက်များအပေါ် အီးအိုင်တီအိုင်၏ အနက်အဓိပ္ပါယ်ကောက်ချက်များ

ဤဆက်ဆံရေးကဏ္ဍရည်ရွယ်ချက်အတွက် သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ဝင်များအပါအဝင် (ကန့်သတ်မထား) အီးအိုင် တီအိုင် လုပ်ငန်းစဉ်တွင် ခိုင်ခိုင်မာမာ လှုပ်ရှားနေကြသည့်၊ အရပ်ဖက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များသည် "အရပ် ဖက်လူမှု အဖွဲ့အ စည်းကိုယ်စားလှယ်များ" ဟူသော ရည်ညွှန်းချက်တွင် ပါဝင်ပါသည်။ "အီးအိုင်တီအိုင်လုပ်ငန်းစဉ်" ဟူသော စကားရပ်က ရည်ညွှန်းသည်မှာ အီးအိုင်တီအိုင် ဝင်ခွင့်လျှောက်ထားရန်အတွက် ပြင်ဆင်ခြင်းနှင့် ဆက်နွယ်သည့်

လုပ်ငန်းရပ်များ၊ သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးများ၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များ ၏ အပြန်အလှန်ဆွေးနွေးမှုများအပါအဝင်၊ အီးအိုင်တီအိုင်၏ အရပ်ဖက် လူမှုအဖွဲ့အစည်းကဏ္ဍဆိုင်ရာ အစည်းအဝေးများ၊ အီးအိုင်တီအိုင် အစီရင်ခံစာများ ပြုစုခြင်း၊ အီးအိုင်တီအိုင်အစီရင်ခံစာများပေါ်တွင် အထောက်အကူပစ္စည်းများ ထုတ်လုပ် ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း၊ အီးအိုင်တီအိုင်လုပ်ငန်းရပ်များနှင့် ဆက်နွယ်၍ အမြင်များကို ဖော်ပြခြင်းနှင့် သဘာဝ သယံဇာတများအရင်းအမြစ်များ စီမံအုပ်ချုပ် မှုနှင့် ဆက်နွယ်သည့် အမြင်များကို ဖော်ပြခြင်းတို့ ပါဝင်ပါသည်။

အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ သတ်မှတ်ချက်များကို အကဲဖြတ် စိစစ်ရာတွင် ဘုတ်အဖွဲ့နှင့် တိုက်ရိုက်စစ်ဆေးသူများ အောက်ဖော်ပြပါ စစ်ဆေးမှုများအားလုံး အသုံးပြုပါလိမ့်မည်။

**၂.၁ ဖော်ပြချက်။ အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များသည် အီးအိုင်တီအိုင်လုပ်ငန်းစဉ်နှင့် ဆက်နွယ်သည့် ပြည်သူလူထုအစျေအတင်ဆွေးနွေးပွဲတွင် ထိတွေ့ဆွေးနွေးနိုင်စွမ်းရှိသူများဖြစ်ကြပြီး၊ အီးအိုင်တီအိုင်လုပ်ငန်းစဉ်အကြောင်းကို ချုပ်ခြယ်ကန့်သတ်ခြင်း၊ အကျပ်ကိုင်ခြင်း၊ ရန်တုံ့နှင်းခြင်းများမပါဘဲ၊ သဘောထား ထင်မြင်ချက်များ ဖော်ပြနိုင်စွမ်းရှိသူများဖြစ်ကြပါသည်။**

အီးအိုင်တီအိုင်ဘုတ်အဖွဲ့နှင့် တိုက်ဆိုင်စစ်ဆေးသူများသည် အောက်ပါအတိုင်းအတာပေါ်တွင် မူတည်၍ စဉ်းစားပါမည်။

၁။ အရပ်ဖက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များသည် အီးအိုင်တီအိုင်လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဥပမာ သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးများ၊ အီးအိုင်တီအိုင်အစီရင်ခံစာများကို တရားဝင်ထုတ်ပြန်ခြင်း၊ အများပြည်သူ တက်ရောက်သည့် အခမ်းအနားပွဲများ၊ မီဒီယာ အစရှိသည်များအပါအဝင် အများပြည်သူအခမ်းအနားပွဲများတွင် လွတ်လပ်စွာပြောဆိုနိုင်စွမ်းရှိကြသည်။

၂။ မတူကွဲပြားသော ပါဝင်ပတ်သက်ဆက်စပ်သူများ၏အမြင်များ သို့မဟုတ် လွတ်လပ်သော တတိယပါတီဝင်များ (အဖွဲ့များ)မှ ဖြည့်ဆည်းပေးသော စစ်မှန်သည့် သက်သေအထောက်အထားအပါအဝင်၊ အမုန်တကယ် လုပ်ကိုင်မှုအား လက်တုံ့ပြန်မည်ကို ကြောက်သောကြောင့် အီးအိုင်တီအိုင်လုပ်ငန်းစဉ်နှင့် ဆက်နွယ်၍ အရပ်ဖက် လူမှုအဖွဲ့အစည်းများက မိမိဘာသာ ဆင်ဆာဖြတ်တောက်မှု သို့မဟုတ် မိမိဘာသာ ပြုလုပ်သည့် ဆန်ရှင် (အရေးယူမှု)ကို ညွှန်ပြပါသည်။ ယင်းအတားအဆီးများက အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ သတင်းအချက်အလက်များ ဖြန့်ချိမှု နှင့် အီးအိုင်တီအိုင် လုပ်ငန်းစဉ် ပေါ်တွင် ပြည်သူလူထု၏ သဘောထား ထင်မြင်ချက်တို့ပေါ်တွင် အကျိုးသက်ရောက်မှု ရှိ/မရှိကို ညွှန်ပြပါသည်။

**၂.၂ လုပ်ငန်းဆောင်ရွက်ချက်။ အီးအိုင်တီအိုင်လုပ်ငန်းစဉ်နှင့် ဆက်နွယ်၍ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည်၊ လုပ်ငန်းလွတ်လပ်စွာ ဆောင်ရွက်နိုင်စွမ်း ရှိကြပါသည်။**

အီးအိုင်တီအိုင်ဘုတ်အဖွဲ့နှင့် တိုက်ဆိုင်စစ်ဆေးသူများသည်၊ အီးအိုင်တီအိုင်လုပ်ငန်းစဉ်တွင် အရပ်ဖက် လူမှု အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စွမ်းကို သက်ရောက်မှုရှိသော ဥပဒေ၊ စည်းမျဉ်း၊ စီမံအုပ်ချုပ်မှုနှင့် အမှန်တကယ် တည်ရှိသည့် ပတ်ဝန်းကျင်နှင့် ပတ်သက်သည့်အတိုင်းအတာကို စဉ်းစားမည်ဖြစ်ပါသည်။ ဤတွင် အောက်ပါတို့ကို ဥပမာအားဖြင့် ပါဝင်နိုင်ပါသည်။

၁။ အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များက အီးအိုင်တီအိုင်လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် စွမ်းရည်ကို သက်ရောက်မှုရှိသော၊ ဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ၊ အဟန့်အတား အတိုင်းအတာ၊ ယင်းတွင် အီးအိုင်တီအိုင်လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စွမ်းကို ဆန့်ကျင်အကျိုးသက်ရောက်စေသည့်၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ မှတ်ပုံတင်ရေးနှင့် ဆက်နွယ်သည့် ဥပဒေ သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အီးအိုင်တီအိုင်လုပ်ငန်းစဉ်နှင့် ဆက်နွယ်၍ လုပ်ငန်းများကို အရပ်ဖက်လူမှုအဖွဲ့အစည်းများက တာဝန်ယူ လုပ်ကိုင်ရာတွင် လိုအပ်သော ရန်ပုံငွေ လက်လှမ်းမီ ရရှိရေးပေါ်တွင် ဥပဒေ သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ ကန့်သတ်ချုပ်ချယ်မှုများ၊ အီးအိုင်တီအိုင်လုပ်ငန်းစဉ်နှင့် ဆက်နွယ်သည့် အစည်းအဝေးများကို အရပ်ဖက်လူမှုအဖွဲ့အစည်းများ မပြုလုပ်နိုင်အောင် ကာကွယ်သည့်၊ ဥပဒေနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အီးအိုင်တီအိုင်လုပ်ငန်းစဉ်ပေါ်တွင် သတင်းအချက်အလက်များနှင့် အများပြည်သူသဘောထား

ထင်မြင်ချက်ပေးရာ၌ ဥပဒေနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ အတားအဆီးများ အစရှိသည်တို့ ပါဝင်ပါသည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ကိုယ်စားလှယ်များက အီးအိုင်တီအိုင်လုပ်ငန်းစဉ်အကောင်အထည်ဖော်မှုနှင့် ဆက်နွယ် သည့် လုပ်ငန်းများလုပ်ကိုင်ရာ၌၎င်းတို့၏အခြေခံအခွင့်အရေးများကို လွတ်လပ်စွာ ဖော်ပြချက် သို့မဟုတ် လွတ် လပ်စွာ လှုပ်ရှားခွင့်ပေါ်တွင် ကန့်သတ်ချုပ်ချယ်မှုများ အစရှိသည့်၊ ကန့်သတ်ချုပ်ချယ်မှုများ ပြုလုပ်ခံရသည့် မည် သည့်သက်သေခံအထောက်အထားကိုမဆို ပါဝင်ပါသည်။

**၂.၃ အချင်းချင်းပေါင်းသင်းဆက်ဆံမှု အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များသည် အီးအိုင်တီအိုင် လုပ်ငန်းစဉ်နှင့် ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်စွမ်းရှိကြပါသည်။**

အီးအိုင်တီအိုင်ဘုတ်အဖွဲ့နှင့် တိုက်ဆိုင်စစ်ဆေးသူများသည် အောက်ပါအတိုင်းအတာအားဖြင့် စဉ်းစားပါလိမ့်မည်။

၁။ သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့၊ အဖွဲ့ဝင်အရပ်ဖက် လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များသည့် သုံးပွင့်ဆိုင် ညွန့်ပေါင်း အဖွဲ့၏ အစိတ်အပိုင်းမဟုတ်သော အခြားအရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်းကို၊ ကန့်သတ် ထားခြင်းမရှိဘဲ၊ အကူအညီတောင်းခံနိုင်ပါသည်။ ယင်းတွင် သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့ဆွေးနွေးပွဲများအတွက်၊ ၎င်းတို့၏ အမြင်အယူအဆများကို ဆွဲဆောင်ရယူခြင်းနှင့် သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့၏ ဆွေးနွေးချက်များမှ အကျိုး ကျေးဇူးများကို ဆက်သွယ်ပြန်ကြားပေးခြင်း တို့ပါဝင်ပါသည်။

၂။ သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့ အရပ်ဖက်လူမှုအဖွဲ့အစည်းများ ကိုယ်စားပြုအဖွဲ့ဝင်များနှင့် ပိုမိုကျယ်ပြန့်သော အရပ်ဖက် လူမှုအဖွဲ့အစည်းကဏ္ဍများအကြားတရားဝင် သို့မဟုတ် လွတ်လပ်စွာ ဆက်သွယ်ဆက်ဆံရေး လမ်းကြောင်းများကို၊ ကန့်သတ်ချုပ်ချယ်ထားခြင်းမရှိပါ။

၃။ သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့ကိုယ်စားပြုမှုနှင့် အီးအိုင်တီအိုင်လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် ဆွေးနွေးချက်များနှင့် ဆက်သွယ် သည့်ကိစ္စရပ်များအပါအဝင် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ ကိုယ်စားပြု ကိုယ်စားလှယ်များအား ကျယ်ပြန့်သော အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရာတွင် ကန့်သတ် ချုပ် ချယ်ထားခြင်းမရှိပါ။

**၂.၄ ထိတွေ့ဆက်ဆံမှု အီးအိုင်တီအိုင်လုပ်ငန်းစဉ် ဒီဇိုင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့် ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ရန် ဆန်းစစ်ခြင်းလုပ်ငန်းများတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများက အပြည့်အဝ၊ တက်တက်ကြွကြွနှင့် ထိထိရောက်ရောက် ထိတွေ့ဆက်ဆံနိုင်စွမ်းရှိကြပါသည်။**

အီးအိုင်တီအိုင်ဘုတ်အဖွဲ့နှင့် တိုက်ဆိုင်စစ်ဆေးသူများသည် အတိုင်းအာဖြင့် အောက်ပါတို့ကို စဉ်းစားပါမည်။

၁။ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် အီးအိုင်တီအိုင်လုပ်ငန်းစဉ်သည့် လိုအပ်သည့် သွင်းအား စုများကို အပြည့်အဝ ထည့်ဝင်ကူညီဖြည့်ဆည်းပေးနိုင်စွမ်းရှိကြပါသည်။ ဤသွင်းအားစုများတွင် ဥပမာအားဖြင့် လုပ်ငန်းအစီအစဉ်ရည်မှန်းချက်များနှင့် လုပ်ငန်းရပ်များ၊ အီးအိုင်တီအိုင်အစီရင်ခံစာတင်ပြခြင်း လုပ်ငန်းစဉ်၏ နယ်ပယ်၊ အီးအိုင်တီအိုင်အစီရင်ခံစာများ အတည်ပြုချက်၊ နှစ်စဉ်တိုးတက်မှု အစီရင်ခံစာများမှတစ်ဆင့် အီးအိုင် တီအိုင်လုပ်ငန်းစဉ်ပေါ်တွင် နှစ်စဉ် မိမိဘာသာ အကဲဖြတ်စီစစ်ချက်၊ တိုက်ဆိုင် စစ်ဆေးခြင်းစသည့် ကိစ္စရပ်များ ပေါ်တွင် အဓိက၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ ဆွေးနွေးချက်များနှင့်ဆက်နွယ်၍ သွင်းအားစုနှင့် အကြံပြုဆွေးနွေး ချက်သက်သေအထောက်အထားများ ပါဝင်ပါသည်။ ယင်းတွင် အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ သုံးပွင့်ဆိုင်ညွန့် ပေါင်း လုပ်ငန်းအဖွဲ့များနှင့် အခြားအီးအိုင်တီအိုင်အခမ်းအနားပွဲများတွင် ပုံမှန်ပူးပေါင်းပါဝင်တက်ရောက် ဆွေးနွေး ခြင်း၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အမြင်များကိုထည့်သွင်းစဉ်းစားပြီး၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ အစည်း အဝေးမှတ်တမ်းများတွင် ၎င်းတို့၏အမြင်များကို မှတ်တမ်းတင်ထားခြင်းများလည်း ပါဝင်နိုင်ပါသည်။

၂။ အရပ်ဖက် လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များသည် အီးအိုင်တီအိုင်တွင် ပူးပေါင်းပါဝင် ဆွေးနွေးနိုင်သည့် စွမ်းရည် လုံလောက်စွာရှိသည်ဟု ယုံကြည်ကြသည်။ ဤတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများပေါ်တွင် နည်းပညာ၊ ဘဏ္ဍာ ရေးနှင့် အခြားစွမ်းရည်ဆိုင်ရာ၊ အကန့်အသတ်ချုပ်ချယ်မှုများက သက်ရောက်မှုများကို စဉ်းစားသည့် သက်သေ

အထောက်အထား၊ ယင်းအကန့်အသတ်များကို အလေးထားဖြေရှင်းမည့် စီမံချက်များကို သဘောတူညီထားခြင်း နှင့် သို့မဟုတ် စွမ်းရည်တည်ဆောက်ခြင်း သို့မဟုတ် အရင်းအမြစ်များကို လက်လှမ်းမီ ဖြည့်စည်းပေးခြင်းဖြင့် ထိရောက်ဖြစ်ထွန်းစေသည့် အထောက်အထားများ ပါဝင်သင့်ပါသည်။

**၂.၅ အများပြည်သူ ဆုံးဖြတ်ချက်ချမှတ်ခြင်းကို လက်လှမ်းမီခြင်း၊ အရပ်ဖက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များသည် ပွင့်လင်းမြင်သာမှုနှင့် သဘာဝ သယံဇာတအရင်းအမြစ်များ စီမံအုပ်ချုပ်မှုပေါ်တွင် လွတ်လွတ်လပ်လပ်ပြောဆို နိုင်စွမ်းရှိသူများ ဖြစ်ကြပြီး အီးအိုင်တီအိုင်က အများပြည်သူ အခြေအတင် ဆွေးနွေးပွဲကို ပံ့ပိုးကူညီကြောင်း ထင်ရှားအောင် ဆောင်ရွက် နိုင်စွမ်းရှိသူများဖြစ်ကြပါသည်။**

အီးအိုင်တီအိုင်ဘုတ်အဖွဲ့နှင့် တိုက်ဆိုင် စစ်ဆေးသူများသည် အတိုင်းအတာအားဖြင့် အောက်ပါအတိုင်း စဉ်းစားပါလိမ့်မည်။

၁။ အများပြည်သူသို့ အီးအိုင်တီအိုင်လုပ်ငန်းစဉ်နှင့် အကျိုးကျေးဇူးများကို သတင်းပြန်ကြားပေးရန်၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ဥပမာအားဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများက ဦးဆောင်ကျင်းပသော သို့မဟုတ် ၎င်းတို့ပါဝင်သော အများပြည်သူတက်ရောက်သည့် အခမ်းအနားပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် ကွန်ဖရင့်များ (ညီလာခံ) များမှ တစ်ဆင့် အများပြည်သူ အခြေအတင်ဆွေးနွေးပွဲများကို မြှင့်တင်ရန် အီးအိုင်တီအိုင် လုပ်ငန်းစဉ်ကို အသုံးပြုနိုင်စွမ်းရှိသူများ ဖြစ်ကြပါသည်။

၂။ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များသည် ဥပမာအား ဖြင့် သယံဇာတ အရင်းအမြစ် စီမံခန့်ခွဲမှု ကိစ္စများအပေါ် ပိုင်းခြားစိတ်ဖြာမှုနှင့် အကြံပြုပေးခြင်းများ ပြုလုပ်ခြင်း၊ အီးအိုင်တီအိုင်အချက်အလက်အသုံးပြုခြင်း၊ မီဒီယာ များနှင့် ထိတွေ့ဆက်ဆံခြင်း၊ အီးအိုင်တီအိုင် အစီရင်ခံစာများမှ တွေ့ရှိချက်များကို ဆက်သွယ်ပြန်ကြားပေးမည့် ကိရိယာများကို ထုတ်ဖော်ခြင်းစသည်တို့ အပါအဝင် လုပ်ငန်းရပ်များနှင့် အခြေအတင် ဆွေးနွေးပွဲများတွင် ထိတွေ့ ဆက်ဆံနိုင်စွမ်း ရှိသူများ ဖြစ်ကြပါသည်။

**၂.၆ အီးအိုင်တီအိုင်လုပ်ငန်းစဉ်တွင် ထိတွေ့ဆက်ဆံသည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့နှင့် အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ မှလည်းကောင်း သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များအပါအဝင် သက်ဆိုင်ရာ ပါဝင်ပတ်သက်ဆက်စပ်သူများနှင့် တိုက်ရိုက် တိုင်ပင်ဆွေးနွေးအကြံပြုခြင်းမှ ရရှိသော အကျိုးကျေးဇူးများမှ ရရှိနိုင်သော စာရွက်စာတမ်းများကို အထက်ဖော်ပြပါ သက်သေ အထောက်အထားများကို စုဆောင်းရာတွင် ထည့်သွင်းစဉ်းစားပါမည်။ ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာ ရည်ရွယ်ချက်များအတွက် အီးအိုင်တီအိုင်ဘုတ်အဖွဲ့သည် အထက်ဖော်ပြပါ ၂.၁–၂.၅ တွင် အလေးထားဖော်ပြခဲ့သော ကိစ္စရပ်များနှင့် သက်ဆိုင်သည့် ညွှန်ကိန်းများ သို့မဟုတ် အခြားအကဲဖြတ်စိစစ်မှု အမျိုးအစားတို့ကို ရည်ညွှန်းခြင်းဖြင့် အီးအိုင်တီအိုင် လုပ်ကိုင်ဆောင်ရွက်သည့် ကျယ်ပြန့်သော ပတ်ဝန်းကျင်ကို သုံးသပ်ပါလိမ့်မည်။**

## ၃။ အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားပြုမှုကို ထူးခြားသည့်ကိစ္စအနေဖြင့် ကန့်သတ်ခြင်း

၃.၁။ အီးအိုင်တီအိုင်အကောင်အထည်ဖော်သည့် နိုင်ငံများတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပေါ်တွင် ဖြစ်နိုင်ဖွယ် သို့မဟုတ် အမှန်တကယ်အကန့်အသတ်နှင့် ပတ်သက်သည့် ထူးခြားသော စွပ်စွဲချက်များ သို့မ ဟုတ် အစီရင်ခံစာများကို ပထမတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က ဆွေးနွေးခြင်းနှင့် အလေးထားဆောင်ရွက်ခြင်းကို ပြုလုပ်သင့်ပါသည်။ ယင်းသည် ထိုကိစ္စရပ်များကို မိမိတို့အဖွဲ့အတွင်း တိုက်ရိုက်ဖော်ပြခြင်းနှင့် ပတ်သတ်၍ အကျိုး သက်ရောက်သောအဖွဲ့၏ မည်သည့်လုံခြုံမှုဆိုင်ရာ အရေးနှင့်မဆို သက်ဆိုင်ပါသည်။

၃.၂။ အီးအိုင်တီအိုင်ဘုတ်အဖွဲ့သည် ယင်း၏ အမြန်တုံ့ပြန်ရေးကော်မတီမှတဆင့် ယင်းကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန် တောင်းဆိုနိုင်ပြီး အီးအိုင်တီအိုင်အခြေခံမူများနှင့် သတ်မှတ်ချက်များအပေါ် ဖောက်ဖျက်မှုအတွက် စွပ်စွဲချက်များကို လျှော့ကန်သင့်မြတ်သလို အလေးထားစစ်ဆေးရန် တောင်းဆိုနိုင်ပါသည်။ အီးအိုင်တီအိုင်ဘုတ်အဖွဲ့သည် ကိစ္စရပ်နှင့် ပတ်သက်သည့် အချက်များ အီးအိုင်တီအိုင်အခြေခံမူများနှင့် နိုင်ငံများအကြားတွင် ဆီလျော်ညီညွတ်သော ဆောင်ရွက် ပေးမှု အခြေခံမူတို့ကို စွဲကိုင်ရန် လိုအပ်မှုတို့ကို ထည့်သွင်း၍ မေတ္တာရပ်ခံချက်များအား စဉ်းစားပါလိမ့်မည်။ သတ်မှတ် ချက်၈.၆.က နှင့်အညီ "အီးအိုင်တီအိုင်အခြေခံမူများနှင့် သတ်မှတ်ချက်များကို လိုက်နာခြင်းနှင့် ပတ်သက်၍ ညှိနှိုင်း

လုပ်ဆောင်နိုင်သည့်နေရာတွင် အခြေအနေနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်း၍ အီးအိုင်တီအိုင်ဘုတ်အဖွဲ့သို့ အစီရင်ခံစာတစ်စောင် တင်ပြန်ရန်၊ အီးအိုင်တီအိုင်အတွင်းရေးမှူးရုံးကို တာဝန်ပေးနိုင်ပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုနှင့် ဆက်နွယ်သည့် အရေးကိစ္စ တင်ပြလာသည့် နေရာတွင်၊ အီးအိုင်တီအိုင်ဘုတ်အဖွဲ့သည် အီးအိုင်တီအိုင် လုပ်ငန်းစဉ်တွင် တိုက်ရိုက် ချိတ်ဆက်မှု ရှိမရှိကို သတ်မှတ်ရန် သင့်လျော်သလို ကြိုးပမ်း ဆောင်ရွက်ပါလိမ့်မည်။ ယင်းတွင် (၁) ကိစ္စရပ်၏ အကြောင်းအချက်များကို စာတမ်းပြုစုထားရှိခြင်း၊ (၂)ပါဝင်ပတ်သက် ဆက်စပ်သူများ၏ အမြင်များကို စုဆောင်းခြင်းနှင့် (၃) အထက်ဖော်ပြပါ အခန်း၂ တွင် သတ်မှတ်ထားသည်။ စစ်ဆေးချက်ကို အသုံးပြုခြင်းတို့ပါဝင်ပါလိမ့်မည်။

**၃.၃။** တင်ပြလာသော အရေးကိစ္စနှင့် အီးအိုင်တီအိုင်လုပ်ငန်းစဉ်အကြား တိုက်ရိုက်ချိတ်ဆက်ပတ်သက်မှုရှိသည်ဟု သတ်မှတ်နိုင်သည့် အတိုင်းအတာ အပါအဝင် ကိစ္စရပ်၏ အခြေအနေများပေါ်တွင် မူတည်၍ ဘုတ်အဖွဲ့သည် သင့်လျော်သည့် တုံ့ပြန်မှုတစ်ခုကို စဉ်းစားပါလိမ့်မည်။ ဤတွင် ဥပမာအားဖြင့် သက်ဆိုင်ရာ အစိုးရသို့ ဥက္ကဋ္ဌ သို့မဟုတ် အီးအိုင်တီအိုင်ဘုတ် အဖွဲ့၏ စာတစ်စောင်ပေးပို့ခြင်း၊ နိုင်ငံသို့ အီးအိုင်တီအိုင်ဘုတ်အဖွဲ့ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံးမှ မစ်ရှင် စေလွှတ်ခြင်း၊ လွတ်လပ်သော အကဲဖြတ် စိစစ်မှုပြုလုပ်ရန်တာဝန်ပေးခြင်း၊ ဘုတ်အဖွဲ့၏ ကြေငြာချက်ထုတ်ပြန်ခြင်း၊ အကောင်အထည်ဖော်ခြင်း အပေါ်စောင့်ကြည့်ကြီးကြပ်ခြင်း သို့မဟုတ် သက်ဆိုင်ရာ သတ်မှတ်ချက်များကို နိုင်ငံတစ်နိုင်ငံ၏ လိုက်နာမှုကို တိုက်ဆိုင်စစ်ဆေးရန် တောင်းဆိုခြင်းအပါအဝင် ပြန်လည်ပြင်ဆင်နိုင်သည့် ဆောင်ရွက်ချက်များကို သဘောတူခြင်းတို့ပါဝင်နိုင်ပါသည်။ သတ်မှတ်ချက် ၈.၆.က နှင့်အညီ အကောင်အထည်ဖော်သည့်နိုင်ငံက၊ အီးအိုင်တီအိုင် အခြေခံမူများနှင့် သတ်မှတ်ချက်များမှ အရေးပါသော ကဏ္ဍတစ်ခုကို သိသာထင်ရှားစွာ လိုက်နာခြင်းမရှိသည့်နေရာတွင် ထိုနိုင်ငံအား၊ အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အဆင့်လျှော့ချခြင်း သို့မဟုတ် စာရင်းမှ ပယ်ဖျက်ခြင်း ပြုပါလိမ့်မည်။အီးအိုင်တီအိုင် ဘုတ်အဖွဲ့က လေ့လာချက်များအရ သတ်မှတ်ချက်တစ်ခုကို ဖောက်ဖျက်ခြင်းမဟုတ် သို့မဟုတ် အီးအိုင်တီအိုင်လုပ်ငန်းစဉ် နှင့် သိသိသာသာ ချိတ်ဆက်မှု မရှိကြောင်း တွေ့ရသည့်ကိစ္စများတွင် မည်သည့်အရေးယူမှုပြုလုပ်ရန်မလို၊ အီးအိုင်တီအိုင် အခြေခံမူများကို စွဲကိုင်ထားရန် လိုအပ်သည့်အပေါ် ဦးစားပေးဆောင်ရွက်စေရန်နှင့် နိုင်ငံများအကြား ရှေ့နောက်ညီညွတ်သည့် ဆောင်ရွက်ပေးမှုကို ထင်ရှားစေရန်အတွက် မိမိ၏ လုပ်ပိုင်ခွင့်ကို အသုံးပြုဆောင်ရွက်မည်ဖြစ်ပါသည်။

## စကားချီး

၁။ ဤမူဝါဒတွင် အီးအိုင်တီအိုင် အကောင်အထည်ဖော်ရာတွင် ပွင့်လင်းမြင်သာမှုရှိသော မူဝါဒပေါ်တွင် ထောက်ခံ အကြံပြုချက်များ ပါဝင်ပါသည်။ ယင်းကို အမျိုးသားအဆင့် အကောင်အထည်ဖော်မှု ရရှိသော သင်ခန်းစာများနှင့် အပြည်ပြည်ဆိုင်ရာ၊ အကောင်းဆုံးလုပ်နည်းလုပ်ဟန်မှ ရရှိသော သင်ခန်းစာများပေါ်တွင် တည်ဆောက်ထားပါသည်။[၉]

၂။ အီးအိုင်တီအိုင် အခြေခံမူများက ကြေညာထားသည်မှာ "အစိုးရ၏ အခွန်အကောက်ရငွေများနှင့် အသုံးစရိတ်များကို အချိန်ကာလတစ်လျှောက် ပြည်သူလူထုက နားလည်သဘောပေါက်ခြင်းက ပြည်သူလူထု အခြေအတင် ဆွေးနွေးမှုကို ကူညီနိုင်ပြီး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် သင့်မြတ်လျော်ကန်ပြီး အမှန်တကယ်ရရှိနိုင်သည့် ရွေးချယ်စရာများကို စိတ်တိုင်းကျ ရွေးချယ်နိုင်ခြင်းဖြစ်ပါသည်။ "ပြည့်ပြည့်စုံစုံ၊ တက်တက်ကြွကြွ မြှင့်တင်ခြင်း၊ ပြည်သူလူထု လက်လှမ်းမီ၍ ပြည်သူလူထု အခြေအတင်ဆွေးနွေးရန် ဖြည့်ဆည်းထောက်ကူနိုင်မည့်" အီးအိုင်တီအိုင် အစီရင်ခံစာများမှ လိုအပ်ပါသည်။ (အီးအိုင်တီအိုင် လိုအပ်ချက် ၇.၁)၊ ဤရည်မှန်းချက်များကို ရရှိစေရန် လက်လှမ်းမီပြီး အံ့ဝင်ခွင်ကျဖြစ်သော အီးအိုင်တီအိုင် အချက်အလက်များ ပိုမိုကောင်းမွန်တိုးတက်ခြင်းသည်၊ မုချလိုအပ်သော အခြေခံအချက်ဖြစ်ပါသည်။

## ပွင့်လင်းမြင်သာမှုရှိသော အချက်အလက်များ၏ ရည်မှန်းချက်များ

၃။ ရိုးသားပွင့်လင်းသော အီးအိုင်တီအိုင်အချက်အလက်များအား အစိုးရနှင့် စီးပွားရေးလုပ်ငန်းရပ်များ လုပ်နေ သည့် လုပ်ငန်းများအကြောင်း ပွင့်လင်းမြင်သာမှုကို တိုးတက်စေနိုင်သည်။ နိုင်ငံ၏သံယံဇာတအရင်းအမြစ်များကို မည်သို့သုံးစွဲနေသည် တွင်းထွက်သယံဇာတ အရင်းအမြစ်များပေါ်တွင် အခွန်မည်သို့ ကောက်ခံ၍ မည်သို့ သုံးစွဲ သည် ဆိုသည့် အသိအမြင်ကို ထိုငွေကြေးများ အထိရောက်ဆုံး သုံးစွဲနိုင်ရေးအတွက် ခိုင်မာသော မက်လုံးပေးမှုများကို ဖြည့်ဆည်းပေးခြင်းဖြင့် တိုးတက်စေနိုင်သည်။

၄။ ရိုးသားပွင့်လင်းသောအချက်အလက်များက တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုကို မြှင့်တင်ပေးသည်။ အများပြည်သူအခြေအတင်ဆွေးနွေးမှုကို တိုးမြှင့်ကောင်းမွန်စေ၍ အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းကို ပံ့ပိုးပေးပါသည်။ အစိုးရနှင့် သက်ဆိုင်သော အချက်အလက်များကို လက်လှမ်းမီ ဖြည့်ဆည်းပေးခြင်းက ပုဂ္ဂိုလ်တစ်ဦးချင်း ၊ မီဒီယာ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့ရရှိသော ဝန်ဆောင်မှုများနှင့် ၎င်းတို့ မျှော်လင့်သော စံနှုန်းများအကြောင်းကို ပိုမိုပြည့်စုံသော ရွေးချယ်မှုများကို ပြုလုပ်နိုင်ပါသည်။ ရိုးသားပွင့်လင်းသော အချက်အလက်များသည် အစိုးရအတွက်လည်း၊ မူဝါဒချမှတ်မှုနှင့် ကဏ္ဍအလိုက်စီမံခန့်ခွဲမှု ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ရာ တွင် တန်ဖိုးရှိသော လက်နက်တစ်ခုဖြစ်နိုင်ပါသည်။

၅။ လွတ်လွတ်လပ်လပ် အလှမ်းမီပြီး နောက်ပိုင်းတွင် ဆက်လက်အသုံးပြုနိုင်သော၊ ရိုးသားပွင့်လင်းသော အချက်အလက်များသည် လူမှုအဖွဲ့အစည်းနှင့် စီးပွားရေး ဘောဂဗေဒအတွက် အရေးပါသော တန်ဖိုးရှိပါသည်။

## အီးအိုင်တီအိုင်အကောင်အထည်ဖော်ရာတွင် ရိုးသားပွင့်လင်းသော အချက်အလက်များ

၆။ အီးအိုင်တီအိုင်အကောင်အထည်ဖော်သည့် နိုင်ငံများအား အောက်ပါတို့ကို အားပေးတိုက်တွန်းပါသည်။

(က) ရိုးသားပွင့်လင်းသော အချက်အလက်များအလိုအလျောက်ဖော်ထုတ်ခြင်းသို့ ဦးတည်သော၊ အစိုးရစနစ်များကို[၁၀] ရရှိစေရန် အားပေးပါသည်။ အထူးသဖြင့်၊ အသိဉာဏ်ပစ္စည်း၊ ပုဂ္ဂိုလ်အလိုက်ရှာဖွေဖော်ထုတ်နိုင်သည့် အကဲခတ်နိုင်သော သတင်းအချက်အလက်များအပါအဝင် အမျိုးသားအဆင့် နိုင်ငံတကာအဆင့် ဥပဒေပြုမှုကို အသိအမှတ်ပြုပါသည်။ ယင်းတို့ကို စောင့်ကြည့်လေ့လာရပါမည်။

၉။ ရိုးသားပွင့်လင်းသော အစိုးရ အစုစပ်လုပ်ငန်း၊ ဂျီ၈ ရိုးသားပွင့်လင်းသော အချက်အလက်ချတာနှင့် နည်းပညာနောက်ဆက်တွဲ၊ ရိုးသားပွင့်လင်းသော အချက်အလက်ချတာ (**http://perntatacherter.net**) နှင့် ရိုးသားပွင့်လင်းမှု အဓိပ္ပါယ်ဖော်ပြချက် (**http://opendefination.org**)

၁၀။ အစိုးရအချက်အလက်ဆိုသောစကားရပ်၏ အဓိပ္ပါယ်ဆိုလိုချက်မှာ ဖြစ်နိုင်သမျှ ကျယ်ဝန်းသော အဓိပ္ပါယ်ရှိပါသည်။ ဤစကားရပ်မှာ အမျိုးသား၊ ပြည်ထောင်စု၊ ဒေသန္တရ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အစိုးရများ သို့မဟုတ် ကျယ်ပြန့်သော အများပြည်သူကဏ္ဍက ပိုင်ဆိုင်သော အချက်အလက်များ ဖြစ်နိုင်ပါသည်။

(ခ) ဤအချက်အလက်များကို အပြည့်အဝဖော်ပြခြင်းဖြစ်စေရပါမည်။ ထို့ကြောင့် အသုံးပြုသူများအတွက် ယင်းတို့၏ အားသာချက်များ အားနည်းချက်များ ခွဲခြမ်းစိတ်ဖြာမှုကန့်သတ်ချက်များနှင့် လုံခြုံရေးလိုအပ်ချက်များနှင့် အချက်အလက်များကို မည်သို့ရွေးချယ်စိစစ် မည်ဆိုသည်တို့ကို နားလည်စေနိုင်မည့် ပြည့်စုံလုံလောက်သော သတင်းအချက်အလက်များကို ရရှိစေပါသည်။

(ဂ) အချက်အလက်များကို ဖြစ်နိုင်သမျှ စောစီးစွာထုတ်ပြန်ပေးရန် အားပေးတိုက်တွန်းပါသည်။ အသုံးပြုသူများက တုံ့ပြန်မှုပြန်လည် ပေးနိုင်ခွင့်ရရှိစေရန်နှင့် ရိုးသားပွင့်လင်းသော အချက်အလက်များ၏ အရည်အသွေးအတွက် အမြင့်မားဆုံးစံနှုန်းများ ရရှိခြင်းဖြင့် လိုအပ်သော ပြင်ဆင်မှုများ ဆက်လက်ပြုလုပ်နိုင်ရန်ဖြစ်ပါသည်။

(ဃ) အသုံးပြုသူများက လွတ်လွတ်လပ်လပ်ရရှိပြီး ယင်းတို့အား အလွယ်တကူပြန်လည်အသုံးပြုနိုင်စေရန် အချက်အလက်များကို အခမဲ့လိုင်စင် တစ်ခုအောက်မှ ထုတ်ပြန်ပေးရန်အားပေးပါသည်။

(င) ရိုးသားပွင့်လင်းသော အချက်အလက်များ၏ ဖြစ်နိုင်ခြေကို အမြင့်ဆုံးရှိစေရန် အခြားနိုင်ငံများနှင့် နည်းပညာကျွမ်းကျင်မှုနှင့် အတွေ့အကြုံ များကို ဖလှယ်ရန် အားပေးပါသည်။

(စ) ရိုးသားပွင့်လင်းသောအချက်အလက်ဆိုင်ရာ စာပေတိုးတက်အောင် ဆောင်ရွက်ရန်နှင့် ရိုးသားပွင့်လင်းသော အချက်အလက် တန်ဖိုးကို တံခါးဖွင့်ပေးရန် အပျော့ထည် အသုံးချမှုဆိုင်ရာ ဖွံ့ဖြိုးရေးဆောင်ရွက်သူများနှင့် ရိုးသားပွင့်လင်းသော အချက်အလက်များ မြင့်တင်ရေး ဆောက်ရွက်နေသော အရပ်ဖက်လူမှုအဖွဲ့အစည်းများ စသည့်ပြည်သူလူထုနှင့် လုပ်ကိုင်မှုကို တိုးတက်အောင် ဆောင်ရွက်ရေး ကို အားပေးပါသည်။

(ဆ) အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အတည်ပြုထားသော အချက်အလက်များ၏ စံနှုန်းနှင့် အီးအိုင်တီအိုင်အတွင်းရေးမှူးရုံးက ဖြည့်ဆည်းပေးထားသည့် ထပ်ဆောင်းလမ်းညွှန်ချက်များကို ထိန်းသိမ်းလိုက်နာခြင်းအပါအဝင် အချက်အလက်များသည် အမျိုးသားအဆင့်နှင့် နိုင်ငံတကာ အဆင့်စံနှုန်းများနှင့် အချင်းချင်းလုပ်ဆောင်နိုင်စေရေးကို သေချာစေပါသည်။

(ဇ) ဖြစ်နိုင်သောနေရာတွင်၊ အစီရင်ခံစာတင်သွင်းသည့်နှစ်များတစ်လျောက် အချက်အလက်များ သို့မဟုတ် ကွဲပြားသော အရင်းအမြစ်များမှ အချက်အလက်များကို ချိတ်ဆက်ရန် အတုမရှိသော ခွဲခြားရွေးထုတ်သည့် နည်းလမ်းများကို အသုံးပြုရန် အားပေးပါသည်။

(ဈ) အီးအိုင်တီအိုင်အတွက် ရိုးသားပွင့်လင်းသော အချက်အလက်များကိုဖန်တီးသည့် ရေးစီးကြောင်းကို အစိုးရ၏ စနစ်များ အတွင်းသို့ အချိန်နှင့်တစ်ပြေးညီ၊ အချက်အလက်များ၏ အရည်အသွေး၊ ပြန်လည်အသုံးပြုမှုနှင့် ကုန်ကျစရိတ် ထိရောက်မှုများရှိစေရန် ဦးတည်လုပ်ကိုင်ရေးကို အားပေးပါသည်။

(ည) အချက်အလက်များကို တစ်ခုချင်း၊ စက်ဖြင့်ဖတ်ရှုနိုင်သော ပုံစံအချိုးအစားဖြင့် ဖြည့်ဆည်းပေးရန် အားပေးပါသည်။

# အပိုင်း ၂
## စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု

အီးအိုင်တီအိုင်က ကျယ်ကျယ်ပြန့်ပြန့် အခြေအတင်ဆွေးနွေးပွဲနှင့် ပြုပြင်ပြောင်းလဲမှုများအတွက် ပလက်ဖောင်း (စင်မြင့်) တစ်ခုကို ဖြည့်ဆည်းပေးနိုင်မည့် စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများဖြင့် စံနှုန်းတစ်ခုကို စိတ်ကူးစိတ်သန်းတစ်ခုမှ ပြောင်းလဲဖြစ်ပေါ်စေခဲ့ပါသည်။ အီးအိုင်တီအိုင် အတွင်းမှာပင် စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုတို့ပါ ပြောင်းလဲဖြစ်ပေါ်စေပါသည်။ အီးအိုင်တီအိုင်ကို၊ နော်ဝေးနိုင်ငံဥပဒေအောက်ရှိ အမြတ်အတွက် မဟုတ်သော အဖွဲ့ဝင်များ အသင်းတစ်သင်းဖြင့် စီမံအုပ်ချုပ်ပါသည်။ ယင်းသည်၊ အီးအိုင်တီအိုင်သင်းဖွဲ့စည်းမျဉ်းဖြစ်ပြီး၊ အီးအိုင်တီအိုင်အတွက်၊ စီမံအုပ်ချုပ်မှု မူဘောင်ကို ဖြည့်ဆည်းပေးပါသည်။

အီးအိုင်တီအိုင်၏ ရည်မှန်းချက်များ ပိုမိုအောင်မြင်စေရန်အတွက် အီးအိုင်တီအိုင်တွင် ပါဝင်ပတ်သက် ဆက်စပ်သူများအား အပြည်ပြည်ဆိုင်ရာ ဖိုရမ်ဆွေးနွေးပွဲတစ်ခု ဖြည့်ဆည်းပေးရန် အလို့ငှာ၊ အီးအိုတီအိုင်က၊ သုံးနှစ်လျှင် တစ်ကြိမ်၊ ကမ္ဘာလုံးဆိုင်ရာ ကွန်ဖရင့် (ညီလာခံကြီး) တစ်ခုကို စီစဉ်ကျင်းပေးပါသည်။ ဤ ကွန်ဖရင့်များနှင့် ယှဉ်လျက်၊ နိုင်ငံများ(အကောင်အထည်ဖော်သည့် နိုင်ငံများ နှင့် ထောက်ပံ့ကူညီသည့် နိုင်ငံများ) ကုမ္ပဏီများ (အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများအပါအဝင်)နှင့် အရပ်ဖက်လူမှုအဖွဲ့အ စည်းများ ကိုယ်စားပြုသည့်၊ အစုအဖွဲ့သုံးရပ်ဖြင့် အဖွဲ့ဝင်များ၏ အစည်းအဝေးများကို ကျင်းပပါသည်။ အစုအဖွဲ့သုံးခု၏ မဲအရေအတွက်မှာ ညီညီမျှမျှ ချိန်ခွင်လျှာညီကြပါသည်။ အဖွဲ့ဝင်အစည်းအဝေးများ၏ အဓိကလုပ်ငန်းမှာ၊ အီးအိုင်တီအိုင်ဘုတ်အဖွဲ့ကို ခန့်အပ်ရန်ဖြစ်ပါသည်။ နယ်ပယ်သုံးခုက ၎င်းတို့အကြားအသင်းတွင် အသင်းဝင်ဖြစ်မှုအပေါ် သဘောတူညီကြပြီး၊ အီးအိုတီအိုင် ဘုတ်အဖွဲ့အတွက်၊ ၎င်းတို့ဆန္ဒရှိသူများကို အမည်စာရင်းပေးသွင်းပါသည်။

ဤကွန်ဖရင့်များနှင့် အဖွဲ့ဝင်များ၏ အစည်းအဝေးများအကြား၊ အီးအိုင်တီအိုင်ဘုတ်အဖွဲ့သည် ပုံမှန်ဘုတ်အဖွဲ့ အစည်းအဝေးများ၊ ကော်မတီအစည်းအဝေးများနှင့် မကြာမကြာ ဘုတ်အဖွဲ့၏ ဖြန့်ဝေစာများမှ တစ်ဆင့်၊ အီးအိုင်တီအိုင်၏ လုပ်ငန်းရပ်များကို ကြည့်ရှုကြပ်မတ်ပါသည်။ အီးအိုင်တီအိုင်ဘုတ်အဖွဲ့တွင် အဖွဲ့ဝင် (၂၁)ဦးရှိပြီး ၎င်းတို့သည် ကိုယ်စားပြုနိုင်ခွင့် ရှိသော၊ ကွဲပြားခြားနားသော အစုအဖွဲ့များဖြစ်ကြပါသည်။

အီးအိုင်တီအိုင်အတွင်းရေးမှူးချုပ်ရုံးသည် အီးအိုင်တီအိုင်အသင်းနေ့စဉ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တာဝန် ရှိပါသည်။ အကောင်အထည်ဖော်သည့် နိုင်ငံများအား နည်းပညာဆိုင်ရာအကူအညီ တော်တော်များများကို ဖြည့်ဆည်းပေးပါသည်။ အများဆုံးဖြည့်ဆည်းသည့်အဖွဲ့မှာ ကမ္ဘာ့ဘဏ်ဖြစ်ပါသည်။ အီးအိုင်တီအိုင်လုပ်ငန်းစဉ်များအား၊ နည်းပညာအကူအညီပေး နေသော အခြားဖြည့်ဆည်းပေးသူ အမြောက်အမြားရှိပါသည်။

ဤအခန်းတွင် အပြည်ပြည်ဆိုင်ရာအဆင့်၌အီးအိုင်တီအိုင်စီမံအုပ်ချုပ်မှုနှင့် သက်ဆိုင်သော၊ အဓိက စာရွက်စာတမ်းများ ပါဝင်ပါသည်။

- သင်းဖွဲ့စည်းမျဉ်း
- ပွင့်လင်းရိုးသားမှု မူဝါဒ ၂၀၁၃ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ပြီး၊ အီးအိုင်တီအိုင်က မည်သို့ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သင့် သည်ကို သတ်မှတ်ပေးထားပါသည်။
- အီးအိုင်တီအိုင်နယ်ပယ် (အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်သော) လမ်းညွှန်ချက်များကို **(www.eiti.org/about/ goverance)** တွင် ရရှိနိုင်ပါသည်။
- အီးအိုင်တီအိုင်အသင်း ကျင့်ဝတ်စည်းကမ်း



# အပိုင်း ၂

## စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု

## အပိုဒ် ၁ အမည်

၁။ သင်းဖွဲ့၏ အမည်သည် "တွင်းထွက်သယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအတွက် အသင်းအဖွဲ့ (အီးအိုင်တီအိုင်)ဟု ခေါ်တွင်စေရမည်။ (ယခုနောက်ပိုင်းတွင် "အီးအိုင်တီအိုင် သင်းဖွဲ့"ဟု ရည်ညွှန်းကိုးကားပါမည်)

## အပိုဒ် ၂ နောက်ခံအကြောင်းအရာနှင့် ရည်မှန်းချက်

၁။ အီးအိုင်တီအိုင်သင်းဖွဲ့သည် နိုင်ငံတကာ သုံးပွင့်ဆိုင်ညွှန့်ပေါင်းလက်ဦးဖော်ဆောင်မှုတစ်ခုဖြစ်ပြီး၊ ယင်းတွင် အစိုးရနှင့် ၎င်း၏အေဂျင်စီများ၊ ရေနံဓါတ်ငွေ့နှင့် သတ္တုတူးဖော်သည့်ကုမ္ပဏီများ၊ ရင်းနှီးပစ္စည်း စီမံခန့်ခွဲသည့် ကုမ္ပဏီများနှင့် ပင်စင်ရန်ပုံငွေများ (ယခုမှ နောက်ပိုင်းတွင် အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများဟုရည်ညွှန်းပါမည်)နှင့် ဒေသခံ အရပ် ဖက်လူမှုအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်း ပါဝင်ကြပါမည်။

၂။ အီးအိုင်တီအိုင်သင်းဖွဲ့၏ ရည်မှန်းချက်မှာ သယံဇာတအရင်းအမြစ်မှ ရရှိသည့် အခွန်အကောက်များပေါ်တွင် ပွင့်လင်းမြင်သာမှု အားကောင်းစေပါက အဂတိလိုက်စားမှုကို လျှော့ချနိုင်သည်ကိုလည်းကောင်း၊ တွင်းထွက် သယံဇာတ အရင်းအမြစ် ထုတ်လုပ်ရေး လုပ်ငန်းများမှရရှိသော အခွန်အကောက်ရငွေများက စီးပွားရေး(ဘောဂဗေဒ) ကို ပြောင်းလဲနိုင်ခြင်း၊ ဆင်းရဲမှုကို လျှော့ချနိုင်ခြင်းနှင့် သယံဇာတကြွယ်ဝသော နိုင်ငံများရှိ လူအားလုံး၏ နေထိုင်မှု အဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခြင်း တို့ကိုလည်းကောင်း၊ အသိအမှတ်ပြု၍ ရေနံဓါတ်ငွေ့နှင့် သတ္တုတူးဖော်သည့် ကဏ္ဍများတွင် ပွင့်လင်းမြင်သာမှုအတွက် အီးအိုင်တီအိုင်အခြေခံမူများနှင့် အပြည်ပြည်ဆိုင်ရာ လက်ခံသော စံနှုန်း လိုအပ်ချက်များကို ချမှတ်ရန် ရည်မှန်းပါသည်။

## အပိုဒ် ၃ ဥပဒေပုဂ္ဂိုလ်၊ ပေးရန်တာဝန် ကန့်သတ်ချက်ပေးရန် တာဝန်ကန့်သတ်ထားသော အဖွဲ့အစည်း

၁။ အီးအိုင်တီအိုင်သင်းဖွဲ့သည်၊ နော်ဝေနိုင်ငံဥပဒေအောက်တွင် ဖွဲ့စည်းထားသော အကျိုးအမြတ်အတွက်မဟုတ်သော သင်းဖွဲ့တစ်ခုဖြစ်ပါသည်။ **("Forening")**

၂။ အီးအိုင်တီအိုင်သင်းဖွဲ့၏ အဖွဲ့ဝင်များသည် ပုဂ္ဂိုလ်တစ်ဦးချင်းသော်လည်းကောင်း သို့မဟုတ် စုပေါင်း၍သော် လည်းကောင်း၊ အီးအိုင်တီအိုင်သင်းဖွဲ့၏ မည်သည့် ကြွေးမြီများပေးရန် တာဝန်ဝတ္တရားများအတွက်မဆို တာဝန်မရှိစေရ။

## အပိုဒ် ၄ အဖွဲ့အစည်း

၁။ အီးအိုင်တီအိုင်သင်းဖွဲ့၏ အမြဲတမ်းအဖွဲ့အစည်းဆိုင်ရာ ဌာနများမှာ

 ၁။ အီးအိုင်တီအိုင်အဖွဲ့ဝင်များ၏ အစည်းအဝေး အီးအိုင်တီအိုင်ကွန်ဖရင့်နှင့် ဆက်စပ်၍ ကျင်းပသည့် အစည်းအဝေး ဖြစ်ပါသည်။

 ၂။ အီးအိုင်တီအိုင်ဥက္ကဋ္ဌဦးဆောင်သည့် အီးအိုင်တီအိုင်ဘုတ်အဖွဲ့

 ၃။ အတွင်းရေးမှူးရုံး အကြီးအကဲ ဦးဆောင်သည့် အီးအိုင်တီအိုင်အတွင်းရေးမှူးရုံး

၂။ သင်းဖွဲ့စည်းမျဉ်း အပိုဒ် ၁၄ နှင့်အညီ အီးအိုင်တီအိုင်ဘုတ်အဖွဲ့သည် ကော်မတီများကို ဖွဲ့စည်းနိုင်သည်။

၃။ အီးအိုင်တီအိုင်သင်းဖွဲ့၏ အဖွဲ့အစည်းကို ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ဆောင်ရွက်ပါသည်။

## အပိုဒ် ၅ အသင်းဖွဲ့ဝင်ဖြစ်မှုနှင့် အစုအဖွဲ့များ

၁။ အီးအိုင်တီအိုင်သင်းဖွဲ့၏ အဖွဲ့ဝင်တစ်ဦးသည်၊ နိုင်ငံတစ်နိုင်ငံ(အဓိပ္ပါယ်မှာနိုင်ငံတော်) ကုမ္ပဏီတစ်ခု၊ အဖွဲ့အစည်းတစ်ခု သို့မဟုတ် ဥပဒေအရလူပုဂ္ဂိုလ်၊ အဖွဲ့အစည်း ကိုယ်စားပြုသူတစ်ဦးဖြစ်ပြီး ၎င်းတို့အပိုဒ် ၅ (၂)နှင့် (၃)တွင် သတ်မှတ်ထားသည့် အစုအဖွဲ့တစ်ခုမှ ခန့်အပ်ပါသည်။

၂။ အဖွဲ့ဝင်များအား အောက်ပါ အစုအဖွဲ့သုံးခုမှ စည်းရုံး ဖွဲ့စည်းခြင်းဖြစ်ပါသည်။

၁။ နိုင်ငံများကိုယ်စားပြုအစုအဖွဲ့ ယင်းတွင် ပါဝင် သည်များမှာ

(က) အကောင်အထည်ဖော်သည့်နိုင်ငံများ၊ ဆိုလိုသည်မှာ အီးအိုင်တီအိုင်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အီးအိုင်တီအိုင် ဘုတ်အဖွဲ့က အဖွဲ့ဝင်လောင်းနိုင်ငံများ သို့မဟုတ ်စံချိန်မီတင်းပြည့်အဖွဲ့ဝင် နိုင်ငံများအဖြစ် အတန်းအစား

(ခ) ခွဲခြားထားပါသည်။

ထောက်ပံ့ကူညီသည့် နိုင်ငံများ၊ ဆိုလိုသည်မှာ နိုင်ငံများ စုစည်းသည့် နိုင်ငံစုဖြစ်ပြီး အီးအိုင်တီအိုင်သင်းဖွဲ့၏ ရည်မှန်းချက်ကို ထောက်ပံ့ကူညီကြပါသည်။

၂။ ကုမ္ပဏီကိုယ်စားပြုနယ်ပယ် ယင်းတွင် ပါဝင်သည်များမှာ

(က) အီးအိုင်တီအိုင်သင်းဖွဲ့နှင့် ဤကုမ္ပဏီများကို ကိုယ်စားပြုထားသည့် သင်းဖွဲ့များ၏ ရည်မှန်းချက်ကို ထောက်ပံ့ ကူညီရန် ကတိကဝတ်ပြုထားသည့် တွင်းထွက်သယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ ကုမ္ပဏီများနှင့်

(ခ) အီးအိုင်တီအိုင်သင်းဖွဲ့၏ ရည်မှန်းချက်ကို၊ ထောက်ပံ့ကူညီရန် ကတိကဝတ်ပြုထားသည့် အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ

၃။ အရပ်ဖက်လူမှုအဖွဲ့အစည်းများကိုယ်စားပြုနယ်ပယ် ယင်းတွင် အီးအိုင်တီအိုင်သင်းဖွဲ့၏ ရည်မှန်းချက်ကို ထောက်ပံ့ ကူညီသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်မှု ကွန်ရက်များ သို့မဟုတ် ညွန့်ပေါင်း အဖွဲ့များ ပါဝင်ပါသည်။

၃။ အီးအိုင်တီအိုင်အစုအဖွဲ့တစ်ခုစီအား အီးအိုင်တီအိုင်သင်းဖွဲ့၏ အဖွဲ့ဝင်များ ခန့်အပ်ရာတွင် စီမံအုပ်ချုပ်သည့် ၎င်းတို့၏ စည်းမျဉ်းများအပေါ်တွင် ဆုံးဖြတ်ပါသည်။ အဖွဲ့ဝင် ဖြစ်မှုကို အောက်ပါအတိုင်း ကန့်သတ်ထားရပါမည်။

၁။ နိုင်ငံများ ကိုယ်စားပြုနယ်ပယ်မှ အကောင်အထည်ဖော်သည့် နိုင်ငံတစ်နိုင်ငံစီမှ ကိုယ်စားလှယ်တစ်ဦးစီနှင့် ထောက်ပံ့ ကူညီသည့် နိုင်ငံ သို့မဟုတ် နိုင်ငံစု) တစ်နိုင်ငံစီမှ ကိုယ်စားလှယ်တစ်ဦးစီအထိ

၂။ ကုမ္ပဏီများ ကိုယ်စားပြုနယ်ပယ်မှ ကုမ္ပဏီနှင့် ယင်းကုမ္ပဏီများ ကိုယ်စားပြုအသင်းအဖွဲ့တစ်ခုစီမှ ကိုယ်စားလှယ် တစ်ဦးစီ အထိနှင့် အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများမှ အများဆုံး ကိုယ်စားလှယ် ငါးဦးအထိ

၃။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ ကိုယ်စားပြုအစုအဖွဲ့မှ အရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ခုမှ ကိုယ်စားလှယ် တစ်ဦးစီ အထိ

၄။ ကိုယ်စားပြုနယ်ပယ်တစ်ခုသည် ၎င်းက ခန့်အပ်သော အဖွဲ့ဝင် မည်သူကို မဆို၊ မည်သည့်အချိန်တွင် မဆို၊ အစားထိုး နိုင်ပါ သည်။ ကိုယ်စားပြုနယ်ပယ်က ၎င်း၏အဖွဲ့ဝင်များကို မည်သည့်အချိန်တွင်မဆို အီးအိုင်တီအိုင်အတွင်းရေးမှူးရုံး သို့ အကြောင်းကြားရပါမည်။

၅။ အီးအိုင်တီအိုင်ဘုတ်အဖွဲ့သည် အီးအိုင်တီအိုင်သင်းဖွဲ့၏ မည်သည့်အဖွဲ့ဝင်မဆို၏ အဖွဲ့ဝင်ဖြစ်မှုကို ရပ်ဆိုင်းနိုင်သည်။ အကယ်၍

၁။ အဖွဲ့ဝင်၊ သို့မဟုတ် နိုင်ငံ သို့မဟုတ် အဖွဲ့ဝင်က ကိုယ်စားပြုသည့်အခြား ရပ်တည်ချက်သည် ဤသင်းဖွဲ့ စည်းမျဉ်းများကို မလိုက်နာခြင်း သို့မဟုတ်

၂။ အဖွဲ့ဝင် သို့မဟုတ် နိုင်ငံ သို့မဟုတ် အဖွဲ့ဝင်ကိုယ်စားပြုသည့် အခြားရပ်တည်ချက်က သူ/သူမ/၎င်းတို့၏ အရေးအရာ ကိစ္စများဆောင်ရွက်သည့်နည်းလမ်းသည် အီးအိုင်တီအိုင်အခြေခံမူများကို ထိခိုက်နစ်နာစေသည် သို့မဟုတ် ဆန့်ကျင် ဘက် ဖြစ်သည်ဟု သုံးသပ်ဆင်ခြင်ခြင်း။

၆။ အပိုဒ်၅(၅)နှင့်အညီ ချမှတ်သော အီးအိုင်တီအိုင်ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အပြီးသတ်ဆုံးဖြတ်ချက်အတွက် အဖွဲ့ဝင် များ အစည်းအဝေးသို့ မည်သည့်အဖွဲ့ဝင်မဆို အသနားခံ(အယူခံဝင်) နိုင်ပါသည်။

## အပိုဒ် ၆ အီးအိုင်တီအိုင် ညီလာခံ

၁။ အီးအိုင်တီအိုင်တွင် ပါဝင်ပတ်သက်ဆက်စပ်သူများအတွက် ဆွေးနွေးပွဲတစ်ခုကို ဖြည့်ပေးရန် အီးအိုင်တီအိုင်တွင်း ပါဝင်သူအားလုံး အကျိုးစီးပွားတစ်ရပ်တွင် အတူတကွ ပါဝင်ရန်၊ အီးအိုင်တီအိုင်၏ ရည်မှန်းချက် ပိုမိုမြင့်မားစေရန် နှင့် အီးအိုင်တီအိုင် သင်းဖွဲ့၏ မူဝါဒများနှင့် မဟာဗျူဟာများပေါ်တွင် ၄င်းတို့၏ အမြင်များကို ဖော်ပြနိုင်ရန် အလို့ငှာ အီးအိုင်တီအိုင် ညီလာခံ တစ်ရပ်ကို အနည်းဆုံး သုံးနှစ်တစ်ကြိမ် ကျင်းပပြုလုပ်ရပါမည်။

၂။ အီးအိုင်တီအိုင်အဖွဲ့ဝင်များ၊ အီးအိုင်တီအိုင်ဘုတ်အဖွဲ့နှင့် အီးအိုင်တီအိုင် အတွင်းရေးမှူးရုံးတို့သည် အီးအိုင်တီအိုင် ညီလာခံသို့ တက်ရောက်ခွင့် (သို့) ကိုယ်စားပြုခွင့်ရှိကြပါသည်။ အခြားပါဝင်ပတ်သက်ဆက်စပ်သူများကိုလည်း ဖိတ်ကြား သင့်ပါသည်။ ကိစ္စတစ်ခုကို ယင်းသို့ဖိတ်ကြားနိုင်သည့် အတိုင်းအတာအရ အီးအိုင်တီအိုင် ဘုတ်အဖွဲ့က ဆုံးဖြတ်သည့်အ တိုင်း ဆောင်ရွက်သင့် ပါသည်။

၃။ အီးအိုင်တီအိုင် ညီလာခံခေါ်ယူခြင်းကို အီးအိုင်တီအိုင် ဘုတ်အဖွဲ့က အီးအိုင်တီအိုင် ဝက်ဘ်ဆိုဒ်ပေါ်မှ ခေါ်ယူရမည်။ အီးအိုင်တီအိုင် အဖွဲ့ဝင်များနှင့် ကိုယ်စားပြုနယ်ပယ်များအား ဖိတ်စာဖြင့် ရက်သတ္တပါတ်ကြိုတင်ဖိတ်ကြားရပါမည်။ ဖိတ်စာဖြင့် ဖိတ်ကြားချက် တွင် အီးအိုင်တီအိုင် ညီလာခံ ကျင်းပမည့် အစီအစဉ်ပါဝင်ရပါမည်။

၄။ အီးအိုင်တီအိုင် ကွန်ဖရင့်သည်

၁။ အခြေအတင် ဆွေးနွေးပွဲ၊ ထောက်ခံအားပေးမှု၊ စဉ်ဆက်မပြတ် ရန်ပုံငွေ မြှင့်ခြင်းခြင်းနှင့် ပါဝင်ပတ်သက်ဆက်စပ်သူ အသစ်များ ပါဝင်လာရေးအတွက် အရေးပါ၍ မြင်သာသော ပလက်ဖောင်း (စင်မြင့်) တစ်ခုဖြည့်ဆည်းပေးရပါမည်။

၂။ ရှေ့တွင်ကျင်းပခဲ့သော အစည်းအဝေးများမှ ယခုကာလအထိ လုပ်ငန်းအစီရင်ခံစာအခြေခံသည့် တိုးတက်မှုကို သုံးသပ်ရပါမည်။

၃။ လာမည့် အဖွဲ့ဝင်များ၏ သာမာန်အစည်းအဝေး ထိတိုင်အောင် အီးအိုင်တီအိုင်သင်းဖွဲ့၏ လုပ်ငန်းရပ်များကို အီးအိုင် တီအိုင် ဘုတ်အဖွဲ့သို့အကြံဉာဏ်များ ဖြည့်ဆည်းပေးရပါမည်။

၄။ အီးအိုင်တီအိုင်အသင်း၏ ရည်မှန်းချက်ကို အောင်မြင်မှုရရှိစေရန် အဆင့်မြင့် ညှိနှိုင်းမှု နိုင်ငံရေးအရ ကတိကဝတ် ပြုမှုနှင့် ဆောင်ရွက်မှု အရှိန်တို့ကို စဉ်ဆက်မပြတ် စည်းရုံးဆော်သြရပါမည်။

၅။ အီးအိုင်တီအိုင် အသင်း၏ စီမံအုပ်ချုပ်မှု ဖွဲ့စည်းပုံအောက်ရှိ နေရာတစ်ခုခုတွင် တရားဝင်ကိုယ်စားပြု ဆောင်ရွက်ခြင်း မရှိသော အီးအိုင်တီအိုင် ပါဝင်ပတ်သက် ဆက်စပ်သူများအတွက် အလွယ်သဘော ဆက်သွယ်ရေး လမ်းကြောင်းတစ်ခုကို ဖြည့်ဆည်း ပေးရပါမည်။

၅။ အထက်အပိုင်ဒ် ၆(၄) တွင် သတ်မှတ်ထားသော အရေးကိစ္စများပေါ်တွင် အမြင်များကို နှောင်ကြိုးမဲ့ အကျိုးကျေးဇူးများ ရှမ်းတမ်းတစ်ခုတွင် ဖော်ပြနိုင်မည်ဖြစ်ပြီး ယင်းကို အီးအိုင်တီအိုင် ညီလာခံက သဘောတူညီရမည် ဖြစ်ပြီး အီးအိုင်တီအိုင် အဖွဲ့ဝင်များ အစည်းအဝေးနှင့် အီးအိုင်တီအိုင်ဘုတ် အဖွဲ့သို့ ဆက်သွယ်အကြောင်းကြားရမည်ဖြစ်ပါသည်။ အီးအိုင်တီအိုင် ညီလာခံသည် အများသဘော တူညီချက်ဖြင့် ဆုံးဖြတ်ချက်ချမှတ်ရပါမည်။ ပါဝင်ပတ်သက်ဆက်စပ်သူများ၏ အမြင်များကို ထည့်သွင်းစဉ်းစား၍ အီးအိုင်တီအိုင် ဥက္ကဋ္ဌက မဲတစ်မဲ လိုအပ်သည်ဟု ဆုံးဖြတ်နိုင်ပါသည်။ အီးအိုင်တီအိုင် ဘုတ်အဖွဲ့ အဖွဲ့ဝင်နှင့် ၄င်းတို့၏ ရာထူးနှင့် အီးအိုင်တီအိုင် အတွင်းရေးမှူးရုံးမှအပ အီးအိုင်တီအိုင် ပါဝင်ပတ်သက်ဆက်စပ်သူ တစ်ဦးတွင် မဲတစ်မဲ ထည့်ပိုင်ခွင့်ရှိပါသည်။ အီးအိုင်တီအိုင် ညီလာခံ၏ ဆုံးဖြတ်ချက်များကို ညီလာခံတက်ရောက်သူနှင့် မဲထည့် မှု ဦးရေအများစု၏ သဘောတူညီချက်ဖြင့် ချမှတ်ပါသည်။

## အပိုဒ် ၇ အီးအိုင်တီအိုင် အဖွဲ့ဝင်များ၏ အစည်းအဝေး

၁။ အီးအိုင်တီအိုင်အသင်း၏ စီမံအုပ်ချုပ်မှုသည် အီးအိုင်တီအိုင်အဖွဲ့ဝင်များ၏ အစည်းအဝေးဖြစ်သည်။

၂။ အီးအိုင်တီအဖွဲ့ဝင်များ၏ အစည်းအဝေးတွင် ပါဝင်သူများမှာ အီးအိုင်တီအိုင်အသင်းအဖွဲ့များဖြစ်သည်။

၃။ သာမန်အီးအိုင်တီအိုင်အဖွဲ့ဝင်များ၏ အစည်းအဝေးကို အနည်းဆုံးသုံးနှစ်တစ်ကြိမ်၊ အီးအိုင်တီအိုင်ညီလာခံနှင့် ဆက်စပ်

ကျင်းပရပါမည်။ အီးအိုင်တီအိုင်အဖွဲ့ဝင်များအစည်းအဝေးကို အီးအိုင်တီအိုင်ဘုတ်အဖွဲ့က ခေါ်ယူရမည်ဖြစ်ပြီး ဘုတ်အဖွဲ့က အဖွဲ့ဝင်များအား အနည်းဆုံးရက်သတ္တ ၄ ပါတ် ကြိုတင်၍ ဖိတ်စာဖြင့် ဖိတ်ကြားရမည်။

၄။ အထူးအီးအိုင်တီအိုင်အဖွဲ့ဝင်များအစည်းအဝေးကို အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အဖွဲ့ဝင်များအား အနည်းဆုံး ရက်သတ္တ ၃ ပါတ်ကြိုတင်၍ ဖိတ်စာဖြင့်ဖိတ်ကြားရမည်။ အထူးအဖွဲ့ဝင်များ၏ အစည်းအဝေးတစ်ရပ်ပြုလုပ်ပေးပါရန် အီးအိုင်တီအိုင် ဥက္ကဋ္ဌ၏ မေတ္တာရပ်ခံချက် ရရှိသည့်နေ့မှ ရက်သတ္တ ၄ ပါတ်အတွင်းအထူးအဖွဲ့ဝင်များ၏ အစည်းအဝေးတစ်ရပ်ကို ကျင်းပ ပေးရန် အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အသေအချာ ဆောင်ရွက်ပေးရမည်။

၅။ အီးအိုင်တီအိုင်အဖွဲ့ဝင်များ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးလိုသော အဖွဲ့ဝင်များသည် ဖိတ်ခေါ်သည့်စာတွင် ဖော်ပြပါရှိသည့် ရက်စွဲအားဖြင့် အီးအိုင်တီအိုင်အတွင်းရေးမှူးရုံးသို့ ကြိုတင်အသိပေးရမည်။ အဖွဲ့ဝင်တစ်ဦးသည် ဖိတ်စာဖြင့် ကိုယ်စားလှယ်လွှဲစာနှင့်အတူ အဖွဲ့ဝင်များ အစည်းအဝေးတွင် ကိုယ်စားပြုတက်ရောက်နိုင်ပါသည်။ ကိုယ်စားလှယ်လွှဲစာ တွင် တိကျသေချာသော မဲပေးခွင့် ညွှန်ကြားချက်များလည်း ပါဝင်နိုင်ပါသည်။ခေါ်ယူစာများတွင် ဖော်ပြပါရှိသည့် ရက်စွဲ ဖြင့် လက်မှတ်သေချာစွာထိုးထားသော ကိုယ်စားလှယ်လွှဲစာကို အီးအိုင်တီအိုင် အတွင်းရေးမှူးရုံးက လက်ခံရရှိပါမည်။

၆။ အီးအိုင်တီအိုင်ဥက္ကဋ္ဌသည် အီးအိုင်တီအိုင်အဖွဲ့ဝင်များ အစည်းအဝေးအတွက် သဘာပတိအဖြစ် ဆောင်ရွက်ရပါမည်။

၇။ အဖွဲ့ဝင်များ၏ အစည်းအဝေးအထမြောက်မှုမှာ အဖွဲ့ဝင်ဦးရေ၏ အနည်းဆုံး ထက်ဝက်နှင့် ယင်းတွင် ကိုယ်စားပြုနယ်ပယ် တစ်ခုစီမှ အဖွဲ့ဝင်များ ဦးရေ၏ အနည်းဆုံး သုံးပုံတစ်ပုံ ပါဝင်ရပါမည်။

၈။ အဖွဲ့ဝင်များ၏ အစည်းအဝေးသည် ဆုံးဖြတ်ချက်များကို အများသဘောတူညီချက်ဖြင့် ချမှတ်ရန် ကြိုးပမ်းအားထုတ် လုပ် ဆောင်ရမည်။ မဲခွဲဆုံးဖြတ်ရန်လိုအပ်လျှင် စုစုပေါင်းပေးသည့် မဲအရေအတွက်၏ သုံးပုံ နှစ်ပုံထောက်ခံမဲပေးရန် လိုအပ်ပြီး အဖွဲ့ဝင်များပေးသော မဲအရေအတွက်၏ အနည်းဆုံး သုံးပုံ တစ်ပုံပါဝင်သည့် အရည်အချင်းပြည့်ဝသော အများစုက ချမှတ် သော ဆုံးဖြတ်ချက်ဖြစ်ရမည်။ ကိုယ်စားပြုနယ်ပယ်တစ်ခုစီ၏ အဖွဲ့ဝင်များအတွက် မဲစုစုပေါင်းအရေအတွက်မှာ ညီတူ ညီမျှ ဖြစ်ရမည်ဖြစ်ပြီး အောက်ပါအတိုင်း ဆုံးဖြတ်သတ်မှတ်ရပါမည်။

၁။ တိုင်းပြည်များ ကိုယ်စားပြုနယ်ပယ်မှ အဖွဲ့ဝင်များ အဖွဲ့ဝင်တစ်ဦးစီလျှင် တစ်မဲ ထည့်ခွင့်ရှိရမည်။

၂။ ကုမ္ပဏီများ ကိုယ်စားပြုနယ်ပယ်မှ အဖွဲ့ဝင်များနှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများကိုယ်စားပြုနယ်ပယ်မှ အဖွဲ့ဝင်များ အတွက် မဲများကို နိုင်ငံမဲစုစုပေါင်းကို ကုမ္ပဏီကိုယ်စားပြုနယ်ပယ် အဖွဲ့ဝင် ဦးရေနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ် စားပြု နယ်ပယ်မှ အဖွဲ့ဝင်ဦးရေဖြင့် စားခြင်းဖြင့် ဆုံးဖြတ်ရပါမည်။

၃။ အီးအိုင်တီအိုင်ဥက္ကဋ္ဌကမဲပေးပွဲမစတင်မီကြိုတင်၍ကိုယ်စားပြုနယ်ပယ်များမှအဖွဲ့ဝင်တစ်ဦးစီအတွက် မဲအရေအတွက် ကို ကြေငြာပေးရမည်။

## အပိုဒ် ၈ အီးအိုင်တီအိုင် အဖွဲ့ဝင်များ အစည်းအဝေး၏ လုပ်ငန်းများ

၁။ အီးအိုင်တီအိုင်အဖွဲ့ဝင်များ အစည်းအဝေးသည်

၁။ အီးအိုင်တီအိုင်ဘုတ်အဖွဲ့၏ လုပ်ငန်းရပ်အစီရင်ခံစာ၊ ငွေစာရင်းများနှင့် လုပ်ငန်းအစီအစဉ်တို့ကို အတည်ပြုရမည်။

၂။ ကိုယ်စားပြုနယ်ပယ်များ၏ အမည်စာရင်းအဆိုပြုမှုပေါ်တွင် အီးအိုင်တီအိုင်ဘုတ်အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးစီအတွက် အဖွဲ့ဝင်နှင့် အရန်အဖွဲ့ဝင်တို့ကို ရွေးချယ်ရမည်။

၃။ အီးအိုင်တီအိုင်ဘုတ်အဖွဲ့၏ အဆိုပြုမှုပေါ်တွင် အီးအိုင်တီအိုင်ဥက္ကဋ္ဌကို ရွေးချယ်ရမည်။

၄။ အဖွဲ့ဝင်တစ်ဦးမှ မေတ္တာရပ်ခံပန်ကြားထားသော အခြားမည်သည့်အရေးကိစ္စများကိုမဆို သုံးသပ်စဉ်းစားရပါမည်။ ယင်းမေတ္တာရပ်ခံချက်များသည် ဖိတ်ကြားလွှာများတွင် ဖော်ပြထားသော အီးအိုင်တီအိုင်အဖွဲ့ဝင်များ အစည်းအဝေး အစီအစဉ်တွင် ပါဝင်သည့် မည်သည့်အရေးကိစ္စမဆို အတွက်အချိန်မီ အီးအိုင်တီအိုင်ဥက္ကဋ္ဌထံသို့ ဖိတ်စာဖြင့် တင်ပြ ထားသည့် ကိစ္စရပ်များဖြစ်ရပါမည်။

## အပိုဒ် ၉ အီးအိုင်တီအိုင် ဘုတ်အဖွဲ့

၁။ အီးအိုင်တီအိုင်ဘုတ်အဖွဲ့သည် အီးအိုင်တီအိုင်အသင်း၏ အမှုဆောင်အဖွဲ့ဖြစ်ပြီး အီးအိုင်တီအိုင်အဖွဲ့ဝင်များ အစည်းအဝေးက ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်၍ အီးအိုင်တီအိုင်အဖွဲ့ဝင်များအစည်းအဝေးမှ ချမှတ်ထားသော လမ်းညွှန်ချက်အောက်တွင် လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

၂။ အီးအိုင်တီအိုင်အသင်း၏ သုံးပွင့်ဆိုင်ညွန့်ပေါင်းသဘာဝကို ထင်ဟပ်ရန် အလို့ငှာ အီးအိုင်တီအိုင်ဘုတ်အဖွဲ့တွင် အီးအိုင်တီအိုင်ဘုတ် အဖွဲ့ဝင် (၂၁) ဦး (ဘုတ်အဖွဲ့ဝင်များ) ပါဝင်ဖွဲ့စည်းထားပြီး။

အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်။

၁။ ဥက္ကဋ္ဌတစ်ဦး

၂။ နိုင်ငံများကိုယ်စားပြုနယ်ပယ်မှ အီးအိုင်တီအိုင်အသင်း၏ အဖွဲ့ဝင်များထဲမှ ဘုတ်အဖွဲ့ဝင် (၉)ဦး ဖြစ်ပြီး ယင်းတို့တွင် ထောက်ပံ့ကူညီသည့် နိုင်ငံများမှ ကိုယ်စားပြုဘုတ်အဖွဲ့ဝင်အများဆုံး (၃)ဦးနှင့် အကောင်အထည်ဖော်သည့် နိုင်ငံများမှ ယင်းကိုယ်စားပြု ဘုတ်အဖွဲ့ ဝင်ဦးရေတို့ပါဝင်ပါသည်။ ဖြစ်နိုင်သည့်အခါတွင် ကောင်အထည်ဖော်သည့် နိုင်ငံများအား အနည်းဆုံး တင်းပြည့် နိုင်ငံ (၃)နိုင်ငံမှ ကိုယ်စားပြုသင့်ပါသည်။

၃။ ကုမ္ပဏီများကိုယ်စားပြု နယ်ပယ်မှ အီးအိုင်တီအိုင်အသင်း၏ အဖွဲ့ဝင်များထဲမှ ဘုတ်အဖွဲ့ဝင် (၆)ဦးဖြစ်ပြီး ၎င်းတို့တွင် အဖွဲ့အစည်း ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများကိုယ်စား အများဆုံး (၁)ဦးပါဝင် ကိုယ်စားပြုသင့်ပါသည်။

၄။ အရပ်ဖက်လူမှုအဖွဲ့အစည်းများကိုယ်စားပြုနယ်ပယ်မှ အီးအိုင်တီအိုင်အသင်း၏ အဖွဲ့ဝင်များထဲမှ ဘုတ်အဖွဲ့ဝင် (၅)ဦး ဖြစ်ပါသည်။

၃။ သာမန် အီးအိုင်တီအိုင်အဖွဲ့ဝင်များ အစည်းအဝေးပြီးဆုံးပြီး နောက်အမည်စာရင်း တင်သွင်းပြီးသည့်အခါမှ စ၍ အီးအိုင်တီအိုင် ဘုတ်အဖွဲ့ အဖွဲ့ဝင်အားလုံး အငြိမ်းစားယူသည်။ သို့သော် အီးအိုင်တီအိုင်အဖွဲ့ဝင်များ အစည်းအဝေး၌ အမည်စာရင်းထပ်မံ တင်သွင်းခွင့် အရည်အချင်းရှိစေရမည်။

၄။ ဘုတ်အဖွဲ့ဝင်တစ်ဦးစီအတွက် အရန်ဘုတ်အဖွဲ့အဖွဲ့ဝင်တစ်ဦး (အရန်အဖွဲ့ဝင်)ကို ကိုယ်စားပြုနယ်ပယ်များမှ အမည်စာရင်း အဆိုပြုနိုင်ပြီး ကိုယ်စားပြုနယ်ပယ်မှ အဆိုပြုသူကို အဖွဲ့ဝင်များ အစည်းအဝေးက ရွေးချယ်နိုင်ပါသည်။ အရန်အဖွဲ့ဝင်သည် ဘုတ်အဖွဲ့ အဖွဲ့ဝင်အတွက် ကိုယ်စားပြုနိုင်ပါသည်။ အကယ်၍ အရန်အဖွဲ့ဝင်မရှိလျှင် သက်ဆိုင်သည့် ကိုယ်စားပြုနယ်ပယ်က ဘုတ်အဖွဲ့အဖွဲ့ဝင်နှင့် အရန်အဖွဲ့ဝင်အသစ်ကို အဆိုပြုရမည်။

၅။ အကယ်၍ ဘုတ်အဖွဲ့ အဖွဲ့ဝင်သည် ဘုတ်အဖွဲ့အစည်းအဝေးတစ်ခုမှ ပျက်ကွက်လျှင် ဘုတ်အဖွဲ့ အရန်အဖွဲ့ဝင်သည် အစည်းအဝေးတက်နိုင်ပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးနိုင်ခြင်း၊ မဲပေးနိုင်ခြင်း၊ ယင်းဘုတ်အဖွဲ့ဝင်က ဘုတ်အဖွဲ့ အစည်းအဝေးတွင် ဆောင်ရွက်သောလုပ်ငန်းအားလုံးကို ယေဘုယျအားဖြင့် ဆောင်ရွက်နိုင်သည်။

အကယ်၍ ဘုတ်အဖွဲ့ဝင်တစ်ဦးသည် ဘုတ်အဖွဲ့အစည်းအဝေးများသို့ သုံးကြိမ်ဆက်တိုက် တတ်ရောက်ရန် ပျက်ကွက်သည်ဆိုပါက ဘုတ်အဖွဲ့သည် သူ သို့မဟုတ် သူမ၏ ကိုယ်စားပြုနယ်ပယ်နှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းပြီးနောက် ယင်းကိုယ်စားပြု နယ်ပယ်မှ ဘုတ်အဖွဲ့အဖွဲ့ဝင်ကို အစားထိုးရန် လိုအပ်နိုင်ပါသည်။

၆။ အီးအိုင်တီအိုင် အဖွဲ့ဝင်များ အစည်းအဝေးနစ်ခုအကြား အီးအိုင်တီအိုင်ဘုတ်အဖွဲ့တွင် လစ်လပ်မှု တစ်ခု ဖြစ်သည့် ကိစ္စမျိုးတွင် ဤလွပ်လပ်မှုကို နုတ်ထွက်သော ဘုတ်အဖွဲ့အဖွဲ့ဝင်၏ အရန်အဖွဲ့ဝင်ဖြင့် ဖြည့်တင်းရမည်။ ဘုတ်အဖွဲ့က ရွေးချယ် မည့် သက်ဆိုင်ရာ နယ်ပယ်က အရန်အဖွဲ့ဝင်သစ်၏ အမည်စာရင်းကို အဆိုပြုရမည်။ အခြားနည်းလမ်းအနေဖြင့် သက်ဆိုင်ရာ ကိုယ်စားပြု နယ်ပယ်သည် ဘုတ်အဖွဲ့က ရွေးချယ်မည့် ဘုတ်အဖွဲ့အဖွဲ့ဝင် အသစ်တစ်ဦး၏ အမည်စာရင်းကို အဆိုပြုနိုင်သည်။

၇။ အီးအိုင်တီအိုင် အသင်းသည် ဘုတ်အဖွဲ့ဝင်များအတွက် ပေးရန် တာဝန်အာမခံကို ရယူရမည်။ သက်တမ်းနှင့် အခြေအနေများ ကို အီးအိုင်တီအိုင် ဘုတ်အဖွဲ့က အတည်ပြုရမည်။

၈။ အီးအိုင်တီအိုင် ဘုတ်အဖွဲ့သည် ဘုတ်အဖွဲ့အဖွဲ့ဝင်တစ်ဦးအား ၎င်း၏ အကောင်အထည်ဖော်သည့် နိုင်ငံတစ်နိုင်ငံ၏ သက်

တမ်းကာလအတွင်း အဆင့်လျှော့ချခံထားရသည့် အခါ ဘုတ်အဖွဲ့ အဖွဲ့ဝင်တစ်ဦး အဖြစ် ဆက်လက်ရှိနေစေရန် ဆုံးဖြတ်နိုင်သည်။ သို့သော် အဆင့်လျှော့ချခဲ့ရသည့် ကာလအတွင်း ဘုတ်အဖွဲ့၏ လုပ်ငန်းရပ်များနှင့် ထိတွေ့လုပ်ကိုင်ခြင်းမှ ရှောင်ကျဉ်ရမည်။ အဆင့်လျှော့ချခြင်းသည် တစ်နှစ်ထက် ပိုမိုသက်ရောက်သည်ဆိုပါက အီးအိုင်တီအိုင် ဘုတ်အဖွဲ့သည် ဘုတ်အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းကြောင်း ဆုံးဖြတ်နိုင်သည်။

## အပိုဒ် ၁၀ အီးအိုင်တီအိုင် လေ့လာသူများ

၁။ လက်တွေ့အားဖြင့် နေရာချထားပေးနိုင်သည့်အခါ ကမ္ဘာဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) နှင့် အခြားပါဝင်ပတ်သက်ဆက်စပ်သူများကဲ့သို့သော် သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား အီးအိုင်တီအိုင် ဘုတ်အဖွဲ့ အစည်းအဝေးများနှင့် အဖွဲ့ဝင်များ အစည်းအဝေးများသို့ လေ့လာသူများအဖြစ် တက်ရောက်ရန် အီးအိုင်တီအိုင် ဘုတ်အဖွဲ့က ဖိတ်ကြားသင့်ပါသည်။ ၎င်းတို့တွင် မဲပေးပိုင်သည့်အခွင့်မရှိပါ။ သို့သော် အရေးပါသော ကိစ္စများပေါ်တွင် ၎င်းတို့၏ အမြင်များကို ဖော်ပြရန် ဖိတ်ကြားနိုင်ပါသည်။ အီးအိုင်တီအိုင်ဘုတ်အဖွဲ့သည် လေ့လာသူများ တက်ရောက်ခြင်း မရှိပဲ ဆွေးနွေးသင့်သော သေချာသည့် အကြောင်းအရင်း များကို ဆုံးဖြတ်နိုင်ပါသည်။

## အပိုဒ် ၁၁ အီးအိုင်တီအိုင် ဥက္ကဋ္ဌ

၁။ အီးအိုင်တီအိုင် ဥက္ကဋ္ဌကို သာမာန် အီးအိုင်တီအိုင် အဖွဲ့ဝင်များ အစည်းအဝေး၌ ရွေးကောက်တင်မြှောက်ရမည်။ အီးအိုင်တီအိုင် ဘုတ်အဖွဲ့သည် သာမန်အီးအိုင်တီအိုင် အဖွဲ့ဝင်များ အစည်းအဝေး တစ်ခုစီ မကျင်းပမီ ကြိုတင်၍ အီးအိုင်တီအိုင် အဖွဲ့ဝင်များ အစည်းအဝေး ပြီးစီးသည့်နောက်ကာလအတွင် အီးအိုင်တီအိုင် ဥက္ကဋ္ဌအတွက် ဥက္ကဋ္ဌလောင်းတစ်ဦး၏ အမည်စာရင်းကို ထောက်ခံ အကြံပြုရပါမည်။ အီးအိုင်တီအိုင် ဥက္ကဋ္ဌတစ်ဦး၏ သက်တမ်းကို တစ်ကြိမ် သက်တမ်းတိုးနိုင်ပါသည်။

၂။ အီးအိုင်တီအိုင် ဥက္ကဋ္ဌသည်

အီးအိုင်တီအိုင် အဖွဲ့ဝင်များ၏ အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

အီးအိုင်တီအိုင်ဘုတ်အဖွဲ့အစည်းအဝေး သဘာဝတီအဖြစ် ဆောင်ရွက်ရမည်။

အီးအိုင်တီအိုင် ဘုတ်အဖွဲ့၏ အစီရင်ခံစာကို အီးအိုင်တီအိုင် ညီလာခံနှင့် အီးအိုင်တီအိုင် အဖွဲ့ဝင်များ အစည်းအဝေးသို့ တင်ပြရမည်။

ပြင်ပရေးရာ ကိစ္စများတွင် အီးအိုင်တီအိုင် ဘုတ်အဖွဲ့ကို ကိုယ်စားပြုရမည်။

အီးအိုင်တီအိုင်ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ အီးအိုင်တီအိုင် အတွင်းရေးမှူးရုံးနှင့် စောင့်ကြည့်ကြီးကြပ်ရမည် နှင့်

အီးအိုင်တီအိုင် ပါဝင်ပတ်သက်ဆက်စပ်သူများအကြား လက်တွဲပူးပေါင်းဆောင်ရွက်ဆက်ဆံမှုများကို မြှင့်တင်အားပေးရန် ကြိုးပမ်းရမည်။

၃။ အီးအိုင်တီဥက္ကဋ္ဌသည် ဘုတ်အဖွဲ့အစည်းအဝေးတစ်ခုကို သဘာပတိအဖြစ် ဆောင်ရွက်နိုင်ခြင်းမရှိလျှင် အစည်းအဝေးတက် ရောက်လာသော ဘုတ်အဖွဲ့ဝင်များက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရန် အခြားဘုတ်အဖွဲ့ဝင်တစ်ဦးကို ခန့်အပ်နိုင်ပါသည်။

## အပိုဒ် ၁၂ အီးအိုင်တီအိုင် ဘုတ်အဖွဲ့၏ လုပ်ငန်းများ

၁။ အီးအိုင်တီအိုင်ဘုတ်အဖွဲ့သည် အချိန်အားလုံး၌ အီးအိုင်တီအိုင်အသင်း၏ အကျိုးစီးပွား အကောင်းဆုံးရရှိစေရေးအတွက် ဆောင်ရွက်ရမည်။ အီးအိုင်တီအိုင် အဖွဲ့သည် အောက်ဖော်ပြပါ အဓိကလုပ်ငန်းများအပါအဝင် အီးအိုင်တီအိုင် အဖွဲ့ဝင်များ

အစည်းအဝေး၏ ဆုံးဖြတ်ချက်များမှ ခွင့်ပြုထားသည့် အီးအိုင်တီအိုင် အသင်း၏ အမှုဆောင် စွမ်းပကားများကို အသုံးချရပါမည်။

၁။ အီးအိုင်တီအိုင် အသင်းအား အကျိုးသက်ရောက်မှု ရှိသည့် အထွေထွေနှင့် အရေးပါသည့် မူဝါဒရေးရာ ကိစ္စရပ်များ သုံးသပ်စဉ်းစားခြင်း

၂။ အီးအိုင်တီအိုင် အသင်း၏ ရှေ့လုပ်ငန်းအစီအစဉ်များနှင့် ဘက်ဂျက်တို့ပေါ်တွင် သဘောတူညီခြင်း

၃။ အီးအိုင်တီအိုင် ညီလာခံများနှင့် အီးအိုင်တီအိုင် အဖွဲ့ဝင်များ အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်မှု အစီအစဉ်များကို သဘောတူညီခြင်း

၄။ လုပ်ငန်းရပ်အစီရင်ခံစာနှင့် လုပ်ငန်းရပ် စီမံကိန်း (အစီအစဉ်)တို့ကို (အီးအိုင်တီအိုင် ဥက္ကဋ္ဌမှ တစ်ဆင့်) အီးအိုင်တီအိုင် ညီလာခံသို့တင်ပြခြင်းနှင့် အီးအိုင်တီအိုင် အစည်းအဝေးမှ ယင်းအတွက် အတည်ပြုချက်ကို ရယူခြင်း။

၅။ ပြီးခဲ့သော သာမန် အီးအိုင်တီအိုင် အဖွဲ့ဝင်များ အစည်းအဝေးမှ စတင်သော စာရင်းကာလအတွက် နှစ်ပါတ်လည် စာရင်းများနှင့်စာရင်းစစ်ဆေးချက် အစီရင်ခံစာများကို (အီးအိုင်တီအိုင် ဥက္ကဋ္ဌမှ တစ်ဆင့်) တင်ပြခြင်း။

၆။ အီးအိုင်တီအိုင် အတွင်းရေးမှူး ရုံးအကြီးအကဲနှင့် ထိတွေ့ဆက်ဆံခြင်း

၇။ အီးအိုင်တီအိုင် အတွင်းရေးမှူးရုံး၏ အလုပ်များကို (အီးအိုင်တီအိုင် ဥက္ကဋ္ဌ မှ တစ်ဆင့် ) ကြည့်ရှုကြီးကြပ်ခြင်း နှင့်ညွှန်ကြားခြင်း

၈။ အီးအိုင်တီအိုင်အသင်း၏ သုံးပွင့်ဆိုင် ညွှန့်ပေါင်း သဘောသဘာဝကို သေချာစွာ ထိန်းသိမ်းခြင်းနှင့် အသင်း၏ ကော်မတီများ အပါအဝင် အီးအိုင်တီအိုင်အသင်း၏ အဆင့်အားလုံးတွင် အပြည့်အဝ ထင်ဟပ်မှုရှိစေခြင်း။

၉။ တိုင်ကြားခြင်း၊ သဘောမတူမှုများကို ဖြေရှင်းခြင်း၊ နိုင်ငံတစ်နိုင်ငံအား စာရင်းမှ ပယ်ဖျက်ခြင်း နှင့် ပတ်သက်၍ အငြင်းပွားခြင်း နှင့် အသနားခံခြင်း (အယူခံခြင်း) အပါအဝင် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း။

၁၀။ နိုင်ငံ၏လုပ်ငန်း စီမံကိန်း (အစီအစဉ်)များ နှင့် ကုမ္ပဏီ၏ လုပ်ငန်းစီမံကိန်း (အစီအစဉ်) တွင် ပါဝင်သည့် အကြောင်းအရာများ တိုက်ဆိုင်စစ်ဆေးမှု လုပ်ငန်းစဉ် ရန်ပုံငွေ စီမံခန့်ခွဲမှု၊ လုပ်ငန်းစီမံချက်များအတွက် ငွေပေးချေမှုများ ကုန်ပစ္စည်းများ နှင့် ဝန်ဆောင်မှုများ စာရင်းစစ်ဆေးခြင်းနှင့် အစီရင်ခံစာ တင်ပြခြင်းနှင့် လုပ်ငန်းစီမံချက်များ အတည်ပြုခြင်း အပါအဝင် အီးအိုင်တီအိုင် အသင်း၏စီမံခန့်ခွဲမှု နှင့် လုပ်ငန်းများ လုပ်ဆောင်မှုအတွက် အလွန်အသေးစိတ် လုပ်ထုံးလုပ်နည်းများ နှင့် စည်းမျဉ်းများကို အသုံးချခြင်း

၁၁။ သာမန် အီးအိုင်တီအိုင် အဖွဲ့ဝင်များ အစည်းအဝေးတစ်ခု ကျင်းပချိန် မတိုင်မီ ကြိုတင်၍ အီးအိုင်တီအိုင် ဥက္ကဋ္ဌ နေရာတွင် ဥက္ကဋ္ဌလောင်း တစ်ဦးကို ထောက်ခံအကြံပြုခြင်း။

၁၂။ ကျင့်ဝတ်စည်းကမ်းတစ်ရပ်ကို ချမှတ်ကျင့်သုံးခြင်း

## အပိုဒ် ၁၃ အီးအိုင်တီအိုင် ဘုတ်အဖွဲ့၏ ကော်မတီများ

၁။ အရေးပါသော ကိစ္စရေးရာများကို ဖြေရှင်းရန် အီးအိုင်တီအိုင် ဘုတ်အဖွဲ့က ကော်မတီများကို ဖန်တီးဖွဲ့စည်းနိုင်သည်။ မည်သည့် အဆိုပါ ကော်မတီမဆို တွင် ဘုတ်အဖွဲ့အဖွဲ့ဝင် သို့မဟုတ် ၎င်းတို့၏ အရန်အဖွဲ့ဝင် နှစ်ဦး (သို့မဟုတ်) ပို၍ ပါဝင်သင့်ပြီး ပါဝင်ဖွဲ့စည်းမှုသည် အီးအိုင်တီအိုင် အသင်း၏ သုံးပွင့်ဆိုင် ညွှန့်ပေါင်း သဘောသဘာဝကို ထင်ဟပ်၍ မျှမျှတတ ပါဝင်စေသင့် ပါသည်။ ယင်းမည်သည့် ကော်မတီ မဆို လုပ်ကိုင်မည့် သက်တမ်းကို အစည်းအဝေး မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်ထားသင့်ပါသည်။

## အပိုဒ် ၁၄ အီးအိုင်တီအိုင် ဘုတ်အဖွဲ့ လုပ်ငန်းလုပ်ဆောင်မှုများနှင့် မှတ်တမ်းများ

၁။ အီးအိုင်တီအိုင် ဘုတ်အဖွဲ့သည် တစ်နှစ်လျင် အနည်းဆုံး နှစ်ကြိမ် စည်းဝေး တွေ့ဆုံရမည်။ အကယ်၍ အခြေအနေများက

# မာတိကာ


**အမှာစကား** ၈

**နိဒါန်း** ၉

**အပိုင်း ၁ ၊ အီးအိုင်တီအိုင် စံနှုန်းအကောင်အထည်ဖော်ခြင်း** ၁၁

**၁။ အီးအိုင်တီအိုင် အခြေခံမူများ** ၁၁

**၂။ အီးအိုင်တီအိုင် အဖွဲ့ဝင်လောင်းဖြစ်ရန်လျှောက်ထားခြင်း** ၁၃

**၃။ အီးအိုင်တီအိုင် အကောင်အထည်ဖော်မည့်နိုင်ငံများအတွက် လိုအပ်ချက်များ** ၁၅

၁။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ပေါင်းစည်းကြီးကြပ်ထိန်းသိမ်းမှု ၁၆

၂။ စာချုပ်များနှင့် လိုင်စင်များ ခွဲဝေချထားခြင်းပါဝင်သော ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင် ၂၁

၃။ စူးစမ်းရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်း ၂၇

၄။ အခွန်အကောက် ကောက်ခံမှု ၂၇

၅။ အခွန်အကောက်ရငွေ ခွဲဝေသတ်မှတ်ခြင်း ၃၂

၆။ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင် သုံးစွဲမှု ၃၃

၇။ အကျိုးကျေးဇူးများနှင့် အကျိုးသက်ရောက်မှုများ ၃၅

**၈။ အကောင်အထည်ဖော်သည့်နိုင်ငံများအတွက် လိုက်နာမှုနှင့် အလုပ်ပြီးစီးရမည့်အချိန်များ** ၃၉

၈.၁။ လိုက်လျောညီထွေ အကောင်အထည်ဖော်ခြင်း ၃၉

၈.၂။ အီးအိုင်တီအိုင် အစီရင်ခံစာတင်ပြရမည့် အချိန်များ ၃၉

၈.၃။ အီးအိုင်တီအိုင်လုပ်ငန်းစဉ် ပြန်လည်ဆန်းစစ်အတည်ပြုခြင်း လုပ်ငန်းပြီးစီးရမည့်အချိန်နှင့် အကျိုးဆက်များ ၃၉

၈.၄။ နှစ်ပတ်လည်တိုးတက်မှု အစီရင်ခံစာ တင်ပြရမည့်အချိန်များ ၄၄

၈.၅။ သက်တမ်းတိုးပေးခြင်း ၄၄

၈.၆။ ဆိုင်းငံ့ခြင်း ၄၅

၈.၇။ စာရင်းမှ ပယ်ဖျက်ခြင်း ၄၆

၈.၈။ အသနားခံခြင်း ၄၆

**၄။ ပြန်လည်ဆန်းစစ်အတည်ပြုခြင်းအား ခြုံငုံသုံးသပ်ချက်** ၄၉

**၅။ ဆက်ဆံပြုမူမှုစည်းကမ်း – အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရေး** ၅၃

**၆။ ပွင့်လင်းသော အချက်အလက်မူဝါဒ** ၅၉

**အပိုင်း ၂ ။ စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု** ၆၁

**၇။ သင်းဖွဲ့စည်းမျဉ်း** ၆၃

**၈။ အီးအိုင်တီအိုင် ပွင့်လင်းမှု မူဝါဒ** ၇၃

**၉။ အီးအိုင်တီအိုင်အစုအဖွဲ့ဆိုင်ရာ လမ်းညွှန်ချက်များ** ၇၅

**၁၀။ အီးအိုင်တီအိုင် အဖွဲ့အစည်း၏ ကျင့်ဝတ်စည်းကမ်း** ၇၆

လိုအပ်သည်ဟု ဆိုလျှင် အီးအိုင်တီအိုင် ဘုတ်အဖွဲ့အစည်းအဝေးများကို တယ်လီကွန်ဖရင့်ဖြင့် ပြုလုပ်နိုင်သည်။ အီးအိုင်တီအိုင် ဘုတ်အဖွဲ့အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် လူပုဂ္ဂိုလ်များ တွေ့ဆုံစည်းဝေးရမည်။

၂။ အီးအိုင်တီအိုင် ဘုတ်အဖွဲ့ အစည်းအဝေးတစ်ရပ်ကို အီးအိုင်တီအိုင် ဥက္ကဋ္ဌထံမှ အနည်းဆုံး (၁၄)ရက် ကြိုတင်၍ အရေးအသားဖြင့် ကြိုတင်အသိပေးအကြောင်းကြားချက်ဖြင့် ကျင်းပပြုလုပ်ရမည်။ မည်သည့် အချိန်ကို အသိပေးအကြောင်းကြားချက်ဖြင့် ကျင်းပပြုလုပ်ရမည်။ မည်သည့်အချိန်ကို အသိပေးသည့်ကာလအတွက်မဆို၊ ဘုတ်အဖွဲ့ အဖွဲ့ဝင်အားလုံး၏ ဖိတ်စာဖြင့် သဘောတူညီ ချက်ကို လိုအပ်ပါသည်။

၃။ ဘုတ်အဖွဲ့ဝင် အားလုံးက ဆုံးဖြတ်ချက်များကို အများသဘောတူ ချမှတ်နိုင်ရန် ကြိုးပမ်းအားထုတ်မှုတိုင်းကို ပြုလုပ်ရမည် ။ ဘုတ်အဖွဲ့ဝင်များ၏ အမြင်ကို ထည့်သွင်းစဉ်းစားပြီး အီးအိုင်တီအိုင် ဥက္ကဋ္ဌသည် မဲခွဲဆုံးဖြတ်ရန် လိုအပ်သည်ဟု ဆုံးဖြတ်နိုင်သည်။ အီးအိုင်တီအိုင် ဘုတ်အဖွဲ့ အဖွဲ့ဝင်တိုင်းတွင် မဲတစ်မဲ ပေးပိုင်ခွင့်ရှိသည်။ မဲထည့်ခြင်းကို အရေးအသားဖြင့် ကိုယ်စားလှယ်လွှဲစာဖြင့် ပြုလုပ်နိုင်သည်။

၄။ ဆုံးဖြတ်ချက်ချမှတ်ရမည့်အချိန်၌ အထမြောက်ရန် သတ်မှတ်သည့် ဦးရေ မပြည့်မီလျှင်၊ ဘုတ်အဖွဲ့အစည်းအဝေးမှ ဆုံးဖြတ်ချက်များ ကို ချမှတ်နိုင်မည် မဟုတ်ပေ ။ အနည်းဆုံး ဘုတ်အဖွဲ့ အဖွဲ့ဝင် ဦးရေ၏ သုံးပုံနှစ်ပုံ၊ ယင်းတွင် အနည်းဆုံး နိုင်ငံများ ကိုယ်စားပြု နယ်ပယ် (အကောင်အထည်ဖော်သည့် နိုင်ငံတစ်နိုင်ငံနှင့် ထောက်ပံ့ကူညီသည့် နိုင်ငံတစ်နိုင်ငံ) မှ ဘုတ်အဖွဲ့ဝင် နှစ်ဦး အရပ်ဖက် လူမှုအဖွဲ့အစည်း ကိုယ်စားပြုနယ်ပယ်မှ ဘုတ်အဖွဲ့ဝင် တစ်ဦးနှင့် ကုမ္ပဏီ ကိုယ်စားပြု နယ်ပယ်မှ ဘုတ်အဖွဲ့ဝင် တစ်ဦး တို့ဖြင့် အထမြောက်ရန် သတ်မှတ်သည့် ဦးရေကို သတ်မှတ်ပါသည်။

၅။ မဲခွဲရန် လိုအပ်လျှင်၊ ဆုံးဖြတ်ချက်ကို ထောက်ခံသည့် အရည်အချင်းပြည့်မီသော မဲ ၁၃ မဲဖြင့်သာ ဆုံးဖြတ်ချက်များကို ချမှတ်ရမည်ဖြစ်ပြီး အကောင်အထည်ဖော်သည့် နိုင်ငံများ၏ ကိုယ်စားပြုနယ်ပယ်ခွဲမှ သုံးပုံတစ်ပုံ အပါအဝင် ကိုယ်စားပြုနယ်ပယ် တစ်ခုစီမှ ဘုတ်အဖွဲ့ဝင်များ၏ အနည်းဆုံး သုံးပုံတစ်ပုံ၏ ထောက်ခံမှု ပါဝင်ရပါမည်။

၆။ ဘုတ်အဖွဲ့အဖွဲ့ဝင် တစ်ဦးသည် သူ သို့မဟုတ် သူမအတွက် တိုက်ရိုက်နှင့် ပုဂ္ဂိုလ်ရေးအရ အကျိုးစီးပွားဖြစ်စေမည့် မည်သည့် အရေးကိစ္စ (သို့) ပြင်ဆင်စီစဉ်မှု အတွက်မဆို မဲမပေးရ သို့မဟုတ် သူ သို့မဟုတ် သူမ၏ ဘက်မလိုက်မှုကို ထိခိုက်စေနိုင်မည့် မည်သို့အထူးအခြေအနေများတွင် မဆိုမဲမပေးရ။ သူ (သို့မဟုတ်) သူမသည် ယင်းကဲ့သို့အကျိုးစီးပွားရှိကြောင်း သိရှိပြီးနောက် အီးအိုင်တီအိုင် ဘုတ်အဖွဲ့သို့ စောနိုင်သမျှ စောစွာ ယင်းအကျိုးစီးပွားကို ကြေညာရမည်။ ဘုတ်အဖွဲ့ဝင် တစ်ဦးအနေဖြင့် မဲပေးရန် အရည်အချင်း မပြည့်မီသည့် အရေးကိစ္စ တစ်ခုအတွက်  မည်သည့်ဆုံးဖြတ်ချက်မဆို ချမှတ်သည့်အခါ ထိုဘုတ်အဖွဲ့ အဖွဲ့ဝင်ကို ဆုံးဖြတ်ချက် အထမြောက် ရန် တက်ရောက်သည့် ဦးရေ သတ်မှတ်ချက်တွင် ထည့်သွင်း မရေတွက်ရ၊ ထိုကိစ္စရပ်ပေါ်တွင် ဘုတ်အဖွဲ့ အဖွဲ့ဝင်၏ အရန် အဖွဲ့ဝင်၏ မဲပေးခြင်း အား မတားဆီးရပါ။

၇။ အီးအိုင်တီအိုင်ဘုတ်အဖွဲ့သည် ဘုတ်အဖွဲ့အစည်းအဝေးများ ပြင်ပတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ် နှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်နိုင်သည်။ ယင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ဘုတ်အဖွဲ့အစည်းအဝေး ပြင်ပတွင် ချမှတ်ခဲ့သော မည်သည့် ဆုံးဖြတ်ချက်ကို မဆို ယင်းဆုံးဖြတ်ချက်ချမှတ်ပြီးနောက်တွင် ကျင်းပမည့် ဘုတ်အဖွဲ့အစည်း မှတ်တမ်းတွင် မှတ်တမ်းတင်ထားသည်။

၈။ အီးအိုင်တီအိုင် အသင်းသည် ပြင်ပအနေအားဖြင့် ဘုတ်အဖွဲ့ အဖွဲ့ဝင်အားလုံး၏ ပူးတွဲ လက်မှတ်ရေးထိုးခြင်း၊ ကတိကဝတ်ပြု နိုင်ပါသည်။ အီးအိုင်တီအိုင် ဘုတ်အဖွဲ့သည် လက်မှတ်ရေးထိုး ပိုင်ခွင့်ကို ဆောင်ရွက်နိုင်ရန် အီးအိုင်တီအိုင် ဘုတ်အဖွဲ့က ဥက္ကဋ္ဌ တစ်ဦးတည်း (သို့) ဘုတ်အဖွဲ့ အဖွဲ့ဝင် နှစ်ဦး (သို့) အချို့ကို ရွေးချယ်နိုင်ပြီး ၎င်းတို့အနက်မှ မည်သည့် ပုဂ္ဂိုလ်နှစ်ဦးကမဆို ပူးတွဲ လက်မှတ် ရေးထိုးနိုင်ပါသည်။

## အပိုဒ် ၁၅ အီးအိုင်တီအိုင် အတွင်းရေးမှူးရုံး

၁။ အီးအိုင်တီအိုင် အတွင်းရေးမှူးရုံး (အတွင်းရေးမှူးရုံး) တွင် အတွင်းရေးမှူးရုံး အကြီးအကဲနှင့် အခြားလိုအပ်သော ဝန်ထမ်း

များ ပါဝင်ပါသည်။ အီးအိုင်တီအိုင် အတွင်းရေးမှူးရုံးအဖွဲ့ဝင်များ တွင် ကန်ထရိုက်စာချုပ်ဖြင့် တိုက်ရိုက်လုပ်ကိုင်သူများ ရှိသကဲ့သို့အီးအိုင်တီအိုင် အဖွဲ့ဝင်များမှ ယာယီတာဝန် ထမ်းဆောင်သူများလည်း ရှိပါသည်။

၂။ အတွင်းရေးမှူးရုံးသည် အီးအိုင်တီအိုင် အသင်း၏ နေ့စဉ် (နိစ္စဓူဝ) လုပ်ငန်းများကို အီးအိုင်တီအိုင် ဘုတ်အဖွဲ့၏ ညွှန်ကြားမှု အောက်တွင် ဥက္ကဋ္ဌမှ တစ်ဆင့် ဆောင်ရွက်ရန် တာဝန်ယူရပါမည်။

၃။ အချိန်နှင့်တပြေးညီ ပြုစုထားသော အဖွဲ့ဝင် မှတ်ပုံတင်စာအုပ်ကို အချိန်ကာလတစ်လျှောက် အတွင်းရေးမှူးရုံးက ထိန်းသိမ်းထား ရမည်။

၄။ အတွင်းရေးမှူးရုံးသည် အီးအိုင်တီအိုင်အသင်း၏ သင်းဖွဲ့စည်းမျဉ်းနှင့် မည်သည့်ပြင်ဆင်ချက်ကိုမဆို ထိန်းသိမ်းထားရမည်။

၅။ အတွင်းရေးမှူးရုံးသည် အီးအိုင်တီအိုင် ဘုတ်အဖွဲ့အစည်းအဝေးများ၊ အဖွဲ့ဝင်များ၏ အစည်းအဝေးများနှင့် အီးအိုင်တီအိုင် ညီလာခံ၏ အစည်းအဝေးများ အားလုံး၏ မှတ်တမ်းများကို အစည်းအဝေးမှတ်တမ်း စာအုပ်တစ်အုပ်တွင် ထိန်းသိမ်းထား ရမည်။ ယင်းအစည်းအဝေး မှတ်တမ်းအားလုံးကို အီးအိုင်တီအိုင် ဝက်ဘ်ဆိုဒ်တွင် ထုတ်ပြန်ဖော်ပြရပါမည်။ ယင်းအစည်း အဝေး မှတ်တမ်းမားတွင် အစည်းအဝေး တက်ရောက်သူများ၏ အမည်များ၊ အစည်းအဝေးများ၌ ချမှတ်ခဲ့သော ဆုံးဖြတ် ချက်များ ဆီလျော်သင့်မြတ်သော နေရာတွင် ဆုံးဖြတ်ချက်များအတွက် အကြောင်းပြချက်များကို မှတ်တမ်းတင်ရပါမည်။

## အပိုဒ် ၁၆ အီးအိုင်တီအိုင် အတွင်းရေးမှူးရုံး၏ အကြီးအကဲ

၁။ အတွင်းရေးမှူးရုံးကို အချိန်ပြည့် အတွင်းရေးမှူးရုံး အကြီးအကဲတစ်ဦးက ဦးဆောင်ရမည်ဖြစ်ပြီး ၎င်းက လိုအပ်သော ဝန်ထမ်းရွေးချယ် ခြင်း ၊ အီးအိုင်တီအိုင် အသင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် အီးအိုင်တီအိုင် ဘုတ် အဖွဲ့ကို အထောက်အကူ ဖြည့်ဆည်းခြင်းတို့ အပါအဝင်၊ အီးအိုင်တီအိုင် အသင်း၏ နေ့စဉ် (နိစ္စဓူဝ) လုပ်ငန်းလှုပ်ရှားလုပ် ကိုင် မှုကို စီမံခန့်ခွဲပါလိမ့် မည်။ အတွင်းရေးမှူးရုံး အကြီးအကဲသည် ဥက္ကဋ္ဌ မှတစ်ဆင့် အီးအိုင်တီအိုင် ဘုတ်အဖွဲ့သို့အစီရင်ခံ တင်ပြရမည် ဖြစ်ပြီး အတွင်းရေးမှူးရုံး၏ လုပ်ငန်းရပ်များကို တာဝန်ယူရပါမည်။

၂။ အတွင်းရေးမှူးရုံးအကြီးအကဲ သို့မဟုတ် ၎င်းတာဝန်ပေးသော အတွင်းရေးမှူးရုံးမှ ၎င်းဝန်ထမ်းက အီးအိုင်တီအိုင် ဘုတ်အဖွဲ့ အစည်းအဝေးများ၊ အီးအိုင်တီအိုင် အဖွဲ့ဝင်များ အစည်းအဝေးများနှင့် အီးအိုင်တီအိုင် ညီလာခံများအားလုံးတွင် အတွင်းရေးမှူးအဖြစ် ဖြည့်ဆည်းရပါမည်။

## အပိုဒ် ၁၇ ဘဏ္ဍာငွေရရှိခြင်း

၁။ အီးအိုင်တီအိုင် အသင်းသည် အမြတ်အတွက် မဟုတ်သောအသင်းအဖွဲ့ တစ်ခုဖြစ်ပါသည်။ ယင်း၏ ရန်ပုံငွေများတွင် အီးအိုင်တီအိုင် အဖွဲ့ဝင်များ၏ ထည့်ဝင်ငွေများ၊ အဖွဲ့လိုက် နှင့် အဖွဲ့ စုံအလှူရှင်များ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး အဖွဲ့အစည်းများ နှင့် အခြား အေဂျင်စီများ အဖွဲ့အစည်းများနှင့် လုပ်ငန်းများ မှ ထောက်ပံ့ငွေများ ပါဝင်ပါသည်။

၂။ အီးအိုင်တီအိုင် အသင်းသည် ငွေသားမဟုတ်သော ပစ္စည်းများ ဆန္ဒအလျောက် ထည့်ဝင်မှု တစ်ဆင့်လည်း လုပ်ငန်း လုပ် ဆောင် နိုင်ပါသည်။

## အပိုဒ် ၁၈ အီးအိုင်တီအိုင် စာရင်းများ၊ ရန်ပုံငွေ စီမံခန့်ခွဲမှု နှင့် ပေးချေမှုများ

၁။ အီးအိုင်တီအိုင် အသင်းသည် မိမိ၏ အီးအိုင်တီအိုင် အပြည်ပြည်ဆိုင်ရာ စီမံခန့်ခွဲမှု စာရင်း "အမည်ဖြင့် သီးခြား ဘဏ်စာရင်း တစ်ခုကို ဖွင့်လှစ် ပါသည်။ အီးအိုင်တီအိုင် အပြည်ပြည်ဆိုင်ရာ စီမံခန့်ခွဲမှု စာရင်းကို အီးအိုင်တီအိုင် အသင်း၏ ရည်မှန်းချက် များနှင့် အီးအိုင်တီအိုင် ဘုတ်အဖွဲ့က အတည်ပြုခဲ့သော် လုပ်ငန်းအစီအစဉ်အတွင်း ကျရောက်သော မည်သည့် လုပ်ငန်း ရပ်အတွက် မဆို အသုံးပြုနိုင်ပါသည်။ ရန်ပုံငွေ များကို စီမံရေးရာ နှင့် စီမံအုပ်ချုပ်မှုစရိတ်များ၊ နိုင်ငံအလိုက်အရေးပါသော လုပ်ငန်းရပ်များနှင့် နိုင်ငံစုံ လုပ်ငန်းရပ်များအတွက် အသုံးချနိုင်ပါသည်။

၂။ အီးအိုင်တီအိုင် ဘုတ်အဖွဲ့သည် အီးအိုင်တီအိုင် အပြည်ပြည်ဆိုင်ရာ စီမံခန့်ခွဲမှု စာရင်းကို နှစ်စဉ် စစ်ဆေးရန် နှင့် အီးအိုင်

တီအိုင် ဘုတ်အဖွဲ့သို့ စာဖြင့် စာရင်းစစ် အစီရင်ခံစာတစ်စောင်ကို တင်ပြရန် လွတ်လပ်သော ပြင်ပ စာရင်းစစ်တစ်ဦးကို ခန့်အပ်ရမည်။

အီးအိုင်တီအိုင် ဘုတ်အဖွဲ့သည် အီးအိုင်တီအိုင် အပြည်ပြည်ဆိုင်ရာ စီမံခန့်ခွဲမှု စာရင်းနှင့် ပတ်သက်၍ အစီရင်ခံခြင်းနှင့် စာရင်းစစ် ဆေးခြင်း ပြင်ဆင်စီစဉ်မှုများကို ဖော်ထုတ်သတ်မှတ်ရမည် ဖြစ်ပြီး၊ ယင်းသည် အီးအိုင်တီအိုင် အသင်း၏ ဖြည့်စွက် လုပ်ငန်း လုပ်ဆောင်မှု စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းသတ်မှတ်ရပါမည်။

## အပိုဒ် ၁၉ ဖြည့်စွက်ပြင်ဆင်ချက်များ

၁။ ဤအသင်းအဖွဲ့စည်းမျဉ်းများကို အပိုဒ် (၇) နှင့် အညီ ပြုလုပ်ကျင်းပသော အီးအိုင်တီအိုင် အဖွဲ့ဝင်များ အစည်းအဝေးတွင် အစေည်းအဝေး တက်ရောက်သူဦးရေ အနည်းဆုံး သုံးပုံနှစ်ပုံ၏ အတည်ပြုချက်ဖြင့် ဖြည့်စွက် ပြင်ဆင်နိုင်ပါသည်။ ဖြည့်စွက်ပြင်ဆင်မှုတစ်ခုအတွက် အဆိုပြုချက်ကို အီးအိုင်တီအိုင် အဖွဲ့ဝင်များထံ အကြောင်းကြားစာဖြင့် သက်ဆိုင်ရာ ဆုံးဖြတ်ချက် ချမည့်နေ့ထက် ရက်သတ္တပတ် (၄)ပါတ် ကြိုတင်ဆက်သွယ်ပေးပို့ရမည်။

## အပိုဒ် ၂၀ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း

၁။ အီးအိုင်တီအိုင် အသင်း၏ စီမံအုပ်ချုပ်မှု ပြင်ဆင်စီစဉ်မှုပေါ်တွင် ပြန်လည် ဆန်းစစ်သုံးသပ်ခြင်းကို အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အသင်း၏ သက်တမ်းနှစ်နှစ်အတွင်း ဆောင်ရွက်သင့်ပါသည်။

## အပိုဒ် ၂၁ ရုပ်သိမ်းခြင်း နှင့် ဖျက်သိမ်းခြင်း

၁။ မည်သည့်အချိန်မဆို မည်သည့်အဖွဲ့ဝင်မဆို အီးအိုင်တီအိုင်မှ ရုပ်သိမ်းနိုင်သည်။ ယင်းရုပ်သိမ်းမှုသည် အတွင်းရေးမှူး ရုံးအကြီးအကဲ မှ စာဖြင့် ရုပ်သိမ်းကြောင်း အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိပါသည်။
အပိုဒ် (၈) ပါ သတ်မှတ်ချက်များနှင့်အညီ အဖွဲ့ဝင်များ၏ အစည်းအဝေးမှ အီးအိုင်တီအိုင် အသင်းအား ဖျက်သိမ်းနိုင်သည်။

၂။ သက်ဆိုင်သည့် ဆုံးဖြတ်ချက်ချမည့်နေ့ မတိုင်မီ ရက်သတ္တလေးပတ် ကြိုတင်၍ ဖျက်သိမ်းရန် အဆိုပြုလွှာကို စာဖြင့် အီးအိုင်တီအိုင် အဖွဲ့ဝင်များထံ ဆက်သွယ်အကြောင်းကြား ရမည်။
ဖျက်သိမ်းသည့်အရေးကိစ္စတွင် အီးအိုင်တီအိုင် အသင်း၏ အရင်းနှီးပစ္စည်းရပိုင်ခွင့်များကို အီးအိုင်တီအိုင် အသင်း၏

၃။ အလားတူ ရည်မှန်းချက်များအတွက် အသုံးချရမည်ဖြစ်ပြီး၊ အီးအိုင်တီအိုင် အဖွဲ့ဝင်များ အစည်းအဝေးတွင် အတည်ပြုအချက်ဖြင့် အီးအိုင်တီအိုင် ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း အသုံးချရမည်။

## အပိုဒ် ၂၂ အစပြုအသက်ဝင်စေခြင်း

ဤအသင်းအဖွဲ့စည်းမျဉ်းသည် အီးအိုင်တီအိုင် အသင်းစတင်ဖွဲ့စည်းဖြစ်ပေါ်သည့်အချိန်တွင် အစပြုအသက်ဝင်စေရမည်။

၁။ နောက်ဆက်တွဲက အီးအိုင်တီအိုင် အခြေခံမူများ
ဤပုံနှိပ်ထုတ်ဝေမှုတွင် အပိုဒ် (၁)တွင် ဖော်ပြပါအတိုင်း
နောက်ဆက်တွဲ (ခ) အီးအိုင်တီအိုင် အမည်နှင့် ကိုယ်ပိုင် အမှတ် တံဆိပ် အီးအိုင်တီအိုင်၏ကိုယ်ပိုင်ပစ္စည်းဖြစ်ပါသည်။ ယေဘုယျစည်းမျဉ်းတစ်ရပ်အနေဖြင့် အီးအိုင်တီအိုင်၏အမည် အီးအိုင်တီအိုင် သို့မဟုတ် တွင်းထွက်သယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးတွဲဖက်ထုတ်ကုန်များ(သို့)ဘာသာပြန်ဆိုချက်များနှင့်ကိုယ်ပိုင်အမှတ်တံဆိပ်(သို့မဟုတ်)ဒေသသုံး ဆင့်ပွား ဝေါဟာရများ အသုံးပြုမှုကို **http://www.eiti.org/about/logopolicy** တွင် သတ်မှတ်ထားသော ကန့်သက်ချက်များအောက်တွင် အားပေးခွင့်ပြုပါ သည်။

၁။ **အောက်တွင်တနည်းအားဖြင့် ဖြည့်ဆည်းဖော်ပြထားသည့် အတိုင်းကလွဲ၍ အီးအိုင်တီအိုင် စာရွက်စာတမ်းများသည် အများပြည်သူ အတွက်ဖြစ်ပါသည်။**

၂။ သတင်းအချက်အလက်များ နှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်၏ အကျိုးစီးပွားတွင် **ယှဉ်ပြိုင်မှုအကြောင်းပြချက်** အတွက် ထိန်းသိမ်းထား၊ လျှို့ဝှက်ထားရန် အရေးပါသော လုပ်ငန်းလုပ်ဆောင်မှုနှင့် သို့မဟုတ် စီးပွားရေး ကိစ္စရပ်များနှင့် ပတ်သက်သည့် မည်သည့်အရေးကိစ္စမဆို အီးအိုင်တီအိုင်သို့ ထုတ်ဖော်တင်ပြသော စာရွက်စာတမ်းများကို လက်လှမ်းမီရရှိခြင်းမှ ကင်းလွတ်သည်။ ဥပမာ - အကယ်၍ ထုတ်ဖော် တင်ပြမှုသည် အငြင်းပွားဖွယ်ကုမ္ပဏီ၏ ယှဉ်ပြိုင်မှု အခြေအနေကို သက်ရောက်ဖွယ်ရှိသည့် အလားအလာရှိလျှင် စီးပွားရေး လျှို့ဝှက်ချက် တစ်ခုကို သာမန်အားဖြင့် ကင်းလွတ်ခွင့်ရှိပါမည်။

၃။ အကယ်၍ တတိယပါတီ (အဖွဲ့)၏ ဥပဒေအရ အကျိုးစီးပွားများကို သက်ရောက်ဖွယ်ရှိလျှင် တတိယပါတီ (အဖွဲ့)ဝင်မှ ရရှိသော သတင်းအချက်အလက်များ ဖော်ထုတ်သည့် စာရွက်စာတမ်းများသည် လက်လှမ်းမီ ရရှိခြင်းမှ ကင်းလွတ်ခွင့်ရှိ သည်။ ဥပမာ အကယ်၍ တတိယ ပါတီ (အဖွဲ့) နှင့် သို့မဟုတ် ၎င်း၏ မိသားစု နှင့် သို့မဟုတ် အငြင်းပွားဖွယ် တတိယပါတီ(အဖွဲ့) နီးကပ်စွာ ဆက်စပ်မှုရှိသော မည်သည့် ပုဂ္ဂိုလ်မဆို ပုဂ္ဂိုလ်ရေး လုံခြုံမှုကို ထိခိုက်နိုင်သည့် စာရွက်စာတမ်းများအား လက်လှမ်းမီရရှိခွင့်ပြုမည်မဟုတ်ပါ။

၄။ အီးအိုင်တီအိုင် အသင်းတွင် **လုပ်ငန်းဆောင်ရွက်မှု စာရွက်စာတမ်းအား**၊ လက်လှမ်းမီရရှိခြင်းမှ ကင်းလွတ်ခွင့်ရှိသည် ။ ဥပမာ အီးအိုင်တီအိုင် ဘုတ်အဖွဲ့နှင့် ၎င်း၏ ကော်မတီများသို့ အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး မှ ပေးပို့သော စာရွက်စာတမ်းများသည် အသင်းတွင် စာရွက်စာတမ်းများဟု သာမန်အားဖြင့် သတ်မှတ်ထားသဖြင့် ယင်းတို့သည် ကင်းလွတ်ခွင့်ရှိသည်။ အီးအိုင်တီအိုင် ဘုတ်အဖွဲ့သို့ တင်ပြရန် အရေးကိစ္စတစ်ခုကို ပြင်ဆင်နေသည့် အခါတွင် အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံးက ပြင်ပ ရင်းမြစ် တစ်ခုမှ ခွဲခြမ်း စိတ်ဖြာမှု တစ်ခု (သို့) အစီရင်ခံစာ တစ်စောင် မဟုတ် အလားတူတစ်ခုကို ပြုစုရေးသားခြင်း သို့မဟုတ် တာဝန်ပေးခြင်း ပြုလုပ်ရာ၌ ဤကင်းလွတ်ခွင့်ကို အသုံးချပါသည်။ ဆန့်ကျင်ဘက်အားဖြင့် အီးအိုင်တီအိုင် ဘုတ်အဖွဲ့ အစည်းအဝေးများ ကော်မတီများနှင့် လုပ်ငန်း အဖွဲ့အစည်းအဝေးများ၏ အပြီးသတ်အစည်းအဝေး မှတ်တမ်းများသည် အသင်းတွင် စာရွက်စာတမ်းများ မဟုတ်ပါ။ အီးအိုင်တီအိုင် လုပ်ဖော်ကိုင်ဖက်များ အကြား ပေးပို့သော အီးမေးလ်များကို သာမာန်အားဖြင့် အသင်းတွင် လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများဟု သတ်မှတ်ပါသည်။

၅။ အီးအိုင်တီအိုင် ဝန်ထမ်းများနှင့် ဆက်နွယ်သော **ပုဂ္ဂိုလ်ရေးဆိုင်ရာ** သတင်းအချက်အလက်များကို လက်လှမ်းမီရရှိခြင်းမှ ကင်းလွတ်ခွင့်ရှိ သည်။ ဥပမာ - ဝန်ထမ်းစုဆောင်းခြင်းနှင့် ထုတ်ပယ်ခြင်းနှင့် ဆက်စပ်သည့် အကဲဖြတ် ဆန်းစစ်မှုဆိုင်ရာ စာရွက်စာတမ်းများ နှင့် သို့မဟုတ် ဝန်ထမ်းလုပ်ကိုင် ဆောင်ရွက်မှုအပေါ် အကဲဖြတ် စိစစ်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ နှင့် သို့မဟုတ် ဥပမာ ဝန်ထမ်းအဖွဲ့ဝင်များ ၏ ကျန်းမာရေးအကြောင်း ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များကို လက်လှမ်းမီရရှိရေ ကင်းလွတ်ခွင့်ရှိသည်။ အခြားတစ်ဖက်တွင် ကန်ထရိုက် စာချုပ်အားလုံး လစာများ၊ လျော်ကြေးပေးခြင်း နှင့် အသုံးစရိတ်များ စာရင်းသည် အများပြည်သူနှင့် သက်ဆိုင်ပါသည်။

၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော အော်စလိုကွန်ဖရင့်က ချမှတ်ခဲ့သည့်အတိုင်း အပြည်ပြည်ဆိုင်ရာ အကြံပေးအဖွဲ့၏ အစီရင်ခံစာက ထောက်ခံ အကြံပြုခဲ့သည့် အဆိုပြုထားသော ဘုတ်အဖွဲ့တွင် အကြံပြုခဲ့သည်မှာ "အဆိုပြုထားသော ဘုတ်အဖွဲ့တွင် ကိုယ်စားပြု နယ်ပယ်တစ်ခုစီက ၎င်းတို့မည်ကဲ့သို့ကိုယ်စားပြု ပါဝင်လိုသည်ကို သဘောတူညီ သင့်ပါသည်။ ဤအချက်က ကိုယ်စားပြုနယ်ပယ် တစ်ခုစီက (၁) ကိုယ်စားလှယ်များအဖြစ် ရွေးချယ်ခံရန် နှင့် (၂) ရွေးချယ်ရေး လုပ်ငန်းစဉ်တွင် ပါဝင်ရန် ၎င်းတို့၏ အရည်အချင်း ပြည့်မီမှု ကို မည်ကဲ့သို့အဓိပ္ပါယ် ဖွင့်ဆိုမည်ဆိုသည့် ကြိုတင် စဉ်းစားသုံးသပ်မှု လိုအပ်ပါသည်။"

ကိုယ်စားပြုနယ်ပယ်များကို အီးအိုင်တီအိုင်အသင်းဖွဲ့စည်းမျဉ်းတွင် အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ယင်းက အသင်းတွင် ကိုယ်စားပြု နယ်ပယ်များ၏ အဖွဲ့ဝင် ဖြစ်မှု အရွယ်အစား နှင့် အီးအိုင်တီအိုင် ဘုတ်အဖွဲ့တွင် နေရာအရေအတွက် တို့ကိုလည်း ဆုံးဖြတ်ပေးထားပါသည်။ အချို့သော အီးအိုင်တီအိုင် ကိုယ်စားပြုနယ်ပယ်များကို အလွတ်သဘော ထပ်မံခွဲစိတ်ထားပါသည်။

ကိုယ်စားပြုနယ်ပယ်များ ၊ ကိုယ်စားပြုနယ်ပယ်ခွဲများအတွက် နောက်ဆုံးအခြေအနေ လမ်းညွှန်ချက်များကို အီးအိုင်တီအိုင် ဝက်ဘ်ဆိုဒ် **www.eiti.org/about/governance** တွင် ရရှိနိုင်ပါသည်။

## ၁။ အကျယ်အဝန်း

အီးအိုင်တီအိုင် ဘုတ်အဖွဲ့ အဖွဲ့ဝင်မိသားစု အားလုံး ၄င်းတို့၏အရင်အဖွဲ့ဝင်အားလုံး အီးအိုင်တီအိုင် အသင်း၏ အဖွဲ့ဝင်အားလုံး၊ အတွင်းရေးမှူး ရုံးဝန်ထမ်း (အမျိုးသားနှင့် အပြည်ပြည်ဆိုင်ရာ) အားလုံးနှင့် သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့များ၏ အဖွဲ့ဝင်အားလုံး (အောက်တွင် "အီးအိုင်တီအိုင်ရုံး ပိုင်ဆိုင်သူများ" သည် ဤ ကျင့်ဝတ် စည်းကမ်းကို လိုက်နာရမည်။

## ၂။ ပုဂ္ဂိုလ်တစ်ဦးချင်း အပြုအမူ၊ ရိုးသားဖြောင့်မတ်မှုနှင့် တန်ဖိုးများ

အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူများသည် ရိုးသားဖြောင့်မတ်မှု နှင့် ကိုယ်ကျင့် သိက္ခာကို အမြင့်ဆုံး စံနှုန်းဖြင့် လိုက်နာရမည်ဖြစ်ပြီး ရိုးသားမှုနှင့် ပိုင်ဆိုင်မှုဖြင့် ဆောင်ရွက်ရမည်။ အချိန်တိုင်း၌ အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူများ၏ ပုဂ္ဂလိက နှင့် အတတ်ပညာရှင်ဆိုင်ရာ အပြုအမူသည် ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံ တာဝန်ယူမှုအတွက် အပြည်ပြည်ဆိုင်ရာ စံနှုန်းတစ်ခုကို မြှင့်တင်သည့် အသင်းတစ်သင်း၏ ရုံးပိုင်ဆိုင်သူများအဖြစ် ၄င်းတို့ အဆင့်အတန်းကို လေးစားယုံကြည်မှုရှိစွာ ညွှန်ကြား ဆောင်ရွက်သင့်ပြီး အီးအိုင်တီအိုင်၏ ကောင်းမွန်သော စီမံအုပ်ချုပ်မှုကို ထောက်ကူပံ့ပိုးပေးသင့်ပါသည်။ အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူများ အချိန်တိုင်းကို ၄င်းတို့ကိုယ် ၄င်းနမူနာအနေဖြင့် ဦးဆောင်သူများဖြစ်အောင် နစ်မြှုပ်လုပ်ကိုင်သင့်ပါသည်။ အီးအိုင်တီအိုင်၏ မစ်ရှင်နှင့် အကျိုးစီးပွားတို့ကို ကောင်းမွန်သော ယုံကြည်မှုနှင့် ရိုးသားမှု ရိုးသားဖြောင့်မတ်မှု ၄င်းတို့၏ ရိုးသားဖြောင့်မတ်မှု နှင့် အီးအိုင်တီအိုင်၏ ရိုးသားဖြောင့်မတ်မှုတို့အပေါ်တွင် အများပြည်သူ၏ ယုံကြည်မှုကို ထိန်းသိမ်းမြှင့်တင်နိုင်မည့် လျော်ကန်သော လုံ့လဝီရိယနှင့် လက်တွေ့ကျသော လုပ်ရည်ကိုင်ရည်တို့ဖြင့် ကိုယ်စားပြု ဆောင်ရွက်သင့်ပါသည်။ အချိန်တိုင်း၌ ကောင်းမွန်သော ရပ်တည်မှုပေါ်တွင် ဆက်လက် တည်မြဲ နေမည်မှာ အသေအချာဖြစ်ပါသည်။

## ၃။ လိုက်နာမှု

အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူများသည် တည်ဆဲ အမျိုးသား ဥပဒေများနှင့် စည်းမျဉ်းများ နှင့် အီးအိုင်တီအိုင် စည်းမျဉ်းများ အကျိုးစီးပွားများ နှင့် ရည်မှန်းချက်များကို လိုက်နာ၍ အီးအိုင်တီအိုင်အတွက် ၄င်းတို့၏ တာဝန်များကို ထမ်းဆောင်ရပါမည်။

## ၄။ အခြားပုဂ္ဂိုလ်များအား လေးစားမှု

အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူများသည် လူ့ဂုဏ်သိက္ခာ၊ အီးအိုင်တီအိုင် ဆက်နွယ်သော လိုအပ်ချက်များနှင့် အခြားပုဂ္ဂိုလ်များ၏ ပုဂ္ဂိုလ်ရေး ဘဝများကို လေးစားရပါမည်။ လုပ်ဖော်ကိုင်ဖက်များ၊ အခြားအီးအိုင်တီအိုင် ဌာနများ မှ အဖွဲ့ဝင်များ၊ ဝန်ထမ်းအဖွဲ့ဝင်များ၊ ပြည်သူလူထု နှင့် အီးအိုင်တီအိုင်အတွက် တာဝန်များ ထမ်းဆောင်နေသည့် ကာလအတွက် ဆက်သွယ်လာသည့် မည်သူမဆို နှင့် ဆက်ဆံရာ၌ သင့်လျော် သော လုပ်ပိုင်ခွင့် နှင့် ကောင်းမွန်သော အဆင်ခြင်တုံတရားကို အသုံးပြုရပါမည်။

## ၅။ ကျွမ်းကျင်ပိုင်ဆိုင်မှု

အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူများသည် သူ(သို့) သူမအားပေးအပ်ထားသာ တာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ နှင့် အချိန်မီ ဆောင်ရွက်သင့်ပါသည်။ ကျွမ်းကျင်ပိုင်နိုင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းရပ်များတွင် ပုံမှန် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် သူ(သို့) သူမ ၏ အမြင့်ဆုံး အားထုတ်ကြိုးပမ်းမှု ပြုသင့်ပါသည်။

## ၆။ ခွဲခြားဆက်ဆံမှု

အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူများသည် အီးအိုင်တီအိုင်အတွက် ၄င်းတို့၏ တာဝန်များကို ထမ်းဆောင်နေသည့် ကာလအတွင်း ဆက်သွယ်လာရောက်ကြသည့် မည်သူကိုမဆို မည်သည့်ခွဲခြား ဆက်ဆံမှု (သို့) နှောင့်ယှက်သည့် အပြုအမူဖြင့် တွေ့ထိ ဆက်ဆံခြင်း (သို့) ပြုလုပ်ခြင်း မပြုရပါ။

## ၇။ လျှို့ဝှက်ထားရန် လိုအပ်သော အခွင့်အရေး

အီးအိုင်တီအိုင် ရုံး ပိုင်ဆိုင်သူများသည် အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူအဖြစ် သူ (သို့) သူမ သို့ဖြည့်ဆည်းပေးထားသော မည်သည့် သတင်းအချက်အလက်များကိုမဆို ယင်းတို့သည် အများပြည်သူထံသို့ သူ(သို့) သူမ ၏ တာဝန်များအရ ပံ့ပိုးခြင်း ထက်မည်သည့်နည်းနှင့်မျှ ရောက်ရှိခြင်း မရှိသေးလျှင် အသုံးမပြုရပါ။ အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူများသည် ၎င်းတို့၏ လုပ်ပိုင်ခွင့် ကုန်ဆုံးပြီးနောက် နှစ်နှစ်ကြာ ကာလအတွက် ဤတာဝန်သည် ဆက်လက်တည်မြဲပါသည်။

## ၈။ အီးအိုင်တီအိုင် အသင်းကျင့်ဝတ်စည်းကမ်း

အီးအိုင်တီအိုင် အရင်းအမြစ်များ အသုံးစရိတ် နှင့် အီးအိုင်တီအိုင် ပစ္စည်းသုံးစွဲမှု အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူများသည် ငွေအတွက် တန်ဖိုးအခြေခံသဘောတရားကိုလေးစားပြီးအီးအိုင်တီအိုင်အတွက်နှစ်မြှုပ်ထားသောရန်ပုံငွေများကိုသုံးစွဲမှုကိုတာဝန်ယူရမည်။ မည်သည့် အီးအိုင်တီအိုင်ရုံး ပိုင်ဆိုင်သူကိုမဆို အီးအိုင်တီအိုင် ပစ္စည်းများ (သို့) အရင်းအမြစ်များကို အလွဲ အသုံးပြုခြင်းမပြုရ အချိန်တိုင်း၌ အီးအိုင်တီအိုင် ပစ္စည်းများ လုံခြုံအောင် ထိန်းသိမ်းရမည်ဖြစ်ပြီး မည်သူ့ကိုမဆို ယင်းပစ္စည်း များကို လက်ဝယ်ထားရှိခြင်း (သို့) အသုံးပြုရန် မလျော်ကန်သောနည်းဖြင့် ခွင့်ပြုခြင်းမပြုရ။ အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူများသည် အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူ တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်မှုနှင့် ဆက်နွယ်သည့် အမှန်တကယ် ခရီးသွားစရိတ်၊ လုပ် ငန်းလုပ်ဆောင်မှု စရိတ်နှင့် အခြားစရိတ်များအတွက် အမှန်တကယ် အသုံးစရိတ်ကိုသာလျှင် တောင်းခံရပါမည်။ အပြည့်အဝထုတ်ဖော်တင်ပြခြင်းနှင့် အီးအိုင်တီအိုင် ဘုတ်အဖွဲ့ (သို့) အီးအိုင်တီအိုင် သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့၏ ကြိုတင်အတည်ပြုချက်များ ရရှိပြီးမှ သာလျှင် အီးအိုင်တီအိုင်ရုံး ပိုင်ဆိုင်သူများသည် အီးအိုင်တီအိုင်သို့ ရောင်းချသူ တစ်ဦးအဖြစ် အီးအိုင်တီအိုင်သို့ ကုန် ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ပေးသွင်းရမည်။

## ၉။ အကျိုးစီးပွား ပဋိပက္ခဖြစ်မှု

အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူများသည် အချိန်တိုင်း၌ အီးအိုင်တီအိုင်၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ဆောင်ရွက်ကြရပါမည်။ ပုဂ္ဂိုလ်ရေး နှင့် ပုဂ္ဂလိက အကျိုးအမြတ် (သို့) ဘဏ္ဍာရေးချမ်းသာမှုစသည့် မိမိအကျိုးစီးပွားများအတွက် ဆောင်ရွက်ခြင်း မဖြစ်စေရ အီးအိုင်တီအိုင်ရုံး ပိုင်ဆိုင်သူများသည် ပုဂ္ဂလိက အကျိုးစီးပွား ပဋိပက္ခဖြစ်မှုကို ရှောင်ရှားရပါမည်။ ဤကျင့်ဝတ်စည်းကမ်းများအတွက် ရည်ရွယ်ချက်အတွက် အကျိုးစီးပွား ပဋိပက္ခဆိုသည်မှာ အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူများ၏ အကျိုးစီးပွားက ၎င်းတို့၏ အီးအိုင်တီအိုင် တရားဝင် တာဝန်များ၏ ရည်မှန်းချက်များနှင့် ဘက်မလိုက်သော ဆောင်ရွက်ချက်များကို ဩဇာသက်ရောက် (သို့) ဩဇာသက်ရောက်နိုင်သော ရာထူးနေရာတစ်ခု (သို့) အခြေအနေ တစ်ရပ်ဖြစ်ပါသည်။ ဤ ပတ်သက်မှုတွင် ပုဂ္ဂလိက အကျိုးစီးပွားများတွင် ၎င်းတို့ကိုယ်တိုင် ၎င်းတို့ မိသားစုများ နှင့် ၎င်းတို့ နီးစပ်သူများအတွက် မည်သည့် အကျိုးကျေးဇူးဖြစ်ထွန်းမှုကိုမဆို ပါဝင်ပါသည်။ အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူများ သည် မိမိတို့ကိုယ် မိမိ ယင်းအခြေအနေတွင် ရှိနေကြောင်း တွေ့ရှိလျှင် မိမိတို့ကိုယ် မိမိ **recuse** လုပ်ပြီး ၊ အီးအိုင်တီအိုင် ဘုတ်အဖွဲ့ (သို့မဟုတ်) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သို့ ယင်း**recusal**ကိုအသိပေးရပါမည်။အီးအိုင်တီအိုင်ဘုတ်အဖွဲ့အဖွဲ့ဝင်များအတွက်အီးအိုင်တီအိုင်ဘုတ်အဖွဲ့အဖွဲ့ဝင်များအတွက် အီးအိုင်တီအိုင် ယင်းဖွဲ့စည်းမျဉ်းအပိုဒ် ၅.၆ တွင် သတ်မှတ်ထားသည့် စည်းမျဉ်းများကို အသုံးချရန် ဖြစ်ပါသည်။ အထူးအားဖြင့် အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူများသည် ဤလမ်းညွှန်ချက်များကို လိုက်နာရပါမည်။

အီးအိုင်တီအိုင်၏ အထက်တွင် တစ်ဦးဦး၏ကိုယ်ကျိုးစီးပွား သို့မဟုတ် မည်သည့် တတိယပါတီ (အဖွဲ့) အကျိုးစီးပွားနေရာပေးခြင်း နှင့် နေရာပေးမှု ဖြစ်ပေါ်စေခြင်းမှ ရှောင်ရှားခြင်း အီးအိုင်တီအိုင်နှင့် ဆက်နွယ်သော လုပ်ငန်းရပ်များမှ စီးဆင်းလာနိုင်သော အသေးအဖွဲ့ပုဂ္ဂလိက သို့မဟုတ် တတိယပါတီ (အဖွဲ့) အကျိုးအမြတ် ရရှိခြင်း ယင်းအကျိုးအမြတ်သည် အီးအိုင်တီအိုင်နှင့် ယင်း၏ ရည်ရွယ်ချက်များ အတွက် အခြေခံ / မူလ အကျိုးအမြတ်အတွက် အသေးအဖွဲ့ အကျိုးအမြတ်သာ ဖြစ်ရပါမည်။ မည်သည့်အတွက် စရိတ်မဆို သတ်မှတ်ခြင်း၊ ပေးချေခြင်း နှင့် ရယူခြင်းတို့သည် မျှတသော အမှန်တကယ်ကုန်ကျစရိတ်များနှင့် ကောင်းမွန်သော အပြည်ပြည်ဆိုင်ရာ လုပ်နည်း လုပ်ဟန် ပေါ်တွင် အခြေခံသင့်ပါသည်။

ပေးအပ်ထားသော အခွင့်အာဏာ ဘောင်ကျော်ခြင်းမှ ရှောင်ကျဉ်ပါ၊ ရုံးပိုင်ဆိုင်သူများသည် အီးအိုင်တီအိုင် အသင်း (သို့) အီးအိုင်တီအိုင် ဝန်ထမ်းများ အီးအိုင်တီအိုင် အသင်း (သို့) အီးအိုင်တီအိုင် ဝန်ထမ်းများ ဝန်ဆောင်မှုများ (ရုံးသုံး)ပစ္စည်းများ အရင်းအမြစ်များ၊ (သို့) ပစ္စည်းများကို မိမိ၏ ပုဂ္ဂိုလ်ရေး (သို့) တတိယပါတီ (အဖွဲ့)၏ အကျိုးအမြတ် (သို့မဟုတ်) ပျော်ရွှင်မှုအတွက် မမှန်မကန် အသုံးပြု၍ အီးအိုင် တီအိုင်ရုံးကို အလွဲအသုံးမပြုရပါ။ အီးအိုင်တီအိုင်ရုံးပိုင်ဆိုင်သည့် ၄င်းတို့အား အီးအိုင်တီအိုင်ရုံး ပိုင်ဆိုင်သူ တစ်ဦးအဖြစ် ပေးအပ်ထားသော အမိန့်အာဏာကို အမှန်အပ်နှင်းထားသည့် အာဏာထက်ကျော်လွန်၍ တတိယပါတီများ (အဖွဲ့များ)ကို ကိုယ်စားမပြုရပါ။ တိုက်ရိုက် သော်လည်းကောင်း သွယ်ဝိုက်သော်လည်းကောင်း အီးအိုင်တီအိုင်အား ရုပ်ဝတ္တုအားဖြင့် ဆန့်ကျင်အကျိုးသက်ရောက်စေမည့် မည်သည့်ပြင်ပပုဂ္ဂလိကရေးရာ လုပ်ငန်းရပ်များတွင် မဆို ထိတွေ့ဆက်ဆံလုပ်ကိုင် ခြင်း မပြုရ။

## ၁၀။ လက်ဆောင်များ ခရီးသွားအစီအစဉ်များနှင့် ဧည့်ဖျော်ဖြေခြင်းများ

အီးအိုင်တီအိုင်ရုံးပိုင်ဆိုင်သူများသည် လက်ဆောင်များ၊ သဒ္ဒါကြေး များ၊ အခမဲ့ ခရီးသွားအစီအစဉ်များ၊ ဥာဏ်ပူဇော်ခများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများကို တောင်းခံခြင်း (သို့) လက်ခံခြင်းမပြုရပါ။

အီးအိုင်တီအိုင် ဆက်စပ်သည့် အရေးကိစ္စများနှင့် ပတ်သက်သော အလှူရှင်အား အထူးဂရုစိုက်ဆောင်ရွက်ပေးရန် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက် မက်လုံးတစ်ခုဖြစ်သည်ဟု ရည်ရွယ်၊ သို့မဟုတ် သတိမူမိနိုင်သော မည်သည့် ပုဂ္ဂလိက (သို့) အဖွဲ့တစ်ခုမဆိုအတွက် မည်သည့် တန်ဖိုးရှိသော အခြားပစ္စည်းများကို တောင်းခံခြင်း (သို့) လက်ခံခြင်းမပြုရပါ။

အီးအိုင်တီအိုင် တာဝန်ဝတ္တရားများ ထမ်းဆောင်ခြင်းနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း၊ ဆက်နွယ်၍ အမေရိကန် ဒေါ်လာ ၁၀၀ တန်ဖိုးအထက်ရှိ မည်သည့် လက်ဆောင်များ၊ အခမဲ့ ခရီးသွားလာရေး အစီအစဉ်များ (သို့မဟုတ်) အခြားလျော်ကြေး ကမ်းလှမ်း (သို့) ရရှိခြင်းကိုမဆို အီးအိုင်တီအိုင် ဘုတ်အဖွဲ့ (သို့) သက်ဆိုင်ရာ သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်းအဖွဲ့ (အပြည်ပြည် ဆိုင်ရာ သို့မဟုတ် အမျိုးသား အဆင့်အတွင်းရေးမှူးရုံးများမှတစ်ဆင့်)ကြေငြာသင့်ပါသည်။ မည်သည့် လက်ဆောင် ကမ်းလှမ်းမှု (သို့) ရရှိမှုသည် သတ်မှတ်သည်ထက် ကျော်လွန်ပါက ယင်းကို ငြင်းပယ်သင့်ပါသည်။ ကမ်းလှမ်း ချက်တစ်ခုကို ငြင်းပယ်ရန် မလျော်ကန်သည့် အခြေအနေ အဘယ်ကြောင့်ဆိုသော် ယင်းက အလှူရှင်အား ကသိကအောက် သိသိသာသာ ဖြစ်စေနိုင်သော အကြောင်းကြောင့် ဆိုပါက လက်ဆောင်ကို အီးအိုင်တီအိုင် အတွင်းရေးမှူးရုံး (သို့) သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်း အဖွဲ့သို့ ပေးအပ်သင့်ပါသည်။

## ၁၁။ အကောင်အထည်ဖော်ခြင်း

အီးအိုင်တီအိုင် ဘုတ်အဖွဲ့ သက်ဆိုင်ရာ အီးအိုင်တီအိုင် သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်းအဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာ (သို့) အမျိုးသား အဆင့်အတွင်း ရေးမှူးရုံးများသည် ဤကျင့်ဝတ်စည်းကမ်းများအား အီးအိုင်တီအိုင် ရုံးပိုင်ဆိုင်သူများ ရင်းနှီးကျွမ်းဝင်စေရေး ပြုလုပ်ပေးရန် အတွက် အကြံပေး ရန်အတွက်နှင့် လိုအပ်ပါက အမိပွါယ်ဖွင့် ဆိုချက်ပေါ်တွင် လေ့လာသင်ကြားပေးခြင်း ထိုမှတစ်ဆင့် အကောင်အထည် ဖော်ခြင်း အတွက်တာဝန်ရှိပါသည်။ ဤကျင့်ဝတ်စည်းကမ်းများကို အီးအိုင်တီအိုင် ရုံးသက်ဆိုင်သူများ ရင်းနီးကျွမ်းဝင်စေရေး ပြုလုပ်ပေးရန် တာဝန်ရှိသော အီးအိုင်တီအိုင် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့များ အပါအဝင် အဖွဲ့အစည်းများသည် အီးအိုင်တီအိုင်ရုံး ပိုင်ဆိုင်သူများ အနေဖြင့် ကျင့်ဝတ်စည်းကမ်းကို ရင်းနီးကျွမ်းဝင်ကြောင်း နှင့် ယင်း၏ အကောင်အထည် ဖော်မှုတို့ကို ဘုတ်အဖွဲ့သို့ အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူး ရုံးမှတစ်ဆင့် နှစ်စဉ် အတည်ပြု၍ အစီရင်ခံစာ တင်ပြသင့်ပါသည်။

## ၁၂။ အစီရင်ခံစာ တင်ပြခြင်း

ဤကျင့်ဝတ်စည်းကမ်းအား အဓိပ္ပါယ် ဖွင့်ဆိုချက် အကောင်အထည်ဖော်ခြင်း သို့မဟုတ် ဖြစ်နိုင်ဖွယ်ချိုးဖောက်မှုနှင့် သက်ဆိုင်သည့် အီးအိုင်တီအိုင်ရုံး ပိုင်ဆိုင်သူများသည် ယင်းအရေးကိစ္စများကို အနီးဆုံး အီးအိုင်တီအိုင်ဌာနမှ အလေးထားလာစေရန် တင်ပြရပါမည်။ အီးအိုင်တီအိုင် ဘုတ်အဖွဲ့၏ အလေးဂရုပြုမှုဖြစ်စေသော အရေးကိစ္စများတွင် ဘုတ်အဖွဲ့သည် အခြေအနေများကို

ဆင်ခြင် သုံးသပ်မည် ဖြစ်ပြီး အီးအိုင်တီအိုင် အခြေခံမူများ အီးအိုင်တီအိုင် စံနှုန်းများနှင့် သင်းဖွဲ့စည်းမျဉ်းတို့နှင့် အညီ အရေးယူရန် လိုအပ်ခြင်း ရှိမရှိ ဆင်ခြင်သုံးသပ်စဉ်းစားပါလိမ့်မည်။ မည်သည့် ယင်းသက်ဆိုင်မှုကိုမဆို အနီးဆုံး အီးအိုင်တီအိုင်ဌာနသို့ မေးမြန်းရန် သက်သေသင့်သက်သာ မရှိသော မည်သူမဆို ၄င်းတို့၏ သက်ဆိုင်ရာကိစ္စရပ်များကို ၄င်းတို့၏ စီမံအုပ်ချုပ်မှု ကော်မတီနှင့် ယင်း၏ ဥက္ကဋ္ဌမှ တစ်ဆင့် အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အလေးထား ဆောင်ရွက်ပေးရန် တင်ပြနိုင်သည်။



အီးအိုင်တီအိုင်အခြေခံမူများကို ကျွန်ုပ်ဖတ်လိုက်ရသောအခါ အီးအိုင်တီအိုင်ဥက္ကဋ္ဌ(သဘာပတိ)၏အခန်းကဏ္ဍက ကျွန်ုပ်အားဆွဲဆောင်ခဲ့ပါသည်။ ယင်းတို့ကဖော်ပြသည့်အချက်မှာ နိုင်ငံတစ်နိုင်ငံ၏ တွင်းထွက်သယံဇာတအရင်းအမြစ်များမှ ဖြစ်ထွန်းလာသည့်ဓနသည် ၎င်းနိုင်ငံ၏ နိုင်ငံသား အားလုံး၏ အကျိုးဖြစ်စေသင့်ပြီး ဤကဲ့သို့ဖြစ်စေရန် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံ၊ တာဝန်ယူမှုတွင် မြင့်မားသောစံနှုန်းများ လိုအပ်ပါသည်။ အီးအိုင်တီအိုင်စံနှုန်းပဋ္ဌမမူတွင်ထိုအခြေခံမူများနှင့် အီးအိုင်တီအိုင် လုပ်ငန်းလုပ်ကိုင်ခြင်းတို့အကြား ချိန်ဆက်မှုကို နက်ရှိုင်းမှုရှိစေရန် ကြိုးပမ်းထားပါသည်။

ဤ ၂၀၁၆ မူက စံနှုန်းကို ပိုမိုဖွံ့ဖြိုးတိုးတက်စေပါသည်။ ပထမအချက်အနေဖြင့် အီးအိုင်တီအိုင် အစီရင်ခံစာ တင်ပြခြင်းမှ တစ်ဆင့် လုပ်ငန်းစဉ်ကြောင့် ၎င်းတို့အားဝန်ထုပ်ဝန်ပိုး ဖြစ်စေခြင်းထက်  နိုင်ငံများအား အီးအိုင်တီအိုင် အချက် အလက်ကောက်ယူခြင်းအတွက် ၎င်းတို့၏လက်ရှိအစီရင်ခံစာတင်ပြခြင်း စနစ်များနှင့် လုပ်နည်းလုပ်ဟန်များပေါ်တွင် တည် ဆောက်ရန်အားပေးခြင်း ဖြစ်ပါသည်။ ဤအချက်က အီးအိုင်တီအိုင် အချက်အလက် များအား ပိုမိုအချိန်မီ အားကိုးထိုက်ပြီး လက်လှမ်းမီစေကာ အီးအိုင်တီအိုင် လုပ်ငန်းစဉ်ကို ကုန်ကျစရိတ်အားဖြင့် ပိုမိုထိရောက်စွမ်း ဆောင်ရည်ပြည့်ဝစေလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ဒုတိယအချက်အနေဖြင့် စံနှုန်းအသစ်က အခွန်အကောက်ပွင့်လင်းမြင်သာမှု ကုန်စည်ကုန်သွယ်ရေးနှင့် လိုင်စင်ချထားပေးခြင်း အပါအဝင် တွင်းထွက်သယံဇာတ အရင်းအမြစ် စီမံခန့်ခွဲမှု၏ ရှုထောင့်အားလုံးတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံ၊ တာဝန်ယူမှုများကို ပိုမိုရရှိအောင် ဆောင်ကျဉ်းပေးနိုင်မည့် တိုးတက်မှုအတွက် ပလက်ဖောင်းတစ်ခုအဖြစ် အီးအိုင်တီအိုင်၏ ဆက်လက်ရှင်သန်တိုးတက်မှုကို ဖွံ့ဖြိုးစေရန် ကြိုးပမ်းပါသည်။ ယင်းတွင် အီးအိုင်တီအိုင် နိုင်ငံများတွင် လုပ်ကိုင်နေကြသော ရေနံ၊ ဓာတ်ငွေ့နှင့် ဓာတ်သတ္တုတူးဖော်ရေးကုမ္ပဏီများ၏ ပိုင်ရှင်အစစ်အမှန်များ၏ ရပ်တည်မှုကို သေချာစေသည်။ အကျိုးခံစားခွင့်ရှိသည့် ပိုင်ဆိုင်မှု (ပိုင်ရှင်)နှင့် ပတ်သက်၍ ထုတ်ဖော်အသိပေးရန် လိုအပ်ချက်များကို ဖော်ထုတ်လိုက်ခြင်းအားဖြင့် ယခုအချိန်မှစ၍ အများပြည်သူသို့ အသိပေးမည့်အချက် ပါဝင်ပါသည်။ ကျွန်ုပ်တို့အားလုံး ကောင်းစွာသိရှိပြီးဖြစ်သည့် အမည်မဖော်ပြလိုသော ကုမ္ပဏီများက အဂတိလိုက်စားမှုကို လောင်စာထည့်ပေးခြင်း ငွေကြေးခဝါချခြင်းနှင့် အခွန်ရှောင်ခြင်းများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဤစိန်ခေါ်ချက်များကို ဦးတည်ဖြေရှင်းနိုင်ရန် အီးအိုင်တီအိုင်နိုင်ငံများအား ကတိကဝတ်ပြုကြသည့်အတွက် ကျွန်ုပ်ကချီးကျူးပါသည်။

အစီရင်ခံစာများ ပုံနှိပ်ထုတ်ဝေဖြန့်ချိရေးသည် ၎င်း၏ပန်းတိုင်တစ်ရပ်မဟုတ်ပါ။ အီးအိုင်တီအိုင် အစီရင်ခံစာများတွင် အခွန်ကောက်ခံမှုစနစ်များ၊ စာရင်းစစ်ဆေးခြင်းလုပ်ထုံးလုပ်နည်းများနှင့် အခြားဥပဒေနှင့် စီမံရေးရာ ပြုပြင်ပြောင်းလဲမှုများအား ပိုမိုကောင်းမွန် အောင် မြှင့်တင်နိုင်ရန် သတင်းအချက်အလက်များနှင့် မူဝါဒဆိုင်ရာထောက်ခံအကြံပြုချက်များအား အများပြည်သူထံသို့ သတင်းပြန်ကြားပေးရန်နှင့် အပြန်အလှန်ဆွေးနွေးမှုကို ဖြစ်ပေါ်စေရန် ဆက်သွယ်ဖြန့်ချိအသုံးပြုစေခြင်း၏ အရေးပါမှုကို ထောက်ပြပါ သည်။


နောက်ဆုံးအချက်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ရေ့ပြေးစမ်းသပ်ဆောင်ရွက်မှုများ ပြုလုပ်ပြီးသည့်နောက် ဤစံနှုန်းက အီးအိုင်တီအိုင်လိုအပ်ချက်များထက် ကျော်လွန်ဆောင်ရွက်ရန် ကြိုးပမ်းချက်များအား ပိုမိုအသိအမှတ်ပြုရန်နှင့်  အီးအိုင်တီအိုင်လိုအပ်ချက်များအား လိုက်နာဆောင်ရွက်ရန် ယခုအထိ မအောင်မြင်သေးသည့် အီးအိုင်တီအိုင်နိုင်ငံများအတွက် သင့်တော်မျှတသော အကျိုးဆက်များကို ချမှတ်ပေးပါသည်။

ဤဖွံ့ဖြိုးမှုများကို များစွာသောကွဲပြားခြားနားသည့် အကျိုးစီးပွားများအကြား ကြမ်းတမ်းခက်ခဲသော စေ့စပ်ညှိနှိုင်းမှုမှတစ်ဆင့် ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ကျေးဇူးတင်ရမည့်သူများမှာ ယခင်အီးအိုင်တီအိုင် ဘုတ်အဖွဲ့နှင့် ယင်းအဖွဲ့၏ဥက္ကဋ္ဌ ကလဲရ်ရှော့ **(Clare Short)** တို့ ဖြစ်ပါသည်။ ဥက္ကဋ္ဌအသစ်တစ်ဦးအဖြစ် စံနှုန်းကိုအကောင်အထည်ဖော်ရန် နိုင်ငံများနှင့် အလုပ်လုပ်ကိုင်ရန်နှင့် အီးအိုင်တီအိုင်အား ဗျူရိုကရေစီနည်းနည်းဖြင့် အစိုးရစနစ်များတွင် ပိုမိုပေါင်းယှက်စုစည်းဆောင်ရွက်ခြင်း၊ ထောက်ခံအကြံပြုချက်များကို ပြုပြင်ပြောင်းလဲမှုများအဖြစ်သို့ ကူးပြောင်းခြင်းနှင့် သတင်းအချက်အလက်များ၏ အရည်အသွေးနှင့် အများပြည်သူအပြန်အလှန်ဆွေးနွေးမှုတို့ကို မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရန်မျှော်လင့်ပါသည်။

ပုံ 

ဖရက်ဒရစ်ရိန်းဖဲ့လ်တ် **(Fredrik Reimfeldt)** အီးအိုင်တီအိုင် ဘုတ်အဖွဲ့၏ဥက္ကဋ္ဌ

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်




ကမ္ဘာမြေပုံနှင့် အီးအိုင်တီအိုင် နိုင်ငံများ

အီးအိုင်တီအိုင် (သဘာဝသယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး) စံနှုန်းများသည် နိုင်ငံများ၏ ရေနံ ဓာတ်ငွေ့နှင့် ဓာတ်သတ္တု သယံဇာတအရင်းအမြစ်များ ပွင့်လင်းမြင်သာမှု သေချာစေသည့် အပြည်ပြည် ဆိုင်ရာ စံနှုန်းတစ်ရပ် ဖြစ်ပါသည်။

အကောင်ထည်ဖော်သည့်အခါ အီးအိုင်တီအိုင်သည် သဘာဝသယံဇာတ အရင်းအမြစ်များ မှ အစိုးရ၏ အခွန်အကောက်ရငွေများ အပြည့်အဝ ထုတ်ဖော်တင်ပြမှုကို ထင်ရှားစေပါသည်။

ဤအီးအိုင်တီအိုင် စံနှုန်းတွင် အပိုင်းနှစ်ပိုင်းပါဝင်ပါသည်။ အပိုင်း (၁) တွင် အီးအိုင်တီအိုင် စံနှုန်းအကောင်အထည်ဖော်ဆောင်ခြင်း နှင့် အပိုင်း (၂) စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု

အပိုင်း (၁) အီးအိုင်တီအိုင်စံနှုန်း အကောင်အထည်ဖော်ခြင်းတွင် ပါဝင်သည့် ခေါင်းစဉ်များမှာ

၁။ အီးအိုင်တီအိုင် အခြေခံမူများ၊ ယင်းတို့ကို ၂၀၀၃ ခုနှစ်တွင် ပါဝင်ပတ်သတ်ဆက်စပ်သူအားလုံးသဘောတူညီခဲ့ကြပါသည်။ ဤအခြေခံမူများက အကျိုးဆက်စပ်ပတ်သက်သူများက လိုက်နာရမည့် အထွေထွေရည်ရွယ်ချက်များနှင့် ကတိကဝတ် ပြုချက်များကို ချမှတ်ပေးပါသည်။

၂။ အီးအိုင်တီအိုင်လိုအပ်ချက်များ၊ အီးအိုင်တီအိုင် အကောင်အထည်ဖော်မည့် နိုင်ငံများက လိုက်နာရမည့် အချက်များဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်၊ အီးအိုင်တီအိုင် စံနှုန်းတွင် ဖော်ပြထားသည့် လိုအပ်ချက်များ၌ မရေမရာ ဒွိဟဖြစ်သော အချက်များနှင့် ရှေ့နောက် မညီညွတ်သည့် အချက်များကို ရှင်းလင်းဖော်ဆောင်ရန် သေးသွယ်သော ပြင်ဆင်ချက်အချို့ကို ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် လိုအပ်ချက်များကို ပြန်လည်စီစဉ်ရေးဆွဲပြီး ယခု တွင်းထွက်သယံဇာတ တူးဖော်ထုတ် လုပ်ရေး တန်ဖိုးကွင်းဆက် ပုံစံအားဖြင့်တင်ပြ ထားပါသည်။ နောက်ဆုံးတွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် နိုင်ငံများအတွက် လိုက်နာခြင်းနှင့် လုပ်ငန်းပြီးစီးရန် သတ်မှတ်ထားသည့် အချိန်ဟုခေါ်သော အပိုဒ်ကို ထပ်မံထည့်သွင်းထားပြီး အကောင်အထည်ဖော်မည့် နိုင်ငံများ လိုက် နာရမည့် အချိန်ဇယား ဘောင် သတ်မှတ်ချက်နှင့် အီးအိုင်တီအိုင် လိုအပ်ချက်များကို လိုက်နာခြင်း မရှိ လျှင် ရရှိမည့် အကျိုးဆက်တို့ကို သတ်မှတ်ထားပါသည်။

၃။ ပြန်လည်ဆန်းစစ်အတည်ပြုခြင်းအား ခြုံငုံသုံးသပ်ချက်၊ တိုက်ဆိုင်စစ်ဆေးရာတွင် ခြုံငုံသုံးသပ်ရမည့် အဓိကသော့ ချက်ကျသောအဆင့် များကို ဖြည့်ဆည်း ပေးပါသည်။ ယင်းတို့မှာ ၂၀၀၆ ခုနှစ်က ပထမသဘောတူညီခဲ့ကြပြီး ယင်းမှစ၍ သိသာ ထင်ရှားစွာ ပြန်လည်ပြင်ဆင်ခဲ့ကြခြင်း ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံတွင် အီးအိုင်တီအိုင်ကို အကောင်အထည် ဖော်ရာ၌ ပါဝင်ပတ်သက်သူများအား အီးအိုင်တီအိုင်စံနှုန်းသတ်မှတ်ချက်များနှင့် ဆီလျော်ညီညွတ်စွာ ဆောင်ရွက် ခြင်းရှိမရှိ၊ ဘက်လိုက်မှုမရှိသည့် ပြန်လည်ဆန်းစစ်အတည်ပြုခြင်းကို ဖြည့်ဆည်းပေးပါသည်။ ပြန်လည်ဆန်းစစ်အတည်ပြုခြင်း လုပ်ထုံးလုပ်နည်းကို ပြုပြင်မွမ်းမံပြီးဖြစ်ပါသည်။ ယင်းကပြန်လည်ဆန်းစစ်အတည်ပြုခြင်းအတွက် ပဏာမ ကြိုတင်ပြင်ဆင်ခြင်းအဆင့်များကို ယခုစတင်ပြီးနောက် အီးအိုင်တီအိုင်အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံးက အချက်အလက်များကောက်ယူရေးနှင့် ပါဝင်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ဘုတ်အဖွဲ့ကခန့်အပ်သော ပြန်လည်ဆန်းစစ်အတည်ပြုခြင်းအား ဆောင်ရွက်သူက လွတ်လပ်စွာသုံးသပ်မှုတစ်ရပ်ကို ဆက်လက်ဆောင်ရွက်ပါသည်။ ဘုတ်အဖွဲ့သည် ပြန်လည်ဆန်းစစ်အတည်ပြုမှု ဆုံးဖြတ်ချက်အပြီးသတ်ကိုချမှတ်ပါသည်။ ပြန်လည်ဆန်းစစ်အတည်ပြုခြင်းလမ်းညွှန်ချက်ကို ၂၀၀၆ခုနှစ်တွင် ပထမဦးဆုံးသဘောတူညီခဲ့ကြပြီး ယင်းကအီးအိုင်တီအိုင်ဘုတ်အဖွဲ့အား အီးအိုင်တီအိုင်လိုအပ်ချက်များအား ချင့်ချိန်အကဲဖြတ်ခြင်းအပေါ်တွင် လမ်းညွှန်ချက်များကို ဖြည့်ဆည်းပေးပါသည်။ ယင်းကို စံနှုန်းတွင် နောက်ဆုံးပြောင်းလဲချက်များကိုထင်ဟပ်ရန် မွမ်းမံပြီးဖြစ်ပါသည်။

၄။ ဆက်ဆံပြုမူမှုစည်းကမ်း "အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု" အီးအိုင်တီအိုင် ဘုတ်အဖွဲ့က ၂၀၀၅ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။

၅။ ပွင့်လင်းသောအချက်အလက်မူဝါဒ ကို ၂၀၁၅ခုနှစ်၊ဒီဇင်ဘာလ (၉) ရက်နေ့တွင် အီးအိုင်တီအိုင်ဘုတ်အဖွဲ့က အတည်ပြုခဲ့ပါသည်။

အပိုင်း(၂) စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုတွင် အီးအိုင်တီအိုင်ကို မည်သို့ဖွဲ့စည်းတည်ထောင်သည်ကို အကျဉ်းချုပ်ဖော်ပြမှု ပါဝင်ပါသည်။ ထို့နောက်တွင် အီးအိုင်တီအိုင်၏ သင်းဖွဲ့ စည်းမျဉ်းပါရှိပြီး၊ အီးအိုင်တီအိုင် အဖွဲ့ဝင်များ၏ သင်းဖွဲ့ကို မည်သို့ စီမံအုပ်ချုပ်သည်ဆိုသည့် အချက်များ ပါရှိပါသည်။ ၂၀၁၃ ခုနှစ်တွင် အီးအိုင်တီအိုင် ဘုတ်အဖွဲ့က အီးအိုင်တီအိုင်၏ ပွင့်လင်းမှုကို အတည်ပြုခဲ့ပြီး၊ ယင်းကို သင်းဖွဲ့စည်းမျဉ်းများနောက်တွင် တွေ့ရှိရပါမည်။ "အီးအိုင်တီအိုင်" ကျင့်ဝတ်စည်းကမ်းကိုလည်း ထည့် သွင်းထားပါသည်။ အီးအိုင်တီအိုင်ကိုယ်စားပြုနယ်ပယ်လမ်းညွှန်ချက်များနှင့် အီးအိုင်တီအိုင်အသင်း၏ ကျင့်ဝတ်စည်းကမ်းများ လည်းပါဝင်ပါသည်။